www.burmeseclassic.com

အတွေ့ရှာပန်းခင်း

# ငှကိုလော်

## ခက်ရာ ခက်ဆစ်

ရာဇဝင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နေကိုလတ်၏ခက်ရာခက်ဆစ်ရာဇဝင်စာအုပ်ကို

**KK** ပုံနှိပ်တိုက် (၁၁၅၇၈)
တိုက်(၄၁)၊ အခန်း(၁၀၁)
ဗိုလ်ကလေးဈေးလမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး

ဒေါ်တင်တင်အေး **(ရွှက်စိမ်းစာပေ)**
(၄၃A)၊ မြေညီထပ်-၄လမ်း
(၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်ကထုတ်ဝေသည်။
အဖုံးဒီဇိုင်း - စိုးသော်တာ
ပထမအကြိမ် - ဧပြီလ ၊ ၂၀၁၄ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀ ကျပ်

နေကိုလတ် (ခက်ရာခက်ဆစ်ရာဇဝင်)
ရွှက်စိမ်းစာပေ - ၂၀၁၄
၁၃၄ - စာ၊ ၂၁ စင်တီ × ၁၅ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်တစ်ခု ခပ်နှိပ်ထားပြီဆိုရင်
လူတွေက တန်ဖိုးရှိတယ်လို့ ထင်ကြတယ်
ငါလည်း တံဆိပ်တစ်ခု ကပ်ထားတယ်


# လူ

ဒါပေမယ့် ဆိုး တစ်လုံး ထပ်တိုးတော့

# လူဆိုး

# ငွေကိုလက်

## ခက်ရာခက်ဆစ် ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးလေးတစ်ခုတော့ ပေးပါ
ရင်ဘတ်တွေ ခပ်ဟာဟာဖွင့်ပေး
စကားလုံးလေးတွေ ထည့်ပေးချင်လို့. . .

ခက်ရာခက်ဆစ်ရာဖဝင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မောင်နမ်းမယ်ကြဲ
နှပ်ချေးက ငန်ငန်
အချစ်ရယ် ထမိစုတ်နဲ့ ပြောင်ခါအောင် မယ်သုတ်လို့
ပွဲတောင်းသူ မောင့်နှာခေါင်းကြောင့်
အော့အန်မိသေး...

ရေးသူ... ထွီ

✿✍✿✍✿



တံဆိပ်တစ်ခု ခပ်နှိပ်ထားပြီဆိုရင်
လူတွေက တန်ဖိုးရှိတယ်လို့ ထင်ကြတယ်။
ငါလည်း တံဆိပ်တစ်ခု ကပ်ထားတယ်...
လူ...
ဒါပေမယ့် ဆိုးတစ်လုံးထပ်တိုးတော့...
လူဆိုး...

ခတ်ပြား

✿✍✿✍✿

www.burmeseclassic.com

www.burmeseclassic.com



"ဘဝဆိုတာ ကမ္ဘာကြီးလို လုံးနေတာပါကွာ..."

အဲဒီလူကြီးစကားကြောင့် စိတ်ထဲကနေ 'ဘားမှရဲ့ အချိုင့်ဖူး' လို့ ပြောမိပါတယ်။

နောက်တော့..မေးကြည့်မှ အဲဒီလူကြီးရဲ့နာမည်က ဦးကမ္ဘာလုံးတဲ့လေ...ဟုတ်မှာပေါ့လေ...သူ့ခံယူချက်နဲ့ သူကိုး....

ဟော...နောက်တစ်ယောက် မေးကြည့်တော့...

"ဘဝဆိုတာ လုံးလည်ချာလည်ပတ်ပြေးနေတဲ့ အပူချောင်းကြီးပါကွာ"

ကျွန်တော် ဖျတ်ကနဲတွေးပြီး ဖြတ်ကနဲ ပြောလိုက်တယ်။

"ဒါဆို ဦးလေးနာမည်က အာပူချောင်း..အဲ..အပူချောင်းဖြစ်ရမယ်..."

ထိုလူကြီးရဲ့မျက်နှာက ပန်းသီးပုတ်ကို ကားကြိတ်သလို ရှုံ့မဲ့သွားပါတယ်။ ထိုလူကြီးနာမည်က ဦးအေးချမ်း...တဲ့။ သူ့မှာ ဗျစ်တောက်ဗျစ်တောက် ပြောတတ်တဲ့ ရွှေတံဆိပ်ဆုပိုင်ရှင် ဒေါ်ဂျမ်းဘုံ ဆိုတဲ့ ဇနီး တစ်ယောက်ကို နားမအေးပါးမအေးဘဲ ပိုင်ဆိုင်ထားပြီး မျောက်ကဲ့သို့ အစွမ်းရှိပြီး လောက်ကဲ့သို့များပြားသော ကလေးဆယ်ယောက်ကို ပိုင်ဆိုင်ထားကာ လုံးလည်ချာလည်ရိုက်နေသော ဘဝကြီးထဲ၌ အပူချောင်းမဟုတ်သော ရေခဲချောင်းကို ရောင်းစားနေသောဘဝကို ပိုင်ဆိုင်ထားပါသည်။

အမှန်က...ဘဝ ဆိုတာကြီးက ကျွန်တော်နဲ့ လာပတ်သက်စရာအကြောင်း မရှိပါဘူး။ သူ့ဟာသူ နေ၊ ကိုယ့်ဟာကိုယ် နေပေါ့။ ဒါပေမယ့် မပတ်သက်ချင်လည်း သူက လာလာပတ်သက်နေတာကို...



ဒါပေမယ့် ဘဝကို ကျွန်တော်က ဒီလိုမြင်တယ်။

"ဘဝဆိုတာ ခက်ဆစ်တစ်ပုဒ်ပါပဲ"

ဘာကြောင့်လဲဆိုတော့ ကျွန်တော့်နာမည်က 'ခက်ဆစ်'လေ။

♛ ♛ ♛

"ဘာ...လရှမ်း"

"ဟာကွာ...လင်းခက်မီးပါကွာ"

"နာမည်ကြီးကလဲကွာ..."

ကျွန်တော့်ရဲ့ဆန့်ကျင်မှုစကားကြောင့် အောင်မိုးက နှာခေါင်းရှုံ့ရင်း...

"အံမယ်...မင်းနာမည်က ကျတော့ရော၊ ခက်ဆစ် လို့ ဘာလို့ ပေးလဲ"

"ငါ့အဖေ မြန်မာစာဖြေရင် ခက်ဆစ်ကိုမဖြေနိုင်လို့ အငြိုးတကြီးနဲ့ ငါ့ကို ဒီနာမည်ပေးတာ၊ ဒါတောင် ငါ့အဖေ ဆယ်တန်းဖြေတုန်းက ခက်ဆစ်တစ်ခုကို အောင်မြင်စွာ ဖြေလိုက်သေးတယ်"

"ဘာ....ဘာလဲ"

အောင်မိုး အလောတကြီး မေးသလို ကျွန်တော် အလောတကြီး မဖြေပါ။

ရင်ကော့ပြီး ဇာတိမာန်တက်ကြွစွာ ဖြေလိုက်ပါသည်။

"ယိုးမှား – ဆင်တူသည် ဆိုပြီး ဖြေလိုက်တာကွ"

"အမှန် မင်းအဖေက မြန်မာစာပါမောက္ခဖြစ်ရမှာ"

ဒီကောင့်စကားကြောင့် ကျွန်တော် ရိုးရှင်းစွာ ရယ်လိုက်ပါသည်။

"ပြောပါဦး၊ မင်းပြောတဲ့ အောက်လင်းမီးအကြောင်း"

"လင်းခက်မီးပါကွာ"

"ထားပါကွာ၊ ဘာမီးပဲ ဖြစ်ဖြစ်၊ ပေါ့ဆမီးမဟုတ်ရင် ပြီးတာပဲ"

အောင်မိုး ကျွန်တော့်စကားကြောင့် တအစ်အစ်နဲ့ တိရစ္ဆာန်တစ်ကောင်လို ရယ်ပြန်သည်။

"သူကလည်း မင်းလိုပဲတဲ့"

"ဩော်...သူက ဘီယာတွေ သောက်၊ ဆေးလိပ်တွေလည်း သောက်တတ်တာပဲကို၊ အံ့ရော...မိန်းမအရက်သမား"

www.burmeseclassic.com

www.burmeseclassic.com



အောင်မိုး မျက်နှာကြီး ရှုံ့မဲ့သွားပါသည်။

ပြီးတော့ တချင်းချင်းနဲ့ ခေါင်းကုပ်ပြီး

"ဟာကွာ..ငါပြောတာက သူလည်း မင်းလိုပဲ၊ မန္တလေးကနေ ကျောင်းပြီးလို့ ရန်ကုန်မှာ အလုပ်လုပ်နေတာ ပြောတာ၊ အခုလည်း မင်းလိုပဲ မန္တလေးကို ခဏပြန်အလည်လာတာ"

ခက်ဆစ် ရယ်ကျဲကျဲနဲ့..

"မင်းကို စ,နေတာပါကွာ...နေစမ်းပါဦး။ ငါ ဒီမှာ ကျောင်းတက်တုန်းက အဲဒီ လခွမ်းကို စိုးစဥ်းငုံ့မျှ မတွေ့မိပါလား နောင်တော်"

စာသံပေသံ ဖတ်သံနဲ့ပြောတော့ -

"မန္တလေးတိုင်းက အကျယ်ကြီးဟာကို"

"ဩော်..သူက ငါ့ကိုတွေ့မှာစိုးလို့ လျှောက်ပုန်းနေတာကိုး"

အောင်မိုးက ပျစ်ပျစ်နှစ်နှစ်ဆဲပါသည်။

"ဟဲ..အောင်မိုး..မင်းက ဘောက်မဲ့အကြောင်းကြောင့် ငါ့ကို ဒီအောက်လင်းမီးအကြောင်း ပြောနေရတာလဲ"

"ဒီညနေ ငါတို့နှစ်က ကျောင်းသားကျောင်းသူတွေစုပြီး..."

"ဖဲရိုက်မလို့လား"

"အေး...ဟာ..ခွီးမှပဲ...စကားဖြတ်မပြောနဲ့၊ အဲ...ဖြတ်မပြောနဲ့...နားထောင်"

ကျွန်တော်က နားရွက်လေးနှစ်ဘက် လက်နဲ့ စုကိုင် ထောင်ပြတော့ ဟိုကောင်ကလည်း ထောင်ပါသည်။ အဲ...နှုတ်ခမ်းထောင်ပါတယ်။ (ကောင်မလေး မဟုတ်တော့ တော်တော်အကြည့်ရဆိုးသည်။)

"သူငယ်ချင်းတွေ စုပြီး ကျော်ဇင်ညွှန့်တို့ဆိုင်မှာ စားကြသောက်ကြမယ်ကွာ၊ ဝေမြိုးတို့ ယုယုမော်တို့ကလည်း မင်းကို အပါခေါ်ခဲ့..."

"အပါခေါ်တာများ ခေါ်သွားပေါ့ကွာ...အခုချိန် ဝက်သားတုတ်ထိုးရောင်းနေမှာပေါ့"

အောင်မိုး ကျွန်တော့်ကိုကြည့်ကာ မကျေမနပ်ဖြစ်နေပါသည်။

ဒီကောင်က ကျောင်းမှာကတည်းက စိတ်ဆိုးလွယ်သူ၊ ကျွန်တော်တို့အုပ်စုကလည်း ဒီကောင်ဆို တစ်နေ့တစ်ခါလောက် စိတ်ဆိုးအောင် စ,လိုက်ရမှ အာသာပြေသည်။



"ဟော့ကောင်...နောက်ပြောင်မနေနဲ့၊ ညနေ ငါလာခေါ်မယ်..အဲ...အဲ..မင်း ပြောတဲ့ အောက်လမ်းမီးလား..အောက်လင်းမီးလား..လာမှာ"

"မီးသတ် ခေါ်ထားလိုက်လေ"

"ဟော့ကောင်"

"အလကား စတာပါကွာ..ငါ လိုက်လို့မရဘူး"

အောင်မိုးက မကျေမနပ်နဲ့

"ဘာဖြစ်လို့လဲ"

"ငါက ဒီညကားနဲ့ပြန်မှာ"

"ဟာကွာ...ဒါဆိုလည်း ခဏဖြစ်ဖြစ် လာတွေ့လိုက်ကွာ၊ မင်းကိုမြင်ရင် ဟိုကလည်း ကျေနပ်ကြမှာ၊ ရောက်နေတာဖြင့် ကြာလှပြီ..တစ်ခါမှမတွေ့ဘူးဆိုတော့ မကောင်းဘူးလေ"

"ဒါဆိုလည်း ငါ့ဓာတ်ပုံယူသွားလိုက်လေ...သူတို့ ငါ့ကိုမြင်ရင် ကျေနပ်မှာပေါ့"

"ဟော့ကောင်...မကပ်နဲ့ကွာ"

"မင်းနဲ့ငါနဲ့ကြားမှာ အဝေးကြီးပါကွာ"

အောင်မိုး ဖရူး ဖရူးနဲ့ နှာမှုတ်တော့

"ဟဲဟဲ..ညနေ လာခေါ်..သွားပြီ၊ စားထားတာတွေ မင်းပဲ ရှင်းလိုက်...ငါ အပြန်လက်ဆောင်အတွက် ဈေးချိုထဲ ဝင်ဝယ်လိုက်ဦးမယ် လစ်ပြီ"

"ဟေ့...ဟော့ကောင်၊ ဒီကောင် လုပ်သွားပြန်ပြီ"

ကျွန်တော် ပြောလည်း ပြော၊ ဆိုင်ကယ်ပေါ် တက်ကာ မောင်းထွက်သွားတော့ အောင်မိုး မိန်းမကြီးတစ်ယောက်လို ဗျစ်တောက် ဗျစ်တောက် ပြောရင်း ကျန်ရစ်ခဲ့ပါသည်။

ဈေးချိုထဲရောက်တော့ လူပြောများတဲ့ ထိုးမုန့်ကိုဝယ်ပြီး ခင်ဆွေဦးတို့အထည်ဆိုင်ရှေ့က အဖြတ် -

"ဟဲ့..ဟဲ့..ဝါကျ...မဟုတ်ပါဘူး၊ ဟဲ့အကောင်..ခက်ဆစ်"

"အေး...လာပြီ ခင်ဆွေပြုံး"

ကျွန်တော် ခေါ်ပုံကြောင့် ဘေးဆိုင်က လူတွေ ရယ်ကြပါသည်။

www.burmeseclassic.com



ခင်ဆွေဦးက မျက်လုံး နည်းနည်းပြူးပါသည်။ သူမက ပိုင်စိုးနဲ့ရန်ပိုင်..များလို့...ပိုင်စိုးပိုင်နင်းနဲ့ မျက်လုံးပြူး အဲ...မျက်စောင်းထိုးပါသည်။

ခင်ဆွေဦးဘေးမှာ ဈေးဝယ်သူလား ဘာလား...ချောချောလှလှလေးကို တွေ့ပါတယ်။ ကိုယ်ကလည်း ငေးကြည့်ချင်ပေမယ့် မရှိမာန လေးကြောင့် ကြည့်ချင်ပေမယ့် မကြည့်မိပါ။

"နင်ဟယ်...မန္တလေးရောက်တာတောင် ငါ့ဆိုင်မလာဘူး။ ပြော စမ်း...ရန်ကုန်လက်ဆောင် ဘာပါလဲ"

"ဟဲဟဲ...ပါတာပေါ့ ခင်ဆွေဦးရယ်...နှစ်လုံးပြူး ခြောက်လုံး ပြူး ငါ မနည်း ပြူးတူးပြတဲရှာဝယ်ရတာ"

"သေနာ...ခွေးကောင်..မသာစုတ်"

ခင်ဆွေဦးက ကျွန်တော့်ကို ချိုးမွမ်းခန်းတွေဖွင့်တော့ ဘေးဆိုင် က လူတွေက ရယ်ကြပါသည်။

"ဟဲ့...ညနေ လာမှာလား"

ကျွန်တော်လည်း ပြီး..ပြီးရောဆိုပြီး

"လာမယ်...လာမယ်..ကဲ..ငါသွားဦးမယ်၊ ရန်ကုန်ကို ဘာမှာ မလဲ၊ ရန်ကုန်က ကိုငပြူးကတောင် မန္တလေးက ခင်ဆွေပြူးအတွက် ပြူး တိုင်းမာယာ ဆိုတဲ့ သီချင်းတောင်းဆိုသတဲ့"

"ခွေးကောင်..အကောင်စုတ်..လမ်းသွားရင်း ခလုတ်တိုက်လို့ နှာပြူးပါလေ..အဲလေ..ယောင်လို့၊ ဒူးပြဲပါစေဟယ်"

ခင်ဆွေဦးစကားကြောင့် လင်းခက်က ရယ်သည်။ ခက်ဆစ် ထွက် သွားရာကို ကြည့်ပြီး

"အဲဒီလူက အတော်နောက်ရွှတ်ရွှတ်နိုင်တဲ့လူပဲနော် မိဆွေ"

"ဟဲ့...သူ့ကို မသိဘူးလား"

ခင်ဆွေဦးစကားကြောင့် လင်းခက် မျက်မှောင်ယောင်ယောင် ကြုပ်ရင်း -

"ဟင့်အင်း..ဘယ်သူလဲ"

"အဲဒါ..ခက်ဆစ်လေ"

"ခက်ဆစ်"

"အေးလေ..သချာက အောင်မိုးတို့အုပ်စုထဲက ခက်ဆစ်လေ"



"ဟင့်အင်း..သိဘူး၊ အောင်မိုးကိုတော့ သိတာပေါ့"

လင်းခက်တို့က ဖီးဆစ်ဆိုတော့ ခက်ဆစ်ကို မသိတာ မဆန်း။ ဒါပေမယ့်..မန္တလေးတက္ကသိုလ်က ကျဉ်းကျဉ်းလေးပါ။ ပေါက်တတ်ကရ လုပ်၊ ရယ်စရာပြောတတ်တဲ့ ခက်ဆစ်ကို လူသိများသလို..လင်းခက်က မေဂျာကွင်း မဖြစ်တောင်မှ..မေဂျာကွင်းနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အလှ တရားကို ပိုင်ဆိုင်ထားလို့ လူသိများတဲ့ သူမနဲ့ ဟိုကောင်သာ အကြောင်း မတိုက်ဆိုင်စွာ မသိကြတာတော့ အံ့ဩစရာကြီးပါ။

"ကဲ..ငါလည်း သွားလိုက်ဦးမယ်"

"ဟဲ့..ညနေနော်"

ခင်ဆွေဦးက သတိပေးတော့ သူမက ပြုံး၍ပဲ နေလိုက်ပါသည်။ လင်းခက် ခင်ဆွေဦးဆိုင်ကထွက်ကာ သူမဆိုင်ကယ်ရပ်ထားတဲ့နေရာကို လျှောက်လာပါသည်။

လူတစ်ယောက်က သူမဆိုင်ကယ်ပေါ် ခွတက်နေတော့ သူမက အမြန်လျှောက်လာကာ -

"ရှင်..ရှင်..ဘာလုပ်တာလဲ"

ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားတဲ့လူကလည်း ဆိုင်ကယ် စက် မနှိုးသေးဘဲ -

"ဟာ..ဘာလုပ်ရမှာလဲ၊ ကိုယ့်ဆိုင်ကယ် ကိုယ်စီးတာပေါ့"

လင်းခက် ထိုလူကို သေချာကြည့်တော့ ခင်ဆွေဦးတို့ ပြောတဲ့ ခက်ဆစ် ဆိုတဲ့ပုဂ္ဂိုလ်မှန်း သိလိုက်ပါသည်။ ခက်ဆစ်က သူ့အကျီအိတ် ထဲ လက်နှိုက်ရင်း -

"အရေးထဲ ဆိုင်ကယ်သော့က ဘယ်ရောက်နေပါလိမ့်"

သူမက နှုတ်ခမ်းတွန့်ပြုံးရင်း လက်ပိုက်ကြည့်နေလိုက်ပါသည်။

ဒီအချိန်မှာ ဆိုင်ကယ်နဲ့ကားတွေကို ရပ်နားခတောင်းတဲ့ ကောင် လေး ရောက်လာပြီး

"အစ်ကို..အစ်ကို..အစ်ကို့ဆိုင်ကယ်က ဟိုမှာ"

ကောင်လေး လှမ်းပြတဲ့နေရာကို ကြည့်တော့ ခက်ဆစ်ဆိုတဲ့လူ ရဲ့ဆိုင်ကယ်က လင်းခက်ရဲ့ဆိုင်ကယ်နဲ့ တစ်ပုံစံတည်း ကွက်တိ။ ဖြစ်ချင် တော့ ဆိုင်ကယ်စီးဦးထုပ်ကလည်း ပုံစံတူ။

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ် ကြောင်တောင်တောင်နဲ့ ဆိုင်ကယ်စီးဦးထုပ်ချွတ်ပြီး

"ဝါ..ဒီနေရာမှာ ရပ်ထားတာလေ"

ကောင်လေးက ရယ်ပြီး -

"အစ်ကိုက ရေးကြီးသုတ်ပြာ..ငရုံပြာလူး..ဝုန်းဝုန်းဒိုင်းဒိုင်း"

"တော်..တော်..ဉပမာတွေ တော်ပါတော့ကွာ"

သူမ မရယ်မိအောင် နေရပါတယ်။

"အဲဒီလို အစ်ကို့ဆိုင်ကယ်ကို သော့ဖြုတ်ဖို့တောင် မေ့ပြီး ထွက်သွားလို့ ကျွန်တော် နေရာရွှေ့ရပ်ထားတာ၊ ရော့-အစ်ကို့ဆိုင်ကယ်သော့"

ကောင်လေးက ဆိုင်ကယ်သော့ ပေးတော့ ခက်ဆစ်က လင်းခက်ကို ရယ်ကျဲကျဲနဲ့ -

"မှားသွားလို့နော်..ဆောရီး"

"သေလိုက်ပါလား"

"ဟက်ကဲ့..လျှာထွက်ပြီး သေရမှာလား၊ မျက်လုံးပြူးပြီး သေရင် ကောင်းမလား"

"သေချင်သလို သေလိုက်"

"ဟက်ကဲ့"

သူမ မျက်စောင်းထိုးရင်း ဒီလူပေးတဲ့ ဆိုင်ကယ်စီးဦးထုပ်ကို ယူကာ ခေါင်းမှာဆောင်းပြီး ထွက်သွားပါသည်။ ဒါတောင် နောက်ကြည့်မှန်က ကြည့်တော့ ခက်ဆစ် ဆိုတဲ့ပုဂ္ဂိုလ်က သူမကို လက်ပြနေပြန်ပါသည်။

"ဟဲ့..အထုပ်တွေအပိုးတွေနဲ့ ဘယ်လိုဖြစ်လာတာလဲ"

မှောင်ရိပျိုးစအချိန်ပဲ ရှိပါသေးတယ်။ သူတို့ စုရပ်ဖြစ်တဲ့ ကျော်ဇင်ညွန့်တို့ဆိုင်မှာ ဆုံတုန်း လင်းခက် တစ်ယောက် တက္ကစီပေါ်မှ အထုပ်တွေအပိုးတွေနဲ့ မနိုင်မနင်းဆင်းလာတာကြောင့် အောင်မိုးက ပြောတော့ လင်းခက်က -

"ဟဲ့...လာဝိုင်းကူပါဦးဟဲ့"

"အေး..အေးပါဟာ"

အောင်မိုး အပြေးအလွှားနဲ့ လင်းခက်လက်ထဲက အိတ်ကို လက်ပြောင်းယူလိုက်ရပါသည်။



"ဘယ်လိုဖြစ်တာလဲ"

"ဒီညကားနဲ့ ရန်ကုန် ပြန်မှာလေ...နင်တို့ဆီ မလာရင်လည်း ခင်ဆွေဦးတို့အုပ်စုက ပွစိပွစိပြောမှာစိုးလို့ တစ်ခါတည်း ပစ္စည်းတွေသယ်လာတာ...နင့်ကား ပါလား အောင်မိုး"

"အေး..ပါတယ်လေ၊ ဟိုမှာ"

ဆိုင်ရှေ့မှာရပ်ထားတဲ့ အောင်မိုးရဲ့ကားကို လင်းခက် တွေ့တော့ ကျေနပ်သွားပါ၏။

"ဟိုကောင် ခက်ဆစ်ရော..မလာသေးဘူးလား"

စန်းဦးက လှမ်းအော်မေးတော့ အောင်မိုးက ဝင်ထိုင်ရင်း

"လာမယ်..လာမယ်"

"ဟိုမှာ လာပြီ"

တက္ကစီပေါ်မှာ နောက်တစ်ကြိမ် အထုပ်အပိုးတွေနဲ့ဆင်းလာသူက ဇာတ်လိုက်ကျော်ကြီး ခက်ဆစ်။

"လုပ်ကြပါဦးဟ..ဟဲ့-မိမိသိန်း ဘာကြည့်နေတာလဲ၊ နင် လင်နောက်လိုက်တုန်းက ဘယ်လိုလိုက်လဲ..အထုပ်အပိုးတွေ ဝိုင်းကူဆွဲပေးလေ"

"သေနာ...အစုတ်ပလုပ်ကောင်"

မိမိသိန်းရဲ့မေတ္တာပို့သသံကြောင့် ရယ်ကြပါသည်။ ဖြစ်ချင်တော့ ခင်ထွေးရီ နေရာချပေးတဲ့နေရာက လင်းခက်နဲ့ မျက်နှာချင်းဆိုင်နေရာမှာပါ။ ကျော်ဇင်ညွန့်က မေးပါတယ်။

"အထုပ်အပိုးတွေနဲ့ မင်းက ဘာလဲ"

"ဒီညကားနဲ့ ရန်ကုန်ကို ပြန်မယ်လေ...ဟိုကောင် အောင်မိုး ကားဂိတ်ကို လိုက်ပို့ပေးလိမ့်မယ်"

"တိုက်ဆိုင်လိုက်တာများကွာ..ဖေဖော်ဝါရီ ၉ ရက်၊ ဆိုးချက်ကရင်နင့်စရာ"

အောင်မိုးက ပြုံးဖြီးဖြီးနဲ့စ,တော့ လင်းခက်က ရက်ကိုးရှက်ကန်းနဲ့ ခက်ဆစ်ကိုကြည့်ကာ -

"မသာ..နင်နော်"

"ဟုတ်ပါ့ကွာ..ကံတူအကျိုးပေးပုံကို"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲတော့ မသိပါ၊ တစ်ယောက်ယောက်က လှမ်းပြောပါသည်။

"ဖဲ..ဖဲ.."

လင်းခက် ခက်ဆစ် ဆိုတဲ့လူကို ကြည့်တော့ ကိုယ်တော်က သူမကိုကြည့်ကာ တဟဲဟဲနဲ့ သဘောကျနေပါသည်။ သူမ မျက်စောင်းထိုးရင်း

"ရှင်နော်"

လူစုံတော့ တစ်ယောက်တစ်ပေါက် ပြောကြ စားကြ သောက်ကြ၊ ဆရာဆရာမတွေ ကန်တော့ဖို့ဆိုလား..အလှူငွေထည့်ကြပေါ့။

လင်းခက်က နာရီကိုကြည့်ကာ အောင်မိုးကို

"သွားရအောင်"

"နင်က ဘာကားနဲ့သွားမှာလဲ"

လင်းခက်က စီးရမယ့်ကားဂိတ်ကို ပြောပြသည်။ အောင်မိုးက ခက်ဆစ်ဘက်လှည့်ကာ

"မင်းကရော"

"ဟဲ..ဟဲ..အတူတူပဲ"

ဟိုအုပ်စုတွေပြောတဲ့..ဖြစ်ချင်တော့ သဘောပေါ့။ သူမ အောင့်သက်သက်နဲ့ ခက်ဆစ်ကို သည်းကြီးမည်းကြီးမျက်စောင်းထိုးမိပါသည်။

♛ ♛ ♛

ဓာတ်ပြားအခြေအနေကို ကြည့်လိုက်ပါသည်။

ပြောင်နေတဲ့ ကတုံးကို တစ်ချက်ပွတ်လိုက်ရင်း တစ်နှစ်ခွဲကျော်ကျော် သူ့သားငယ် မိုးသည်းကို ကောက်ယူ ပွေ့ချီလိုက်သည်။ ပြောသာပြောရတာ ဓာတ်ပြားအလုပ်က လူဆိုးအလုပ်၊ ဓာတ်ပြားရုပ်ကလည်း ကြမ်းထော်နေတဲ့ ဘီလူး အစာငတ်တဲ့ရုပ်၊ ဖြတော့ရဲတော့မယ်ပေါ့။

ဒါပေမယ့် သူ့ရဲ့သားငယ် မိုးသည်းကတော့ ဘယ်လို ရေစက်ကံကြမ္မာကောင်းတွေ ပါလာသလဲ မသိပါဘူး။ မျက်နှာမြင် ချစ်ခင်ပါစေ ဆိုတဲ့ ဆုတောင်းနဲ့ပြည့်စုံပါစေဆိုတဲ့ ကလေး။

ဓာတ်ပြားက ဆရာကြီးရဲ့အားအကိုးဆုံး လူမိုက်။ ကတုံးပေါ် ထိပ်ကွက် ဆိုတဲ့ ဟိုသုံးကောင်ကို စိတ်မချလို့ ဒီအလုပ်ကို ဓာတ်ပြားကို ခိုင်းလိုက်ခြင်း ဖြစ်ပါတယ်။



ကတုံးပေါ် ထိပ်ကွက် ဆိုတဲ့ သုံးယောက်က (ကတုံး၊ ပေါ်ကြီးနဲ့ ထိပ်ကွက်)တို့ကိုဆိုလိုခြင်း ဖြစ်ပါတယ်။ လူဆိုးလောကမှာ မယ်ဝဏ္ဏ ဆိုရင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရပါတယ်။ သူတို့ဆရာကြီးနာမည်ရင်းက ဝဏ္ဏ လူဆိုးဆရာကြီးမဖြစ်ခင် ဆရာကြီး အရင်အလုပ်က ကနားစီး။ ပြောရရင် အခြောက်ကြီးပေါ့။ ဒါပေမယ့် မယ်ဝဏ္ဏက ကြမ်းပြီရမ်းပြီဟော့ ဆိုရင်..အခြောက်သတ္တိ ကမ္ဘာက သိအောင် ကမ်းကုန်အောင် မိုက်မဲတဲ့ ဆရာ မယ်ဝဏ္ဏပါ။

ဓာတ်ပြား ဆိုရင်လည်း လူဆိုးလောကမှာ ဘယ်လိုက ဘယ်လို့ကြောက်ကြသည်မသိ။ ကိုယ့်ဘုန်းကိုယ့်ကံပဲ ဆိုပါတော့၊ လူသတ်မှုနဲ့ထောင်ထဲရောက်တော့ ဆရာကြီးနဲ့ တွေ့သည်။ သူ့နာမည်အရင်းက ချက်ကြီးပါ။ သူ့ဓားစွမ်းကြောင့် လူသတ်မှုဖြစ်ခဲ့ရတာလို့ အားလုံးက ယုံကြသည်။

အမှန်က သူက ခါးပိုက်နှိုက် တစ်ယောက်။ တစ်နေ့ လှမြင့်ဦးတို့လင်မယားကို နှိုက်သည်။ (ပိုက်ဆံအိတ်ပေါ့)။ ပိုက်ဆံအိတ်ထဲမှာ အမှန်တကယ်ပါလာတာက ငွေငါးရာတည်းပါလာတာပါ။ လှမြင့်ဦး ဆိုတဲ့ကောင်ကလည်း ချက်ကြီး နှိုက်သွားမှန်း မသိ။ ဖြစ်ချင်တော့ သူနှိုက်ပြီး နာရီဝက်လောက်အကြာမှာ သူ ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားပါတယ်။ ဖြစ်ချင်တော့ လှမြင့်ဦးနဲ့ခင်မြင့်မာတို့လင်မယားက အဲဒီဆိုင်မှာ ထမင်း လာစားကြပါတယ်။ ချက်ကြီးကလည်း ခပ်တည်တည်နဲ့ထမင်းစားနေခဲ့ပါတယ်၊ ထမင်းရောင်းတဲ့ ဒေါ်အေးမာကို လှမြင့်ဦးက ဝင်ဝင်လာချင်း –

"ဒေါ်ကြီးအေးရေ...ဒီနေ့တော့ အကြွေးသာ မှတ်လိုက်တော့၊ ခါးပိုက်နှိုက်ခံရလို့ဗျို့"

ဒေါ်အေးမာက ရင်ဘတ်လေးကို ဖိရင်း ဟင်းပေးနေတဲ့ လက်ကို လူသူမမြင်အောင် ဝတ်ထားတဲ့ထဘီနဲ့ သုတ်လိုက်ပါတယ်။

သူ့ထမင်းဆိုင်နာမည်က 'သန့်သန့်လေး'တဲ့။ ဆိုင်နာမည်နဲ့ အံကိုက်ပေါ့။

ခင်မြင့်မာက သခွားသီးတစ်ကိုက်ကို လှမ်းနိုက်ယူကာ ဝါးရင်း သူ့ယောကျာ်းကို မကျေမလည်ကြည့်ကာ

"သူ နမော်နမဲ့နိုင်လို့ပေါ့ ဒေါ်ကြီးအေးရယ်..မနက်မှ ဒယ်ဒီက မုန့်ဖိုးဆိုပြီး ငွေဆယ့်ငါးသိန်းပေးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



''ဟယ်...နမျောစရာဟယ်''

ထမင်းစားနေရင်း ကတုံးချက်ကြီး တော်တော်လေးကို နှာတိုသွားပါတယ်။ စိတ်ထဲကလည်း (ကာလနာမ..ကြွေးမနင်တို့အိတ်ထဲမှာ ငါးရာတန်အဟောင်းလေးတစ်ရွက်ပဲ ရှိတာ)လို့ ကျိတ်ပြီး ပြောမိပါတယ်။ ကိုရွှေယောက်ျားကလည်း -

''ပိုက်ဆံက ရှာရင်လွယ်ပါတယ်။ မနှာမျောပါဘူးဗျာ''

''ဟဲ့..ဘာကို နမျောတာလဲ''

''ငါးခူစင်းကော''

''ဟဲ့ ..''

လှမြင့်ဦးက လျှာသပ်ရင်း ရယ်ကျဲကျဲနဲ့-

''ကျွန်တော့်အတွက် ငါးခူစင်းကော ပြောတာပါဗျာ''

''မှာ့အတွက်က ကြက်သားနော်''

''အရေးထဲဟယ်...ပြောပါဦး''

ဒေါ်ကြီးအေးက ပြောရင်း ထမင်းရှူးကာ လှမ်းချပေးပါသည်။

''ဒယ်ဒီ ကျွန်တော့်မွေးနေ့တုန်းက ဝယ်ပေးထားတဲ့ ဟန်းချိန်းဗျ။ ရွှေအခေါက် နှစ်ကျပ်ခွဲသားကျော်တယ်''

လှမြင့်ဦးစကားလည်း ဆုံးရော..ကတုံးချက်ကြီး ဝုန်းခနဲ ထ,ရပ်ကာ လှမြင့်ဦးကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

''ဟေ့ကောင်...မင်းတို့လင်မယား မဟုတ်တာမပြောနဲ့၊ မင်းတို့ပိုက်ဆံအိတ်အစုတ်အပြတ်ထဲမှာ ပါလာတာ..ငါးရာတန်အနွမ်းလေး တစ်ရွက်တည်းကွ..ဘာ ဟန်းချိန်းလဲ၊ ဟန်းချိန်းနဲ့တူတာဆိုလို့ သရေပင်အနီကလေး တစ်ပင်ပဲ ရှိတယ်၊ မင်းတို့ မဟုတ်တာ မပြောနဲ့၊ ဖမ်းချင် ဖမ်းတော့''

အဲဒီလိုမခံချင်စိတ်နဲ့ ပထမဦးဆုံး ထောင်ကျခဲ့ရတဲ့ ချက်ကြီးပါ။

ဒုတိယထောင်ကျတာက ဒီလိုပါ။

သူ ထောင်ကထွက်ပြီး ငွေးသီးသုပ်တို့၊ သရက်သီးသုပ်တို့ ရောင်းပါတယ်။ ဖြစ်ချင်တော့ သူ ငွေးသီးကို မရှိမဲ့ရှိမဲ့ရှာထားတဲ့ ဓားအကျိုးအပဲ့လေးနဲ့ နွှာနေရင်း သူ့မိန်းမ မိစံ သူ့ဆိုင်ဘေးမှာ အအေးရောင်းနေရာက

''ကိုချက် လာပါဦးတော်''



''ဟဲ့-ဒီမှာ အသီးအခွံနွှာနေတယ်လေ''

မိစံက သူမလည်ပင်းကို ခေါင်းမော့ကာ လုပ်ရင်း

''အို..လာစမ်းပါဆို''

ချက်ကြီးက အခွံနွှာနေရင်း လှမ်းကြည့်ကာ

''ဟဲ့ - ဘာဖြစ်လို့လဲ''

''မသိပါဘူးတော်..ကျုပ်လည်ပင်းကို ဘာကောင်ကိုက်သွားမလဲ မသိဘူး။ ယားနေလို့ လာကြည့်စမ်းပါဆို''

''နင်က တမောင့်ဟာ..အလုပ်ရှုပ်ပြီဆို နိုင်းပါပြီ၊ လာပြီ..လာပြီ''

သူ အခွံနွှာနေတဲ့ အသီးကို ချကာ ဓားကျိုးဓားပျက်ကလေးကို ကိုင်ပြီး ထလာပြီး ခြေအလှမ်း...ဖြစ်ချင်တော့ မိစံ ပရမ်းပတာ ပစ်ချထားတဲ့ အအေးပုလင်းအခွံတွေကို တက်နင်းမိရာ -

''ဟာ..''

''အား...''

အဖြစ်အပျက်က အရမ်းမြန်လွန်းအားကြီးပါတယ်။

ပစ်ချထားတဲ့အအေးပုလင်းကို ချက်ကြီး နင်းမိပြီး ချော်အလဲ..သူ့လက်ထဲက ဓားအကျိုးအပျက်က အဆင်သင့် လည်ပင်းလေး လှန်ပေးထားတဲ့ မိစံရဲ့လည်တိုင်ကို လှီးဖြတ်သလိုဖြစ်ကာ နောက်တစ်ကြိမ် ထောင်ထဲ ရောက်ခဲ့ရပါသည်။

ထောင်ထဲမှာ သူ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ လူသတ်မှုတစ်ခုမှာ ချက်ကြီး လူသုံးယောက်ကို လည်ပင်းလှီးသတ်ခဲ့တယ် တဲ့။ ထောင်တစ်ဆင့်ပြောင်းပြီး ဒီထောင်ကို ရောက်လာတာတဲ့။ (ဘုရားစူး..သူ လုံးဝ ပြောတာ မဟုတ်ပါ။ သူတို့ဘာသာ သူတို့ပြောပြီး အထင်ကြီးကြတာပါ..ရုပ်ခံကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။)

သူ့ရဲ့ဓားအပျက်လေးကို သွေးမွမ်းခန်းဖွင့်ပြီး သူ လူသုံးယောက်ကို ဓာတ်ပြားအနာသက်ကိုသွေးပြီး လှီးဖြတ်ခဲ့တာတဲ့လေ။ အဲဒီကစပြီး ဓားပျက်ကနေ ဓာတ်ပြားချက်ကြီး ဖြစ်လာတာပါ။

အခုလည်း ဆရာကြီးမယ်ဝဏ္ဏ ခိုင်းလိုက်တဲ့အတိုင်း မွှေလေးက တစ်ဆင့် ရန်ကုန်ကို အညှော်အသွေးမြင့်မားတဲ့ ပတ္တမြားကို သယ်ရောက်သယ် လာခဲ့ရမှာပါ။ မန္တလေးက ကျော်ကုပ်ပွဲစားကိုဆွာမိ(အဲဒီလူက တရုတ်ကြီးပါ)

www.burmeseclassic.com



ဆီက တစ်ဆင့် ဓာတ်ပြားက လက်ပြောင်းလက်လွှဲယူလာတာပါ။ သူ ဒီပတ္တမြားကို ဒီအတိုင်း လွယ်လွယ်ကူကူ သယ်လို့ မဖြစ်ဘူးဆိုတာ သိတာကြောင့် သူ့သား အမြဲတမ်း လက်က ချလို့မရတဲ့ သံပတ်ပေးရင် ပြေးရင် ကြွက်ရုပ်လေးရဲ့ဗိုက်ထဲမှာ ထည့်ကာ သယ်လာခဲ့ပါတယ်။

သူ့သား မိုးသည်းက ဘယ်အရုပ်မှ မကြိုက်။ သူ့ကြွက်ရုပ်ကိုပဲ လက်ထဲက မချ။ ဒီလောက်ဆို လုံလောက်ပြီလေ။ ဓာတ်ပြား ကားပေါ်စောစောတက်ကာ သားကို သူ ထိုင်မယ့် ခုံနေရာမှာ ချထားလိုက်ပါတယ်။ သူထိုင်ရမယ့်နေရာက ပြတင်းပေါက်ဘက် မဟုတ်။ လူသွားလမ်းဘေးမှာပါ။ ပြီးတော့ လူသွားလမ်းရဲ့ဘေးက တစ်ဖက်ထိုင်ခုံက ဆွာမိရဲ့တပည့်ကျင်ဝမ် (ကုလားလေး)ရဲ့ထိုင်ခုံ။

ကုလားလေးက သူ့ဆရာဆွာမိ ခိုင်းလိုက်လို့ ဆရာကြီးမယ်ဝတ္တာဆီက အခြားပစ္စည်းတစ်ခုကို လိုက်ယူတာပါ။

သူ့သား မိုးသည်းကို ထားခဲ့ပြီး ကားပေါ်က ဆင်းလာခဲ့ပါတယ်။ နာရီကိုကြည့်တော့ ထွက်ဖို့လိုပါသေးတယ်။ တစ်ယောက်စ နှစ်ယောက်စ ကားပေါ်တက်လာကြပါတယ်။

''ဟာ''

အစေးပြေးကားဝင်းထဲကိုဝင်လာတာက ကျင်ဝမ်။ ဒါပေမယ့် ရိုးရိုးသားသားလာခြင်း မဟုတ်။ လက်ကို လက်ထိပ်အခတ်ခံရပြီး ရဲတစ်အုပ်နဲ့ ခေါ်လာတာပါ။

''တောက်...ကျင်ဝမ်ကတော့ ဒုက္ခပေးပြီ''

သူ တစ်ချက်စဉ်းစားလိုက်တယ်။

ကားဝင်းအပြင်က စောင့်ပြီး စီးလည်း ဖြစ်တာပဲလေ။ မိုးသည်းကို သူစိတ်ချလက်ချထားခဲ့ကာ ဆိုင်တစ်ဆိုင်ထဲဝင်လိုက်ပါတယ်။

နောက်ပြီးတော့ အပေါ့သွားသလိုလိုနဲ့ ဆိုင်နောက်ဘက်ကနေ တစ်ဆင့် ...''။

♛ ♛ ♛

''ဟယ်...ကလေးလေးက ချစ်စရာလေးဟယ်''

အထုပ်တွေကို အပေါ်ဆင့်မှာ တင်ပြီး ထိုင်မယ်လုပ်တော့ ကပ်လျက်ခုံက ကလေးကိုတွေ့မိတော့ လင်းခက် ပါးဖောင်းဖောင်းလေးကို ဆွဲ



ညှစ်ရင်း ပြောသည်။ သူမတို့ခုံရဲ့ လူလျှောက်လမ်းတစ်ဘက်မှာ ခက်ဆစ်က ပြတင်းပေါက်ဘက်ကပ်ပြီး ထိုင်ခုံရပါတယ်။ သူမ ကြည့်တော့ ဆရာသမားက သူ့ပါးကို နာသွားဟန်နဲ့ပွတ်ပြတော့ လင်းခက် မျက်စောင်းကြီး ထိုးမိပါသည်။

ခက်ဆစ်ဘေးက ခုံမှာ လူမလာသေးပါ။

လင်းခက် ကလေးကို ချစ်စနိုးနဲ့ ပွေ့ချီမြှောက်ရင်း နောက်ကခုံကိုကြည့်တော့ လင်မယားနှစ်ယောက်ထိုင်နေတာကို တွေ့မိပါသည်။ အမျိုးသမီးက

''သားရေ...ရော့ ရော့''

အမျိုးသမီးက တုတ်ချောင်းလေးထိုးထားတဲ့ သကြားလုံးကို သူ့လက်ထဲက ကလေးကိုပေးတော့ ကလေးက ယူရင်း ခိုးခိုးခစ်ခစ်နဲ့သဘောကျနေပါတယ်။ လင်းခက် အဲဒီလင်မယားရဲ့ကလေးပဲ ထင်လိုက်ပါတယ်။ အဲဒါကြောင့် လှည့်ပြုံးပြရင်း

''ကလေးက အရမ်းချစ်ဖို့ကောင်းတာပဲနော် အစ်မ''

ကလေးရဲ့မိခင်က ခေါင်းညိတ်ကာ ပြုံးသည်။

''ဒီကောင်က အတော်လယ်တာ''

''ဟုတ်တယ်နော် အစ်မ''

ကလေးက ငြိမ်ငြိမ်မနေ။ သူ့ဆီက ဆင်းကာ သူ့ကိုယ်သူ မနိုင်မနင်းနဲ့ ခက်ဆစ်ဘက် ကူးသွားပါတယ်။ ပြီးတော့ ခက်ဆစ်ဘေးက ခုံကို ပုတ်ပြကာ ခက်ဆစ်ကိုကြည့်တော့ –

''မင်းက ဒီမှာ ထိုင်မလို့လား''

ကလေးက တခစ်ခစ်ရယ်တော့ ခက်ဆစ်က ပွေ့ချီကာ ဆိုဖာပေါ် တင်ပေးလိုက်ပါတယ်။

ကလေးက ခုံပေါ်ရောက်တော့ ခက်ဆစ်ပေါင်ပေါ် ခေါင်းအုံးပြီး အိပ်ရော။

''ဟောဗျာ...မင်းက အလာကြီးပါလား''

ခက်ဆစ် လင်းခက်နောက်က လင်မယားကိုပြောတော့ အမျိုးသမီးရဲ့ခင်ပွန်းက –

''ဒီကောင် လယ်ချက်ကတော့ မပြောနဲ့၊ အခုမှ ဆတ်တောက်

www.burmeseclassic.com

www.burmeseclassic.com



ဆတ်တောက်နဲ့ ကားစတီယာရင်ကို သွားဆော့နေလို့ မနည်းခေါ်ထားရသေးတယ်''

ခက်ဆစ်က ထိုလူ့စကားကြောင့် တဟားဟားနဲ့ရယ်ပါသည်။ ကားက စထွက်ပါတယ်။

♛ ♛ ♛

''ဟာ...ကားရော''

ခေတ်ပြား ပိုက်စိပ်တိုက် သူ့ကိုမွှေနှောက်ရှာဖွေနေတဲ့ ရဲတစ်အုပ်နဲ့ ကျင်ဝမ်ကို မျက်ခြည်ပြောက်ရင်း ကားဆီပြန်လာတော့ ကားမရှိတော့။ သူ ခေါင်းနပန်းကြီးသွားပါသည်။ သားနဲ့ပစ္စည်း ကားပေါ်ပါသွားပါပြီ။

''ဒုက္ခပါပဲ''

သူ မဖြစ် ဖြစ်တဲ့နည်းနဲ့ ရန်ကုန်ကို အမြန်ဆုံးရောက်ဖို့ အရေးကြီးနေပါသည်။

သူ့အခြေအနေကို ဆရာကြီးမယ်ဝဏ္ဏကို ဖုန်းဆက် အကြောင်းကြားပြီး ကားဂိတ်က စောင့်ခိုင်းရင်ရော...ဒါဆိုရင် သူ့ကို ဆရာကြီးက ကျိန်ရှာမှာ သေချာသည်။ ပစ္စည်းရဲ့တန်ဖိုးက အလွန်တန်ဖိုးကြီးလွန်းနေသည်လေ။

နောက်ဆုံးတော့ ဆရာကြီးမယ်ဝဏ္ဏကို အကြောင်းမကြားတော့ဘဲ တွန်ကားနဲ့ ရန်ကုန်ကို လိုက်ပါလာခဲ့ပါတယ်။

လမ်းတစ်လျှောက်လုံး ကလေးက ခက်ဆစ်လက်ထဲမှာပါ။ လမ်းမှာနားလို့ ထမင်းဆင်းစားရင်တောင် ခက်ဆစ်လက်က ချလို့မရတော့။ ဟိုလင်မယားက တပြုံးပြုံးနဲ့။

''မင်းကို အတော်ခင်တယ်ထင်တယ်''

အဲဒီစကားကြောင့် ခက်ဆစ် မအီမလည်နဲ့ခေါ်ထားရပါတယ်။ဒါတောင် ထမင်းစားပြီး အပေါ့အပါးသွားချင်တာတော့ ကလေးကို လင်ခက်လက်ထဲထိုးထည့်ရင်း -

''ကလေးအမေ ခဏခေါ်ထားနော်၊ အပေါ့သွားမလို့''

လင်ခက်က မျက်စောင်းထိုးရင်း ခဏခေါ်ထားပေးပါတယ်။

ပြဿနာက ဘယ်မှာစလဲဆိုရင် ရန်ကုန် ရောက်လို့ ကားပေါ်က အဆင်းမှာပေါ့။



ခက်ဆစ် ကလေးကို လင်ခက်နောက်က လင်မယားဆီ ချီပြီးသွားအပေးမှာပေါ့။

''အစ်မရေ...အစ်မကလေးကို ပြန်ခေါ်တော့''

ခက်ဆစ်စကားကြောင့် အဲဒီအမျိုးသမီးက အူကြောင်ကြောင်နဲ့

''ဘယ်က...ကလေးလဲ''

''ဟင်...ဒါ..အစ်မတို့ကလေး မဟုတ်ဘူးလား''

''မဟုတ်ဘူး..မင်းတို့ကလေး မဟုတ်လား''

''ဟာ...မဟုတ်ပါဘူး၊ လင်းခက် နင့်ကလေးလား''

''နင်နော်...နင်..ဒါနဲ့ အစ်မပဲ ကျွန်မ ကားပေါ် တက်တက်ချင်း ကလေးကို ချီတော့ သားရေ..ရော့-ရော့ ဆိုပြီး သကြားလုံး ပေးတယ်လေ''

အမျိုးသမီးကလဲ မျက်လုံးလေးပေကလပ်နဲ့

''အင်းလေ..အိမ်က ကလေးတွေအတွက်ဝယ်လာတဲ့ သကြားလုံးထဲက တစ်ခုကို ဒီကလေး ချစ်စရာကောင်းလို့ပေးတာလေ''

''ဒီကလေးက အတော်လယ်တယ်ဆို...''

''အင်းလေ...လယ်လို့ လယ်တယ်ပြောတာပဲဟာကို''

ခက်ဆစ် ခေါင်းကုပ်ရင်း ယောကျ်ားဖြစ်သူကို ပြောမိပါသည်။

''အစ်ကိုပဲ..ဒီကောင် လယ်ချက်က မပြောနဲ့ဆို..ခုန ကားစတီယာရင်ကို သွားဆော့နေလို့ မနည်းခေါ်ထားရတယ်ဆို''

အမျိုးသားကြီးကလည်း အူလည်ချာလည်နဲ့

''ဟုတ်တယ်လေ...ငါတို့လင်မယား ကားပေါ်အရင်ရောက်တာ ဒီကလေးတစ်ယောက်ပဲ တွေ့တယ်လေ''

ခက်ဆစ် လက်ဖျောက်တစ်ချက်တီးကာ -

''သေချာပြီ...ဒါ ကားဆရာရဲ့ကလေးဖြစ်ရမယ်''

ဟိုလင်မယားကလည်း ထောက်ခံပါသည်။

''ဟုတ်မယ်''

''အေး...ဖြစ်နိုင်တယ်ကွ''

သူတို့ ကားသမားကို သွားမေးကြည့်တော့ ...ကားသမားကြီးက အံကြိတ်အကန်ငြင်းရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးကွာ.. ငါ ကလေးတော့ ချစ်တတ်ပါတယ်၊ ဒါပေမယ့် [illegible] ဒေါ်ယောက်နဲ့တင် ထမင်းစရိတ်ကိုရှာကျွေးရလွန်းလို့ လူလည်း [illegible] အရုပ်ပုလာပြီလေ။ ပိုက်ဆံပေးရင် ပေး [illegible]"

ဤသို့ဖြင့် နားညည်းသော ထိုကလေးကို ခက်ဆစ် ကားဝင်းထဲက သက်ဆိုင်ရာကို အကြောင်းကြားကာ သူခေါ်ထားခဲ့လိုက်ရပါသည်။

မတင်ပြားရောက်လာတော့ အချိန်မမီတော့ပါ။ ဒါပေမဲ့ ခက်ဆစ်ရဲ့ လိပ်စာကို ရလာခဲ့ပါသည်။

♛ ♛ ♛

လင်းမြင့်အောင်နဲ့မိုးဇော် တောက်တက်တောက်တက်နဲ့လျှောက်ရင်း ကြွက်ရုပ်ကလေးနဲ့ဆော့နေတဲ့ ကလေးကိုကြည့်ရင်း

"ဒါဆိုရင် ဒီကလေးကို မင်းခေါ်လာရတာပေါ့"

"အင်း"

စိတ်ပျက်လက်ပျက်နဲ့ပြောတော့ မိုးဇော်က

"တကယ်လို့ လာခေါ်မယ့်သူ မရှိဘူးဆိုရင်ကော"

"မတတ်နိုင်ဘူးကွာ... မီးစင်ကြည့်ကရမှာပဲ"

လင်းမြင့်အောင်က ခေါင်းကုပ်ရင်း –

"ဟော့ကောင်... နို့ဆာလို့ ငိုရင်ရော ဘယ်လိုလုပ်မလဲ"

အရေးအကြီးဆုံးအကြံကိုပြောတော့ ခက်ဆစ် ခေါင်းကုပ်စဉ်းစားရင်း –

"နို့ နို့"

"အင်းလေ"

မိုးဇော် စဉ်းစားရင်း

"နို့ .. ဟာ..သီတာ ရှိတယ်လေ"

"ဘာကွ"

လင်းမြင့်အောင်က သူ့ရည်းစားကိုထိတော့ ပေါက်ကွဲသွားပါသည်။ မိုးဇော်က တဟားဟား။ ခက်ဆစ်က ရယ်ကျဲကျဲနှင့်။

"သူ့နို့ မဟုတ်ပါဘူး သီတာက မိန်းကလေးဆိုတော့ လိုအပ်တာတွေ ဝယ်နိုင်းလို့ရတယ်လေကွာ၊ သူ့နို့ ..နို့ဗူး...အဲဒါ..ဟဲဟဲ"



"ဟင်း...ဟင်း...မထိနဲ့နော်"

"စိုရုံပါကွာ..ကလေးပဲဟာ"

"ဟော့ကောင်"

"နို့ဗူး ပြောပါတယ်"

လင်းမြင့်အောင် မရှိမဲ့ရှိမဲ့ရထားတဲ့ သူ့ရည်းစားလေးအတွက် ရန်များကို ကိုယ်ရှင်းနေရပါသည်။

"ဟဲ့ – ဘယ်သူ့ကလေးလဲ၊ ချစ်စရာလေး"

ပြောရင်းဆိုရင်း သေခဲဦးမယ့်အဖြစ်ပါ။ သီတာက သူတို့က သုံးယောက်ရှိရာအိမ်ထဲကိုဝင်လာရင်း ကလေးကိုမြင်တော့ ပြောသည်။ မိုးဇော်က ချက်ချင်း မျက်နှာပျက်ကာ

"ဟာ..ဘယ်လိုရှင်းကြမလဲ လင်းမြင့်အောင် ဒီကလေးကိစ္စကို"

သီတာ မျက်နှာပျက်သွားပြီး ခက်ဆစ်ကို ကြည့်တော့ ခက်ဆစ်က လင်းမြင့်အောင်ကိုကြည့်ကာ မျက်နှာအပျက်ပျက်နှင့် ခေါင်းရမ်း သက်ပြင်းချသည်။

လင်းမြင့်အောင် ဒီကောင်တွေ ဒုက္ခပေးပြီဆိုတာ သိလိုက်တာကြောင့် သူလည်း ထိုနည်းလည်းကောင်း မျက်နှာပျက်ကာ အကြောက်အကာန်ငြင်းပါသည်။

"မဟုတ်ဘူး...မဟုတ်ဘူး..ဟိုလေ...ဒီ.."

အရေးထဲ ဘာပြောရမှန်း မသိအောင် စကားစက ရှာမရ၊ အဲဒီမှာတင် မယ်သီတာ မဟုတ်တဲ့ သီတာက တောက်ခေါက်ပါတော့သည်။

"တောက်...နင်...နင် လူယုတ်မာ၊ ပြောစမ်း..ဒါ ဘယ်မယားကြီးနဲ့ရတဲ့ ကလေးလဲ"

အရေးထဲ မိုးဇော်က

"သီတာ...နင်က လင်းမြင့်အောင်ရဲ့မယားငယ်လားဟင်"

"မိုးဇော်...ငါ ဒေါသထွက်နေတယ်နော်"

"ဟာ...ဟုတ်လို့လား၊ ပြပါဦး"

သီတာ ဒေါသထွက်ရမလို၊ ဒေါသပဲ ပြန်ဝင်ရမလို ဖြစ်တော့.. ခက်ဆစ် မနေနိုင်တော့ဘဲ တခွီးခွီးနဲ့ရယ်တော့ ဟိုကောင်တွေပါ ဝေါခနဲ ငယ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သီတာက အူလည်လည်ကြောင်လည်နဲ့ ဟိုကြည့်ဒီကြည့်

"ကဲ..အစအဆုံး နားထောင်၊ ဒီကလေးရာဇဝင်က..."

"ဟယ်...ကလေးနာမည်က ချစ်စရာလေး။ ရာဇဝင်..."

"ဟာ...သီတာရယ်၊ နင်က တမှောင့်။ ဒီကလေးရဲ့ရာဇဝင်ဆိုတာ ဒီကလေးသမိုင်းကို ပြောတာ"

"သမိုင်းဆိုတော့ သော့ကြီးသားလား"

နားမလည်တော့နဲ့ ဘုသင်ရာလျှောက်ပြောနေတဲ့ သီတာ့ကြောင့် လင်းမြင့်အောင် ခေါင်းအမွှေးအုတ်ကုပ်ရင်း

"သီတာရယ်...မြန်မာစကားကို မြန်မာနားနဲ့ နားထောင်ပါ..ဒီကလေး စ,တွေ့ပုံကို ပြောပြတာ"

"ဪ...ဒီလိုလား..သိဘူးလေ"

ခက်ဆစ် စိတ်ပျက်လက်ပျက်နဲ့ ဒီကလေး စ,တွေ့ပုံကို ပြောပြပါတော့သည်။

ပြောသင့်ပြောထိုက်တာတွေ ပြီးဆုံးတော့ သီတာက ကလေးကို နမ်းရင်း -

"သနားပါတယ်ဟယ်...ကလေးမိဘတွေကလဲ ကိုယ့်ကလေးကို တောင် စွန့်ပစ်နိုင်ဘူး။ အင်း..ကလေးကို နာမည်တော့ ကိုယ့်ဘာသာကိုယ် ပေးသင့်တယ်"

"အေး..ဟုတ်တော့ ဟုတ်တယ်၊ ဘယ်လိုပေးမလဲ"

"နင်ပြောတဲ့ ရာဇဝင်ဖြစ်ဖြစ် သမိုင်းဖြစ်ဖြစ် ပေးလိုက်ပေါ့ကွာ"

ခပ်လွယ်လွယ် ပြောလိုက်ပေမယ့်...လင်းမြင့်အောင်စကားကြောင့်ပဲ သီတာ လက်ဖျောက်တစ်ချက်တီးလိုက်ပြီး -

"ဟုတ်တယ်..ရာဇဝင်လို့ပေးလိုက်မယ်၊ မကောင်းဘူးလား"

အရေးထဲ ကလေးက ထအော်တော့ သီတာက ချီထားရင်းက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

"ဟဲ့-ကလေးက ငိုနေတယ်...ဘာဖြစ်လို့လဲ"

မိုးဇော်က ပြုံးစိစိနဲ့ -

"နို့ဆာလို့နေမှာ"

"ဟော့ကောင်"



လင်းမြင့်အောင်ရဲ့ မှုန်တေတေနဲ့ ပြောစကားကြောင့် ခက်ဆစ်နဲ့ မိုးဇော်က ရယ်ပါတော့သည်။

သီတာက ဟိုလူ့ကိုကြည့်၊ ဒီလူ့ကိုကြည့်ရင်း အူကြောင်ကြောင်။

♛ ♛ ♛

"ဘာကွ"

ကန္တ့ကလျနဲ့ ဒေါသထွက်ပြနေပေမယ့် ခတ်ပြား တုန်လှုပ်သွားတာ အမှန်ပင်။

"ဟုတ်ကဲ့၊ ကျွန်တော့်သားနဲ့ ပတ္တမြားကြီးက ကားပေါ် ပါသွားပါတယ် ဆရာကြီး"

"ခတ်ပြား"

ဆရာကြီးက ဝုန်းခနဲ ထ,ရပ်တော့ သူ့ပုဆိုးစကို သူ နင်းထားအကြောင့် လုံချည်ကွင်းလုံးကျွတ်သွားပါသည်။

ဘောင်းဘီတိုလေးနဲ့ ဆရာကြီးမယ်ဝဏ္ဏပုံစံကြောင့် ခတ်ပြားနဲ့ ခတုံးပေါ် ထိပ်ကွက်တို့ လေးယောက် တဟားဟားနဲ့ရယ်တော့ ဆရာကြီးလက်ထဲက လက်ကိုင်တုတ်က သူတို့ခေါင်းတွေပေါ် တိန်..တိန်..တိန် မြည်သွားမတတ် အတီးခံလိုက်ရပါတယ်။

"ဟော့ကောင် ခတ်ပြား...မင်းကလေး မြန်မရရင် နေ...ငါ့ပတ္တမြားကို ရအောင် ယူခဲ့၊ ဆွာမိ..မင်းက ငါ့ကို ဒုက္ခပေးချင်တယ်ပေါ့၊ မယ်ဝဏ္ဏဆိုတာ ဘာကောင်လဲ မင်းသိစေရမယ်"

ခတ်ပြားတို့အားလုံးကတော့ ဆရာကြီးမယ်ဝဏ္ဏဟာ ဘာကောင်လဲဆိုတော့ အခြောက်ကြီးပါလို့ သိနေကြပါသည်။ ဒါပေမယ့် ရှိုးရှိုးခြောက်တာ မဟုတ်ဘဲ ရဲလို့ ခြောက်တဲ့အခြောက်ပါ။

"မင်း..အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှာ စုံစမ်းတော့ ဘာသိရလဲ"

ခတ်ပြားက သူ့ကတုံးကို တစ်ချက်ပွတ်လိုက်ပြီး

"ကျွန်တော် ကားနံပါတ်ကတစ်ဆင့် စုံစမ်းကြည့်တော့ ခက်ဆစ်ဆိုတဲ့လူ ခေါ်သွားတာတဲ့၊ ဒါပေမယ့် ဝင်းထဲက တက္ကစီသမားတွေဆီ စုံစမ်းတော့ ဆင်းသွားတဲ့နေရာကို မနက်ဖြန် သိရပါမယ် ဆရာကြီး"

မယ်ဝဏ္ဏကြီး သက်ပြင်းကြီးချရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပြားကိုကြည့်တော့ ခေတ်ပြား ဆိုတဲ့ သူ့လက်ရုံးတပည့်က ကလိန်ကကျစ် ဉာဏ်ဆင်တဲ့ လမ်းဘေးလူမိုက်မျိုး မဟုတ်။ ကတိလည်း တည်၊ အစွယ်လည်း ထက်တဲ့ တပည့်လေ။

အင်းပေါ့လေ..သူလည်း သူ့သားတောင် ပါသွားတာဆိုတော့။

"မင်းသားက ဘယ်လိုက ဘယ်လိုပါလာရတာလဲ"

"သားက မန္တလေးက အမျိုးတစ်ယောက်အိမ်မှာပို့ထားတာ ကြာ ခါပြီ...အော့ အဲဒီအမျိုးကလည်း ဆုံးတော့ ကျွန်တော် ပြန်ခေါ်လာတာပါ ဆရာကြီး"

"အေးပေါ့ဟယ်၊ နွားရာဝဲစွဲ လဲရာငပိထောင်း ဆိုတဲ့စကားပုံလိုပေါ့"

မယ်ဝဏ္ဏကြီးရဲ့စကားသံကြောင့် တခွီးခွီးဖြစ်ကုန်ကြပါသည်။

"တဲ့ - ဘာရယ်နေကြတာလဲ"

မယ်ဝဏ္ဏကြီးရဲ့ပျော့စိစိဒေါသစကားကြောင့် ကတုံးက ပြောင်နေ တဲ့ ကတုံးကိုပွတ်ရင်း -

"ဆရာကြီးကလဲ...နွားရာဝဲစွဲ လဲရာ အမှိုက်တောင်းပါ"

ကတုံးစကားကြောင့် ပေါကြီးက -

"ဟေ့ကောင်...ငခြောက်ထောင်းပါကွာ"

"မဟုတ်ပါဘူး...မရမ်းပေါင်း"

ခေတ်ပြား အဘိဓမ္မာအမျိုးမျိုး ဖွင့်ဆိုနေကြတဲ့ အဘိဓမ္မာဆရာ ကိုလူမိုက်တွေကို စိတ်ပျက်လက်ပျက်ကြည့်နေမိပါသည်။

ကိုယ့်မှာက ကိုယ့်အပူနဲ့ကိုယ်။ လုပ်ရမှာက လူမိုက်အလုပ်။

ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကိုမှ အငြင်းအခုန်ဖြစ်နေကြတဲ့ သူ့ဆရာ ကြီးကိုလည်း စိတ်ပျက်လက်ပျက်ကြည့်နေမိပါသည်။

ဆရာကြီးဆိုတော့ ဗိုလ်ကျတာ မထူးဆန်းပါဘူးလေ။

"ဟော့-ငါ ဆရာကြီး။ အားလုံး ငပိထောင်းပဲ"

"သင့်မြတ်ကြောင်းပါ ငပိထောင်း"

"ဘာ..."

"ဆရာကြီးမယ်ဝဏ္ဏ"

"ဟွန်း...ဟွန်း ဒါပဲနော်၊ ကဲ..ကိုယ့်နေရာကိုယ်နေကြ၊ ခေတ်ပြား နေခဲ့"



အားလုံးအသီးသီး ပြန်ထွက်သွားကြတော့ ဆရာကြီးမယ်ဝဏ္ဏက ထ,ရပ်ကာ ခေတ်ပြားရှိရာကိုလျှောက်ရင်း ခေတ်ပြားရဲ့ကတုံးကို မထိတထိ ပွတ်သပ်ကျီစယ်ကာ

"ခေတ်ပြား...မယ်မယ် ခေတ်ပြားအပေါ်မှာ သံယောဇဉ် ဘယ် လောက်ပွားတယ်ဆိုတာ နင် သိတယ်နော်"

ခေတ်ပြား ယားကျိကျိဝေဒနာကို ကျိတ်မှိတ်သည်းခံရင်း -

"သိ..သိပါတယ် ဆရာကြီး"

"ဒါပဲပေါ့၊ ပျောက်သွားတဲ့ပစ္စည်းနဲ့ ကလေးကို အမြန်ဆုံးနည်းနဲ့ ရအောင် ရှာပေတော့၊ ဒါပဲ...လိုအပ်တာပြော"

"ဟုတ်ကဲ့"

ခေတ်ပြား သက်ပြင်းချမိသည်။ ပတ္တမြားကြီးကိစ္စက ဘယ်လောက် တန်သည် မတန်သည် အရေးမကြီး။ အရေးကြီးတာက...သူ့သားလေး နိုးသည်။ မိုးတွေသည်းတဲ့အချိန်မှာ သူ့မိန်းမမိစံရဲ့အသက်နဲ့လဲယူရလောက် အောင် မွေးဖွားလာတဲ့ သားလေး၊ သူ့ရဲ့တစ်ဦးတည်းသော သားချစ်တစ် ယောက်။

အင်း...မနက်ဖြန်လောက်ဆို ကားဝင်းထဲက အဆက်အသွယ်က တစ်ဆင့် ဟိုကောင်လေး ဆင်းသွားတဲ့နေရာကို သိလောက်ပါပြီလေ။

♛ ♛ ♛

ခက်ဆစ်၊ လင်းမြင့်အောင်နဲ့ မိုးဇော်တို့ နာမည်ကြီးစင်တာတစ် ခုထဲမှာ လင်းမြင့်အောင်ရဲ့ညီးစားလေး သီတာ ရေးပေးလိုက်တဲ့ ပစ္စည်း စာရင်းကို တစ်ခုပြီးတစ်ခု ကြည့်ကာ ဈေးလှည်းခြင်းထဲ ထည့်ရင်း လင်း မြင့်အောင်က နို့မှုန့်ဗူးကို လှမ်းတွေ့တော့ -

"ခက်ဆစ်...မင်းရှေ့မှာ နို့ - နို့"

"ဘာပြောတယ်၊ ပါးရိုက်ခံချင်လို့လား"

အရေးထဲ ပွင့်လင်းမြင်သာမှုလွဲမှားတဲ့ မိန်းကလေးက ကက်ကက် လန် ရန်တွေ့တော့ -

"ဟင်...ရှင်..."

"ဩော်...လက်နှိပ်ခေတ်မီး"

"ရှင်...ရှင်နော်"

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတိုက်ဆိုင်တော့...ထိုဒေါသဖြစ်တဲ့ မဒန်းမလေးက လင်းခက်မီး ဖြစ်နေပါတယ်။ လင်းခက်မီးဒေါသကြောင့် ဘေးက မလတ်ကလည်း -

"အေးလေ...ဘယ်လိုလူတွေမှန်း မသိဘူး"

"မန္တလေးက လူတွေပါ မလတ်သန္တာတင်"

မလတ် ခက်ဆစ်စကားကြောင့် မျက်လုံးပြူးကာ

"ဟင်...ရှင် ကျွန်မကို သိနေတယ်"

"သိဆို ခင်ဗျားရင်ဘတ်မှာ ခင်ဗျားနာမည်ရှိနေတာကိုး"

အဲဒီတော့မှ မလတ် ကမန်းကတန်း သူမရင်ဘတ်ကို ကြည့်မိတော့ ကုမ္ပဏီကအပြန် ရင်ဘတ်က ရင်ထိုးတံဆိပ်ကို မဖြုတ်မိတာ သတိရမိသည်။

"လာပါ မလတ်ရယ်"

"အေး..အေးပါဟယ်"

လင်းခက် ပစ္စည်းထည့်တဲ့ခြင်းကို တွန်းရင်း မလတ်လက်ကို ဆွဲကာ ထွက်လာခဲ့မိပါသည်။

"ဟဲ့ နင်နဲ့သိလို့လား"

"မသိတာသိပေါ့ မလတ်ရယ်၊ ဟိုတစ်ခေါက် မန္တလေးကို ပြန်တော့ လင်းခက်ပြောတဲ့ ခက်ဆစ်ဆိုတာ အဲဒီအကျီအကွက်နဲ့လူပေါ့"

"ဩော်...နင်တို့လဲ ခက်ရာခက်ဆစ်တွေ့မိတာကိုး"

ခက်ဆစ် လင်းခက်တို့ထွက်သွားရာကို ငေးနေတော့ မိုးဇော်က အခုမှ သတိရဟန်နဲ့ -

"ဟေ့ကောင်...ရာဇဝင်ရော"

အဲဒီကျမှ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပါသည်။

အဲဒီကလေးက တောက်တဲ့တောက်တဲ့နဲ့ လှစ်ခနဲလှစ်ခနဲ ထွက်သွားတတ်တဲ့ ချာတိတ်လေ။

"ခုန မင်းချီထားတယ် မဟုတ်လား"

လင်းမြင့်အောင် ပြောတော့ မိုးဇော်က မျက်နှာငယ်လေးနဲ့

"ငါလည်း လက်ညောင်းတော့ ခဏချထားလိုက်တာ"

"ဟာ..ဒုက္ခပဲ၊ လူခွဲပြီး ရှာကြပါဦး"



သူတို့သုံးယောက် လူခွဲပြီး တစ်တန်းပြီးတစ်တန်း ရာဇဝင်ကို မြေလှန်ရှာကြရပါသည်။

ဒီကလေးကလဲ ရာဇဝင်နဲ့ချီပြီးဒုက္ခပေးတဲ့ ချာတိတ်။

လင်းခက်နဲ့မလတ်က လှည်းကို ငွေရှင်းမယ့် ကောင်တာအနားတွန်းလာရင်း မလတ်က ပစ္စည်းတွေကို ကောင်တာပေါ်တင်နေတုန်း

"ဟဲ့-ပလုပ်တုတ်..လုပ်..လုပ်ပါဦးဟဲ့ ဘာကြီးလဲ"

မလတ် သူ့ထဘီစကို လှည်းအောက်က ဆွဲနေတာ ဘာမှန်းမသိတော့ အလန့်တကြား ထ,အော်ပါသည်။

"ဟယ်..ကလေးလေးတော့၊ ဘယ်က ကလေးလည်း မသိဘူး ချစ်စရာလေးဟယ်..ညီမ..ညီမတို့က ကလေးမရောင်းပါဘူးနော်"

မလတ် ပြောပုံကြောင့် ငွေရှင်းကောင်တာက ချာတိတ်မတွေက ရယ်ကြပါသည်။ လင်းခက် ကလေးကို လက်ပြောင်းယူလိုက်ရင်း -

"ဒါ..ဟိုကောင်တွေရဲ့ကလေး"

မလတ်က အူလည်လည်နဲ့

"ဟဲ့ - ဘယ်ကောင်တွေရဲ့ကလေးလဲ"

လင်းခက် မကျေမလည်နဲ့

"ဟို..သဒ္ဒါလိုလို ဝါကျလိုလို ကောင်လေ..လင်းခက်ပြောတဲ့ဟာပေါ့ ကလေးဆိုတာ ဒီဟာလေးပေါ့"

"ဟယ်..သနားပါတယ်ဟယ်"

အဲဒီအချိန် ဟိုကိုယ်တော် သုံးယောက်က လင်းခက်လက်ထဲက ရာဇဝင်ကို တွေ့သွားကာ -

"ဟာ..ဟိုမှာ.."

"ရာဇဝင်ကိုတွေ့"

"ဟေ့ကောင်"

ခက်ဆစ်စကားကြောင့် လင်းခက် ဘာမှန်းမသိဖြစ်သွားပါတယ်။

"ဒီရာဇဝင်က ငါ့ရာဇဝင်..ပြန်ပေး"

"ရှင်..ဘာတွေပြောနေတာလဲ"

အဲဒီအခါကျမှ ခက်ဆစ်က လင်းခက်လက်ထဲက ကလေးကိုလှမ်းယူလိုက်ရင်း -

www.burmeseclassic.com

www.burmeseclassic.com



''ဒီကလေးနာမည်က ရာဇဝင်လေ''

''ရှင်''

လင်းဆက် ပါးစပ်အဟောင်းသား။ ခက်ဆစ်က ကလေးကိုကြည့်ပြီး ပွစိပွစိပြောကာ ထွက်သွားပါသည်။

''မင်းဟာလေ ရာဇဝင်နဲ့ ချီပြီး အလုပ်ပေးတဲ့ကောင်၊ ရာဇဝင် . . ရာဇဝင် . . မင်းဟာ ရာဝင်အိုးလို့ နာမည်ပေးရမှာ''

သူတို့စင်တာထဲက ထွက်လာတော့ ကားငှားပါတယ်။

ကားဆ ဈေးဆစ်နေတုန်း သူတို့နဲ့မလှမ်းမကမ်းကို တက္ကစီတစ်စီး ထိုးရပ်စောင့်ပါတယ်။ ကားပေါ်က ဆင်းလာသူက ဓာတ်ပြား။

ဓာတ်ပြားက ကားပေါ်က ဆင်းပြီး ကားခပိုက်ဆံ ထုတ်ပေးရင်း သော်ဝန့်အခွန်ကို လှေ့လာစဉ် -

''ဟာ . . သား''

ခက်ဆစ်က မိုးသည်းတစ်ဖြစ်လဲ ရာဇဝင်ကို ပွေ့ချီကာ ကားပေါ် တက်သွားပါသည်။

''ကားဆရာ . . ခဏ''

ကားပေါ်ကို ကမန်းကတန်းတက်ပြီး သူတို့ရှေ့က ထွက်သွားတဲ့ ခက်ဆစ်တို့ကားကို လက်ညှိုးထိုးပြကာ -

''အဲဒီကားနောက်က မျက်ခြည်မပြတ် လိုက်ပေး . . . ခင်ဗျားကို ကားခ ပိုပေးမယ်''

''အိုကေ''

ဓာတ်ပြား ငှားလာတဲ့ကားက နောက်က ထပ်ကြပ်မကွာ လိုက်ပါလာခဲ့ပါတယ်။ ခက်ဆစ်တို့က လုံးဝကို မရိပ်မိ။

တစ်နေရာရောက်တော့ လမ်းချိုးလေးအတိုင်းကွေ့ပြီး လူနေတိတ်ဆိတ်တဲ့ ခြံဝန်းထဲကို ကွေ့ဝင်သွားပါသည်။ ဓာတ်ပြား မလှမ်းမကမ်းမှာ ကားကိုရပ်ခိုင်းပြီး ကားခရှင်းပေးပါသည်။

''ရော့ - ဒါက ကားခ၊ ဒါက ဘောက်ဆူး''

''ကျေးဇူးပျာ''

ကားသမားက အကျေနပ်ကြီးကျေနပ်ကာ ကားနောက်ပြန်ဆုတ်ရင်း မောင်းထွက်သွားပါသည်။



ဓာတ်ပြား ခြံဝန်းအခြေအနေနဲ့ အနေအထားကို အကဲခတ်ပြီး အနီးအနားမှာ ဒီခြံနဲ့ ဒီမှာ လူဘယ်နှယောက်နေလဲ စပ်စုလိုက်ပါသည်။

♛ ♛ ♛

''ဟေ့ကောင် . . မိုးဇော်၊ ကလေးကို ဂရုစိုက်နော်''

ခက်ဆစ်က ရာဇဝင်ကို ရေမိုးချိုးပေးပြီး ပုခက်ထဲ ထည့်သိပ်ကာ ပါးစပ်မှာ နို့ဗူးတပ်ပေးလိုက်ပါသည်။

ဆိုင်က ဒီနေ့ သူ မသွားလို့မဖြစ်။ လင်းမြင့်အောင်ကို ဆိုင်ကို အရင်သွားခိုင်းထားရပါတယ်။ သူတို့သုံးယောက်က လူစည်ကားတဲ့ လမ်းဆုံတစ်ခုမှာ စာရေးကိရိယာနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ၊ ကွန်ပျူတာစာစီ စာရိုက်နဲ့ ဒီဇိုင်း၊ မိတ္တူ၊ စတာတွေနဲ့ပတ်သက်တဲ့ဆိုင် ဖွင့်ထားပါသည်။

ဒီနေ့နေ့လယ် အပုံဒီဇိုင်းတစ်ခုကို ခက်ဆစ် အပြီးအပ်ရမယ်လေ။ အဲဒါကြောင့် ခက်ဆစ် မသွားလို့မဖြစ်။ ဒီနေ့ အိမ်မှာ ထမင်းဟင်းချက်၊ ကလေးထိန်းဝေယျာဝစ္စတွေအတွက် တာဝန်ကျသူက မိုးဇော်။

''ဟေ့ကောင် . . . အိမ်တံခါး စေ့ခဲ့နော်''

မိုးဇော်က နောက်ဖေးမှာ ချက်ပြုတ်နေရာမှ လှမ်းအော်တော့ သူ အိတ်ကိုလွယ်ကာ -

''အေးပါ . . မင်း ကလေးကို တစ်ချက်တစ်ချက် လာကြည့်နော်။ ဟေ့ကောင် . . ငါတို့ကို ထမင်းချိုင့် ပို့ဖို့လည်း မမေ့နဲ့။ ဆိုက်ကား စီးလာနော် ဟေ့ကောင် . . ကလေး နေပူ . .''

''တော်ပါတော့ သောကြာသားရယ်၊ ငါသိပါတယ်ဟ''

မဆုံးနိုင်တဲ့ ဩဝါဒစကားတွေကြောင့် မိုးဇော်က လှမ်းအော်ပါတော့သည်။ သူ ရယ်ရင်း

''မင်းက စိတ်ချရတာမဟုတ်ဘူး မိုးဇော်၊ ညည်းစားတောင် ပန်းခြံထဲမှာ မေ့ပြီးထားခဲ့တဲ့ကောင်''

''တစ်ခါ နှစ်ခါလေပါကွာ''

မိုးဇော် တစ်ခါဖြစ်ဖူးသည့်ကိစ္စကို အစဆွဲထုတ်တော့ မိုးဇော်ဆီက ညောင်နာနာစကားတစ်ခွန်း ထွက်ကျလာပါသည်။

မိုးဇော်ကလည်း မိုးဇော်။ ပန်းခြံမှာ ညည်းစားနဲ့ချိန်းတွေ့ရင်း . . အိမ်သာသွားပြီးအပြန် လမ်းမှာ သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး ဘီယာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပါသွားကာ ရည်းစားကို လုံးလုံးလျားလျားကို မေ့ခဲ့ဖူးသည်လေ။ အဲဒီကိစ္စနဲ့တင် သူ့ကောင်မလေးက စိတ်တွေဆိုးကာ မျက်နှာမပြင်ချင်အောင်ဖြစ်ပြီး ပြတ်ခဲ့ဖူးသည့် နောက်ကြောင်းရာဇဝင်ကောင်းကောင်းရှိခဲ့ပါသည်။

မိုးဇော် ခက်ဆစ် ထွက်သွားပြီး တအောင့်ကြာတော့ ချက်သည့်ပြုတ်သည့်ကိစ္စအဝဝ ပြီးဆုံးပြီမို့ ရေအဝသောက်ကာ ရေမိုးချိုးဖို့ ရေချိုးခန်းဝင်ပါသည်။

အဲဒီမှာတင် ပြဿနာက စပါတော့သည်။

ရာဇဝင်က နို့ဗူးကိုချွတ်ကာ ပုခက်ထဲက ကုန်းရုန်းထပြီး ယိုင်ထိုးယိုင်ထိုးနဲ့ တွယ်ကပ်ကာ ပုခက်ခြံလေးထဲက လေးဘက်ထောက်လေးထွက်လာပါသည်။ ပြီးတော့ အိမ်ရှေ့တံခါးမကြီးဘက်ကို လေးဘက်ထောက်သွားပြီး ခပ်သာသာလေး ဟ,နေတဲ့ တံခါးကနေ အပြင်ကိုထွက်ပါတယ်။

ကလေးဆိုတော့ စူးစမ်းတာပေ့ါ။ ရာဇဝင်ရဲ့မလှမ်းမကမ်းမှာ ခွေးလေးတစ်ကောင် လာနားပါတယ်။ ရာဇဝင်က ရယ်ပြီး ခွေးရှိရာကို လေးဘက်ထောက် သွားတယ်။

ခွေးက နိမ့်နိမ့်ပဲ ပျံပြီး ရှေ့မှာ ပြန်နားတယ်။ ရာဇဝင်က ထပ်လိုက်ပြန်တယ်။ ခွေးက ခုနလိုပဲ နိမ့်နိမ့်ပဲ ပျံပြီး ရှေ့မှာ ပြန်နားပြန်ပါတယ်။

သည်အချိန်မှာ ဓာတ်ပြားတစ်ယောက် ဆရာကြီးမယ်ဝဏ္ဏ ကြံဖန်ပေးလိုက်တဲ့ တက္ကစီတစ်စီးကို မောင်းလာရင်း ခက်ဆစ်တို့ခြံရှေ့မှာ မယောင်မလည်ရပ်လိုက်ပါတယ်။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး မျက်မှန်အမည်းကြီးတပ်ထားတာကြောင့် သူ့ပုံစံက တက္ကစီသမားရုပ်ပေါက်လား မပေါက်လား သူမသိ။ သူသိတာက သူ့သားနဲ့ပတ်သက်ပြဿနာ။

ကားပေါ်က ဆင်းကာ ခြံဝင်းတံခါးမှာ ဟိုလိုလိုဒီလိုလိုနဲ့ ရပ်ပြီး ခြံထဲကို လှမ်းကြည့်ပါသည်။

"ဟာ"

ဓာတ်ပြား မမျှော်လင့်တဲ့အခွင့်အရေးကြောင့် ဝမ်းသာအားရပါးရ ပါးစပ်က လွှတ်ကနဲ ထွက်သွားပါတယ်။ ခြံတံခါးနဲ့ မလှမ်းမကမ်းမှာ တောက်တောက် တောက်တောက်နဲ့ လေးဘက်ထောက်လျှောက်လာတာက သူ့သားလေး မိုးသည်း။ သူ ဘေးဘီဝဲယာကို လှည့်လာတော့ နေ့ခင်းနေ့လယ်ဆိုတော့ လူသူက ရှင်းသည်။



"သားလေး မိုးသည်း။ လာ...ဖေကြီးဆီလာ"

သားက သူ့ကိုမြင်တော့ တခစ်ခစ်နဲ့ရယ်ကာ ခပ်သွက်သွက် လေးဘက်ထောက် လျှောက်လာပါသည်။ သူ့အနားရောက်တော့ သူ ခြံသံတိုင်တံခါးကြားထဲကနေ ကလေးကို မရမက ထုတ်ကာ ကားရှိရာဆီ အခြေအနေကို အကဲခတ်ပြီး မြန်မြန်လျှောက်လာပြီး သားကို ကားတံခါးဆွဲဖွင့်ကာ နောက်ခန်းထဲ ထည့်သည်။ ပြီးတော့ တံခါးကို မြန်မြန်ပိတ်ကာ ရှေ့ခန်းမှာ ထိုင်ပြီး ကားကိုမောင်းထွက်လာခဲ့ပါသည်။

ကားကိုမောင်းလာရင်း ရှေ့အကွေ့တစ်နေရာမှာ အမြန်ချိုးကွေ့တော့ နောက်တံခါးက လော့(ခ်)ကို ကလေးပီပီ ဟိုစမ်းဒီစမ်းဆွဲဖွင့်တော့ လော့(ခ်)ကို အသေမပိတ်ထားတာကြောင့် တံခါးကပွင့်ကာ ရာဇဝင် အရှိန်[illegible]အထွက်၊ ကားက ချိုင့်ထဲကျသွားတာကြောင့် တံခါးပိတ်သံနဲ့ရောကာ ဓာတ်ပြား မသိလိုက်။ သူက နောက်ကားပါ မပါ တစ်ဘက်နောက်ကြည့်[illegible]ကို ကြည့်နေတာကြောင့် သူ့ဘက်မဟုတ်တဲ့ အခြားတစ်ဘက်က လွင့်[illegible]သွားတာကို မသိ။

တံခါးက ကားကွေ့ပြီးတော့ အရှိန်နဲ့ပြန်ပိတ်သွားပါသည်။ ခုနပြောသည့်အတိုင်း ချိုင့်ထဲကျသွားသည်မို့ မသိလိုက်ပါ။

ကံများ ကောင်းချင်တယ်ဆိုရမလား...အရှိန်နဲ့လွင့်ထွက်သွားတဲ့ ရာဇဝင်လေးသည် ဘေးချင်းကပ် ဖြတ်မောင်းသွားတဲ့ အမိုးဖြုတ်ထားသော [illegible]ကားပေါ်က ဒန်းလော့မွေ့ရာကြီးပေါ် ဖုတ်ဆို ပြုတ်ကျပါသွားပါသည်။

အဲဒါကိုလည်း ဓာတ်ပြားမသိသေး။

အဲဒီမွေ့ရာကားကြီးက ခက်ဆစ်တို့ခြံရှေ့အရောက် ကားရှေ့က [illegible] ဖြတ်တော့ အရှိန်နဲ့ဘရိတ်အုပ်တော့ –

"ကျွီ"

"ဟာ..ခွေးမသား ခွေး...တောက်"

ဘရိတ်အုပ်ပြီးပြန်အကန် ရာဇဝင်လေးခမျာ လိမ့်ပြီး အောက်ကို [illegible]... ရုပ်ရှင်ကားဆန်ဆန်လို့ပြောရမလား..ကလေးများ နတ်ကြီး[illegible]လို့ဆိုမလား...မြက်ရိတ်သမားကိုအလာဒင် အပေါ့အပါးသွားချင်တာ [illegible]တဲ့ မြက်ထုံးပေါ် ပြုတ်ကျပြီး သက်သောင့်သက်သာ လေးဘက် [illegible]က်ကာ ခြံတံခါးခပ်ဟဟကနေ အထဲကို ဝင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..မင်းက ဒီမှာကိုး၊ လာခဲ့–ရေချိုးပြီး ဆိုင်ကိုသွားမယ်"

မိုးဇော် ကလေးကို မတွေ့တာနဲ့ အိမ်တံခါးဖွင့်တော့ လေးဘက်ထောက်ပြီး မော့ကြည့်ကာ ရယ်ပြနေတဲ့ ရာဇဝင်ကိုတွေ့တော့ ကောက်ချီကာ အိမ်ထဲဝင်သွားပါသည်။ ခတ်ပြားခများမှာတော့ ကားကိုရပ်ပြီး နောက်လှည့်ကြည့်တော့ ကလေးကိုမတွေ့တော့၊ စိုးရိမ်စိတ်နဲ့ခေါင်းတောက်အောင် ဖြစ်ကာ ပြန်လှည့်၍ လမ်းတောက်လျှောက်ရှာနေခဲ့ရပါသည်။

ခက်ဆစ်တို့အိမ်ရှေ့ရောက်တော့ ဆိုင်ကိုသွားမယ့် မိုးဇော်နဲ့ကလေးကိုတွေ့ကာ သူ အံ့သြသွားပါသည်။ မိုးဇော်ကလည်း အဆင်သင့်ချင်တော့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့ တက္ကစီကိုတွေ့တာကြောင့် လက်ပြကာ

"ကားအားလား"

ခတ်ပြားကလည်း ဘယ်လိုဘယ်လိုပြန်ရောက်လာတဲ့ သူ့သားကို ငေးကြောင်ကြောင်နဲ့ကြည့်ရင်း –

"အား...အားပါတယ်"

မိုးဇော် ထမင်းချိုင့်ထည့်ထားတဲ့ခြင်းနဲ့ ကလေးကြောင့် ခတ်ပြားက ရှေ့တံခါးကိုဖွင့်ပေးပါသည်။ မိုးဇော်က တက်ပြီး ဆိုင်နေရာကိုပြောပြပါသည်။ ခတ်ပြားက ကားမောင်းလာရင်း မသိမသာစပ်စုကြည့်မိသည်။

"ကလေးက ချစ်စရာလေးဗျ...ခင်ဗျားသားလား"

ရာဇဝင်က ကြွက်ရုပ်လေးကို ကိုင်ကာ မော့နေပါသည်။ မြင်နေရက်နဲ့ မကြင်ရတဲ့ဘဝပါ။ အခုအချိန်မှာ သူ့ကလေးလို့တော့ ပြောလို့မဖြစ်သေးပါ။ အခြေအနေက ဘာမှန်းမသိသေးဘူးလေ။

"မဟုတ်ပါဘူးဗျာ...ကျွန်တော့်သူငယ်ချင်း ကားပေါ်မှာ ကောက်ရလို့ စောင့်ရှောက်ထားတာ"

"ကလေးက ချစ်စရာလေးဗျနော်"

ခတ်ပြား သားကိုကြည့်တော့ သူ့ဆီမှာတောင် ဒီလောက်ပြောင်ပြောင်ရောင်ရောင်မရှိပါ။ အခုကြည့်စမ်း..သနပ်ခါးနဲ့အကျီ၊ဝမ်းဆက်လေးနဲ့ သားက အရမ်းကိုချစ်ဖို့ကောင်းလွန်းနေသည်။

မိုးဇော်က သဘောရိုးနဲ့ အခုလိုပြောမိပါသည်။

"အေးဗျာ..ဘယ်လိုမိဘတွေမှန်း မသိဘူး၊ ကိုယ့်ကလေးတောင် ကိုယ်မေ့ကျန်ခဲ့ရတယ်လို့၊ လူမှဟုတ်ကြရဲ့လား မသိဘူး"



ခတ်ပြား မိုးဇော်၏ အမှုမဲ့အမှတ်မဲ့စကားကြောင့် တွန့်သွားပါသည်။

"ရာဇဝင်ကို ကျွန်တော်တို့သူငယ်ချင်းသုံးယောက်က သားအရင်းလို ချစ်တာဗျ၊ အဖေအမေ ပြန်ပေါ်လို့ ပြန်လာခေါ်ရင်တောင် ပေးတောင်မပေးချင်တော့တာ အမှန်ပဲဗျ၊ ဟော..ဟော ဟိုရှေ့က ဆိုင်ရှေ့မှာ ရပ်မယ်"

ကားရပ်တော့ ခတ်ပြား တံခါးဖွင့်ကာ ဆင်းပြီး မိုးဇော်ဘက်က တံခါးကိုဖွင့်ပေးပါသည်။

"နေ..နေ..ကျွန်တော့်ကို ခြင်းပေး"

ခတ်ပြား မိုးဇော် ကလေးတစ်ဘက်နဲ့မို့ စေတနာအရင်းခံထားကာ ခြင်းကိုဆွဲပြီး လိုက်ပို့ပေးပါသည်။

"ကျေးဇူးပါပဲဗျာ"

ခက်ဆစ်က ကားရပ်ပြီး ကားသမားကိုယ်တိုင် ခြင်းဆွဲကာ လိုက်ပို့ပေးတာကြောင့် ဆိုင်ရှေ့ထွက်ကာ ခတ်ပြားလက်က ခြင်းကိုလက်ပြောင်းယူကာ –

"ကားဆရာကို အားနာစရာကွာ"

ခတ်ပြားက ရယ်ရင်း

"ရပါတယ်ဗျာ"

ခတ်ပြား ဆိုင်နာမည်ကိုကြည့်ကာ –

"ဒါ...ဆရာတို့သုံးယောက်ဆိုင်လား"

မိုးဇော်က ရာဇဝင်ကို ခက်ဆစ်လက်ထဲ လွှဲပြောင်းပေးရင်း

"ဟုတ်တယ်ဗျ၊ နောက်ကြုံလည်း ဝင်ခဲ့လေ"

ခတ်ပြား ခေါင်းညိတ်ကာ

"စိတ်ချ...လာခဲ့မယ်"

ခတ်ပြား ထွက်သွားတော့ မိုးဇော်က ကားပေါ်တက်ပြီး လက်ပြ ထွက်သွားတဲ့ ကားဆရာကို လက်ပြန်ပြရင်း

"ရုပ်ကတော့ လူဆိုးလူမိုက်ရုပ်၊ သဘောကလေး ကောင်းတယ် ရာဇဝင်ကို အတော်ချစ်ပုံရတယ်၊ မင်းကောင်ကလည်း သူ့အဖေကျ အတာပဲ..တံခစ်ခစ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ် မိုးဇော်စကားကြောင့် သဘောကျစွာရယ်ရင်း ရာဇဝင့်ပါးလေးကို ဆွဲညှစ်မိသည်။

♛ ♛ ♛

"ဟဲ့ – ဟဲ့၊ ဟိုကလေးလေး"

မလတ်က အလန့်တကြားနဲ့ ပြောတော့ လင်းခက် လျှောက်နေရင်းက အမှုမဲ့အမှတ်မဲ့ ပြောမိပါသည်။

"ဘယ်ကလေးလဲ... ထွန်းလင်းနဲ့ကိုဇော်လွင်ဦးသား ဟိုမျောက်နှစ်ကောင်လား"

"အာ..ဘယ်က ဟုတ်ရမှာလဲ၊ နင်တို့ကားပေါ်မှာ ကောက်ရတဲ့ ဝါကျရဲ့သားလေး... ရာဇဝင်ဆိုလား... သမိုင်းဆိုလားဟာ"

မလတ်ပြောတော့ သူမ ပြုံးတုံးပြောတာဖြစ်သွားပါသည်။ လင်းခက်ကိုယ်တိုင်လည်း ဒီရက်ပိုင်းအတွင်း ကလေးကို သိပ်တွေ့ချင်နေတာလေ။

ဘယ်ဘဝရေစက်မှန်းကို မသိ။ ကလေးက သံယောဇဉ်ဖြစ်စရာလေး အခြေအနေအကြောင်းကြောင့်သာ သူမ မခေါ်ဖြစ်ခဲ့။

ပြီးတော့ – သတင်းကြားရသည်က ယောကျ်ားသားသုံးယောက် အိမ်ဆိုတော့ ကလေးရဲ့ကယိကထကို ခံနိုင်ရည်ရှိပါ့မလား စိုးရိမ်ပူပန်မိပါသည်။

"ဘယ်မှာလဲ မလတ်"

"ဟိုမှာ"

တွေ့ပါပြီ။

ကလေးက ဘယ်လိုကဘယ်လို ပလက်ဖောင်းပေါ် ရောက်နေမှန်း မသိ။ လေးဘက်ထောက်လေး ဆတ်တောက်ဆတ်တောက်နဲ့ လျှောက်သွားနေပါသည်။ တော်သေးတာပေါ့၊ ကားလမ်းပေါ်မရောက်လို့။

သူမ ကလေးဆီ အပြေးသွားကာ အမြန်ပွေ့ချီရင်း ဝါကျဆိုလား ခက်ဆစ်ဆိုလား ပုဂ္ဂိုလ်တွေကို ရှာကြည့်ရပါသည်။

"ဟော...ဟိုမှာ မလတ်"

တွေ့ပါပြီ။ ပုဂ္ဂိုလ်က ဈေးခြင်းတောင်းကြီး ဘေးမှာချကာ ကွမ်းယာဆိုင်ဘေးမှာ လူကြီးတစ်ယောက်၊ မိန်းမကြီးတစ်ယောက်၊ အကောင်ကြီးကြီး ကလေးတစ်ယောက်နဲ့ ဘာတွေဖြစ်နေကြသည်မသိ။



သူမတို့ အနားရောက်တော့ –

"ရှင့်ကလေးက ကျွန်မသားကိုလုပ်တာ ဆေးဖိုးဝါးခတော့ ပေးရမှာပေါ့"

"ဘာဗျ...ကြည့်ကျက်လည်း လျှော်ကြေးတောင်းစမ်းပါဦး... ဆင်ပြောင်ငါးစီး အားမာန်ကြီးတဲ့ ခင်ဗျားသားကို..ကျုပ်သား ပုစိနောက်တောက်လေးက လုပ်တယ်"

"ဘာတွေဖြစ်နေတာလဲ ခက်ဆစ်"

လင်းခက်က မေးတော့ ခက်ဆစ်က အခုမှ ရာဇဝင်ကိုမြင်ကာ ပျာပျာသလဲနဲ့

"ဟာ–ကျေးဇူးတင်တယ် လင်းခက်၊ ရန်ဖြစ်နေတာနဲ့ ကိုယ့်ကလေးတောင် ကိုယ်မေ့နေတယ်၊ ဒီမှာလေ ကျွန်တော် ခံတွင်းချဉ်တာနဲ့ ဈေးကအပြန် ကွမ်းတစ်ယာလောက်စားချင်တာနဲ့ ကလေးကို ဒီကားမှတ်တိုင်ကခုံမှာ ချပြီး ကွမ်းဝယ်စားနေတုန်း..ရာဇဝင်က ဒီအားကောင်းမောင်းသန်ကလေးကို ခေါင်းကိုထုတယ်တဲ့၊ အဲဒါ လျှော်ကြေးတောင်းနေတာ"

"ဗုဒ္ဓေါ"

မလတ်နဲ့ လင်းခက်၊ ထိုကလေးကြီးကို ကြည့်ပြီး ဘုရားတ,မိပါသည်။ ကြည့်ရတာ ပုံစံတွေက သိပ်မမှန်၊ လုပ်ခွင်ဆင်သည့်ပုံစံမျိုး။

လင်းခက် နည်းနည်းတော့ စိတ်က တင်းခနဲဖြစ်သွားပြီး –

"ဟုတ်လို့လားရှင်၊ ရှင်တို့ အိပ်ချင်မူးတူးနဲ့ ကယောင်ကတမ်းဖြစ်နေပုံပဲ"

မလတ်ကလည်း ဘယ်နေမလဲ၊ ပွင့်လင်းမြင်သာတဲ့အတွေးနဲ့

"ဖြစ်တော့ဖြစ်နိုင်တယ်၊ ရာဇဝင်လေးက လေကားထောင်ပြီး ဒီကလေးခေါင်းကို လက်သီးနဲ့ထိုးမှရမှာ"

"ဘာဗျ၊ ဘာစကားပြောတာလဲ၊ မသိရင် ကျုပ်တို့ကပဲ ကလိမ်ကကျစ်လုပ်ပြီး လျှော်ကြေးတောင်းနေသလိုလို၊ ကျုပ်တို့က ကျုပ်တို့သားကို ရွှေပေါ်မြတင်ထားတာ"

ကလေးရဲ့အဖေ စိတ်ဆိုးမာန်ဆိုးနဲ့ပြောတော့ ခက်ဆစ်ကလည်း ဘယ်နေမလဲ၊ ကိုယ့်ပုံစံကိုမှအားမနာ၊ စကားကြီးစကားကျယ် လွှတ်နေတဲ့ ကလေးအဖေကို အခုလိုတုန့်ပြန်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



''ကိုရွှေပေါ် မမြတင်နဲ့ပဲထားထား၊ ရွှေပေါ်ပဲ ထိုးထိုး၊ ကျုပ်အလုပ် မဟုတ်ဘူး၊ လျှော်ကြေးတော့ မရဘူး၊ နဖာချေးပဲ ရမယ်၊ ယူမလား''

''ဟဲ့-အကောင်၊ နင် ဘာစကားပြောတာလဲ၊ ရုပ်ကိုက ငရဲကို ဆားသိပ်ပြီး ဖနောင့်နဲ့ သုံးချက်အပေါက်ခံထားရတဲ့ရုပ်''

ဘယ်နေမလဲ၊ ခက်ဆစ်ဆိုတာကလည်း မျိုးနဲ့ရိုးနဲ့ရန်ဖြစ်လာတာ၊ လုံချည်ကို စွန်တောင်ဆွဲကာ -

''ဒန်ဖလားမ...အမှိုက်ပုံက နို့ဆီခွက်မ...နင်လည်း သုံးချက်အပေါက်ခံချင်လို့လားဟဲ့''

လင်းခက် ခက်ဆစ်ပုံစံကြောင့် ပြုံးစိစိ ဖြစ်မိပါသည်။ ဒါပေမယ့် ရိုးရိုးမိရာက တစ်ဘက်ကလူက ခက်ဆစ်နဲ့ ဘာမှမဆိုင်၊ နာမည်ကျော် လက်ဖွဲ့သမားခန္ဓာကိုယ်မျိုး။ အဲသည်အချိန်မှာပဲ -

''ကျွီ''

''ဘာဖြစ်တာလဲ''

ကားရပ်သံနဲ့အတူ တံခါးဖွင့်ဆင်းလာသူက ဓာတ်ပြား။

ဓာတ်ပြားကို မြင်တော့ ခက်ဆစ် အားတက်သွားကာ ပါးစပ်ထဲရှိသမျှ ပြောပါတော့သည်။

''ဟာ...အဥ္စာဝက ကိုမိုက်တီး၊ ဒီမှာဗျာ...''

သူ့ထက် ပိုအကောင်ထွား၊ ပိုပြီး မိုက်ရုပ်ပေါက်တဲ့ ဓာတ်ပြားပုံစံကြောင့် ဟိုလူတွန့်သွားကာ -

''လာပါ မိန်းမရာ...ဒီလူတွေနဲ့ဖက်ကိုက်မနေနဲ့တော့''

''ဘာ...ရှင်က ကျွန်မကို ခွေးလို့ပြောတာလားရှင့်''

ရန်ဖြစ်ရင်း တွန်းလားထိုးလားနဲ့ ဆွဲခေါ်သွားတဲ့ အဲဒီသုံးယောက်ကို ကွမ်းယာသည် ကိုကုလားက -

''အဲဒီလူတွေက အဲဒီလို အမြဲလုပ်နေကျဗျ...ကျွန်တော်လည်း မပြောသာလို့ မပြောတာဗျ''

''ရှင်ကလဲ ဖြစ်လိုက်ရင် အဆန်းပဲ၊ ရှင်ကလည်း ရန်လည်းတွေ့ ကိုယ့်ကလေးလည်း ကိုယ်ဂရုစိုက်ဦးရှင့်''

လင်းခက် အမြင်ကပ်ကပ်နဲ့ ပြောရင်း ကလေးကို လှမ်းပေးတော့ ခက်ဆစ် ရယ်ကျဲကျဲနဲ့ ကလေးကိုလက်ပြောင်းယူကာ -



''ဟုတ်ပါရဲ့ဗျာ၊ ရန်ဖြစ်ရတာ အာတွေ့နေတာနဲ့ ကလေးတောင် မေ့သွားတယ်''

''ကဲ...သွားဦးမယ်၊ ဒါနဲ့ ကလေးကို တွေ့တော့ တွေ့ချင်သေးတယ်၊ ဘယ်မှာ လာတွေ့ရမလဲ''

လင်းခက် သဘောရိုးနဲ့ပြောပေမယ့် ခက်ဆစ်က သူ့ဝသီအတိုင်း

''ကလေးတို့အမေ လာတွေ့ချင်လို့လား...ရော့-ကလေးတို့အဖေ နဲ့လိပ်စာကဒ်''

လင်းခက် မျက်နှာရဲရဲနဲ့လှမ်းယူကာ -

''ရှင်နော်...အဲဒါကြောင့် ရှင့်ကို အမြင်ကပ်တာ''

''သိပ်မကပ်ပါနဲ့ဗျာ..လူတွေနဲ့၊ တော်ကြာ အရမ်းကဲတယ်ထင် နေဦးမယ်''

သူမ မျက်စောင်းကြီးထိုးပြီး မလတ်လက်ကို ဆွဲကာ ထွက်သွား တော့ မလတ်က ရယ်ရင်း -

''ဟဲ့-ဖြည်းဖြည်းဆွဲပါဟဲ့ ကလေးတို့အမေ''

သူတို့ ထွက်သွားရာကို ခက်ဆစ်နဲ့ဓာတ်ပြားတို့က ကြည့်ပြီး.. သဘောတွေ့နေကြပါသည်။

''ခင်ဗျာကောင်မလေးလား ခက်ဆစ်''

''မဟုတ်ရပါဘူးဗျာ၊ ဒီကလေးကို ကားပေါ်မှာ သူနဲ့ကျွန်တော် ပြောတုန်းတွေ့တာ...ကလေးကို သံယောဇဉ်ဖြစ်နေပုံရတယ်ဗျ''

ဓာတ်ပြားက သားကိုချစ်ခင်ဟန်နဲ့ ဆံပင်တွေ ဖွကာ စ,ရင်း

''ကဲ..လာ၊ ကျုပ်လိုက်ပို့ပေးမယ်''

''ဟာဗျာ...မဟုတ်တာ၊ အိမ်က ရွှေနားဆို ရောက်ပြီပဲဟာ''

''လုပ်မနေနဲ့၊ လာပါဗျာ''

နောက်ဆုံးတော့ ဓာတ်ပြားဆိုတဲ့ပုဂ္ဂိုလ်ကို ခက်ဆစ် လက်လျှော့ကာ လိုက်ပို့တာကို လက်ခံလိုက်ရပါသည်။

♛ ♛ ♛

''ဓာတ်...ဓာတ်...''

ဆရာကြီးမယ်ဝဏ္ဏ ဒေါသတကြီးနဲ့လှမ်းအော်တော့ -

''ခင်ဗျာ ဆရာကြီး''

www.burmeseclassic.com

www.burmeseclassic.com



မယ်ဝဏ္ဏကြီးပုံစံက ခြောက်ရတဲ့အထဲ နေပူထဲ ထုတ်အလှမ်းခံရသလို မအီမသာ။

"ညည်း၊ ငါ့ဟာကို ဘယ်လိုလုပ်မှာလဲ"

ပြောပုံက။

အခြောက်တို့မည်သည် အနှောင့်အသွား မလွတ်အောင် ပြောရမည်ဟု အခြောက်သမိုင်းမှာ သစ္စာခံထားသည်လား မသိ။

"ကျွန်တော် တဆုံးလုပ်ပေးပါ့မယ် မယ်မယ်"

အချိုကျွေးတော့လည်း မယ်ဝဏ္ဏက မျက်လုံးကြီးပြူးပြီး

"နင် ဘာတွေပြောနေတာလဲဟဲ့"

ခတ်ပြား သူ့ခေါင်းကို သူပွတ်ပြီး

"ဆုံခန်းတိုင်အောင် ပတ္တမြားကြီးကိုလိုက်နေပါတယ် ပြောတာဝါ မယ်မယ်"

မယ်ဝဏ္ဏကြီးက ခေါက်ယပ်တောင်လေး ဖြန့်ပြီး လူမမာ ညည်းသလို တဟင်းဟင်းနဲ့ မျက်စောင်းကလေးထိုးကာ ရယ်ရင်း

"ကြာလာလေလေ ငါထွက်လာပြီနော် ခတ်ခတ်"

"လိပ်ခေါင်းလား မယ်မယ်"

အလိုက်ကန်းဆိုးမသိ၊ ခတ်ပြားက ပြောတော့ ကတုံးပေါ်ထိပ်ကွက်တို့က တဟားဟားနဲ့ရယ်တော့ မယ်ဝဏ္ဏကြီး သူ့ရဲ့မလှမပမျက်နှာကြီးနဲ့ ဟိုသုံးကောင်ကိုကြည့်ကာ လက်ကလည်း မြန်ပါ့၊ ဖြန်း ဖြန်း ဖြန်းဆို ပါးတွေရိုက်ပြီးသား။

"နင်တို့က ငါ့ကို သရော်ရဲတယ်ပေါ့လေ၊ ခတ်ခတ်လို နင်တို့ လိုက်ပြောလို့ရမယ်ထင်သလား၊ ခတ်ပြား...ငါ ကြာလာလေလေ ဒေါသပိုကြီးလာလေလေနော်"

"ဘယ်လောက်တောင်ကြီးလဲ"

"ဒီလောက်"

မယ်ဝဏ္ဏရဲ့လက်ဆစ်ကလည်း ခတ်ပြားခေါင်းကို ဒေါက်ကနဲ

"နင်တို့နဲ့နေရင် ငါ အသက်ထွက်လိမ့်မယ်၊ ဘယ်လိုကောင်တွေမှန်းမသိဘူး၊ နင်တို့ဟာလေ"

"ဗျာ"



"ဆရာကြီး...ဟို..."

အားလုံး တွန့်ဆုတ်ဆုတ်ဖြစ်သွားတော့ မယ်ဝဏ္ဏကြီး ကမန်းကတန်း ရှင်းပြရပါသည်။

"ဟဲ့-ဘာမကောင်းတဲ့အတွေးတွေ တွေးနေတာလဲ၊ ငါပြောတာမြန်မာစကားရိုးရိုးဟဲ့၊ သွား...သွားစမ်း"

အဲဒီလောက်ပြောတာတောင် ကတုံးက -

"ဆရာကြီးအခန်းကိုလားဟင်"

"ဒီကောင်"

"တိန်"

လက်ဆစ်က မြန်ပါ့။ ကတုံးခေါင်းတွေ ထုပူသွားကာ ဆရာကြီးရှေ့က အမြန်လစ်ထွက်ခဲ့ရပါသည်။

"ခတ်...ခတ်..ညည်းနေခဲ့"

"အား...ဟာ...ဟာ..."

ခတ်ပြားက ချက်ချင်းပင် သီချင်းဝစ်ပုဒ်ကိုညည်းနေတော့ မယ်ဝဏ္ဏကြီး စိတ်ပျက်ပျက်နဲ့

"ဟဲ့ ဘာဖြစ်ရတာလဲ"

"မယ်မယ်..ညည်းနေခဲ့ဆို"

"ဟဲ့-နင် နေခဲ့ဦးလို့ပြောတာဟဲ့၊ နင်တို့ဟာလေ"

"ဗျာ"

ဒီကောင်တွေလုပ်ပုံနဲ့ မယ်ဝဏ္ဏခမျာ ပိုပြီးအိုဇာတာရုပ်ပေါက်လာပြီလား မသိပါ။ ဒီလူဆိုးအလုပ်တွေကိုလည်း မယ်ဝဏ္ဏကြီး မလုပ်ချင်တော့ပါ။ ပြီးတော့ ဒီပတ္တမြားကိစ္စ ပြီးရင် ခတ်ပြားနဲ့ကလေးအတွက် ပေးသင့်တာ ပေး၊ ရှင်းသင့်တာ ရှင်းပေးပြီး သူတို့လောကက ထွက်ခိုင်းတော့တာပဲ ကောင်းပါတယ်။ လူမိုက်စေတနာပေါ့။

"ဟဲ့-နင် ကိစ္စကို မြန်မြန်အကောင်အထည်ဖော်နော်၊ ပြီးရင် တာလေးကို ငါရှင်းမယ်"

"ဗျာ"

ခတ်ပြား ဆရာကြီးဒီလောက်အထိ ရက်စက်မယ်လို့ မထင်မိခဲ့။ ဒီတော့ ခေါင်းနပန်းကြီးသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့-ဘာထုံပေပေလုပ်နေတာလဲ၊ သွား..သွား..သွားတော့"

ခေတ်ပြား ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံသွားခဲ့ပါသည်။ သားအတွက်လည်း စိုးရိမ်ပူပန်မိသည်။

♛ ♛ ♛

ကတုံးပေါ်ထိပ်ကွက်တို့ သုံးယောက်သား ခြံနှစ်ခြံကို ကြည့်နေပါတယ်။ ကတုံးက စပြီးပြောတယ်။

"ဒီဘက်ခြံ ထင်တယ်ကွ"

ကတုံးစကားကို ပေါ်ကြီးက လက်မခံ။

"မဖြစ်နိုင်ဘူးနော် ကတုံး၊ ငါ့အထင် ဒီဘက်ခြံဖြစ်မယ်"

ထိပ်ကွက်ကတော့ ထုံးစံအတိုင်း..နောက်လိုက်ပီပီ ဟိုငေးဒီငေးပေါ့။ ကတုံးက သူ့အမြင်ကိုဆန့်ကျင်တဲ့ ပေါ်ကြီးကို မကျေမလည်ကြည့်ပြီး

"မဖြစ်နိုင်ဘူး ပြောရအောင် မင်းက ဘာကြောင့်မို့လို့ပြောရတာလဲ သက်သေပြ"

ပေါ်ကြီးက ဘာလုပ်လုပ် ကတုံးကိုဆန့်ကျင်ရရင် ပြီးရောဆိုတဲ့ ခံယူချက်နဲ့အတူ -

"ကတုံးရာ-ဒါလေးတောင် မသိဘူးလား။ လူဆိုးဆိုတာ စုံထောက်တွေထက် မျက်လုံးပိုလျင်ရတယ်ကွ"

"မျက်လုံးအရမ်းလျင်ရအောင် မျက်လုံးကိုထုတ်ပြီး ခေါင်းပေါ်တင်ထားရမယ် ဆိုလိုတာပေါ့"

"ကတုံး-မင်း ကပ်သတ်မပြောနဲ့၊ ငါပြောတာက လေ့လာအကဲခတ်တတ်ဖို့ ပြောတာ၊ မင်း ဟိုမှာတွေ့လား။ ကလေးဘောင်းဘီတွေ လှန်းထားတာ၊ အဲဒါကြောင့် ဒီဘက်အိမ်လို့ မင်းကိုပြောတာ ငတုံးရဲ့"

"ဟေ့ကောင်..ငါ ငတုံးမဟုတ်ဘူး ကတုံးကွ၊ ဒီလိုဆို ဒီဘက်အိမ်က ခြံထဲမှာ ကလေးစီးတဲ့ ကား မတွေ့ဘူးလား၊ ဒါကြောင့် ငါက ဒီဘက်အိမ်လို့ပြောတာ"

ထိပ်ကွက်က အမြဲတစေ ခပ်ငိုက်ငိုက်မျက်လုံးနဲ့အတူ တစ်ချက်သမ်းဝေလိုက်ရင်း -

"အားဟား..ဒါဆိုလည်း နှစ်အိမ်လုံးက ကလေးကို သွားမေးကြည့်ရအောင်ကွာ၊ သူကတော့ ပြောမှာပေါ့"



ထိပ်ကွက်စကားကြောင့် ကတုံးနဲ့ပေါ်ကြီး ထိပ်ကွက်ခေါင်းကို ဝိုင်းခိုက်ကြရင်း -

"ကလေးက စကားတောင် မပြောတတ်သေးဘူး ခွေးကောင်ရဲ့၊ ဒီကောင် ဘယ်လိုကောင်မှန်းမသိဘူး"

"အေးကွာ-လူဆိုးထဲမှာ ဉာဏ်အတိမ်ဆုံးလူဆိုး"

ပေါ်ကြီးစကားကြောင့် ကတုံးကလည်း ယခုလို ထောက်ခံစကားပြောပါတယ်။

"အေးကွာ...တကယ်ဆို ဒီကောင် လူဆိုးဖြစ်ရမှာ မဟုတ်ဘူး၊ ဟောင်ဒိုနန်းတော်က ဒိုင်လူကြီးဖြစ်ရမှာ"

ထိပ်ကွက်က အဲဒါတောင် မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့ ဆိုပါသည်။

"ငါ့အရင်အလုပ်ကလည်း ဒိုင်ပဲလေ ချဲဒိုင်။ အခြေအနေမကောင်းတာနဲ့ ဘောလုံးဒိုင်လူကြီးသင်တန်းတက်ပြီး ဒိုင်ဝင်လုပ်လိုက်သေးတယ်"

"နောက်တော့ရော"

"နောက်တော့ ဘောလုံးပွဲတစ်ခုမှာ တာဝန်ကျရော...အဲ့ရောကွာ..တစ်ဘက် ဆယ့်တစ်ယောက် - ပေါင်း နှစ်ဆယ့်နှစ်ယောက် ကန်တာ ဘောလုံးက တစ်လုံးတည်း၊ ငါလည်း အားနာတာနဲ့ ဘောကောက်တွေဆီက ဘောလုံးတွေတောင်းပြီး စေတနာနဲ့ ကွင်းထဲကန်ထည့်တာပေါ့"

ထိပ်ကွက်စကားကြောင့် ဟိုနှစ်ကောင်က ရယ်သည်။ ပေါ်ကြီးက အူနာပါးရရယ်ရင်း

"အဲဒီမှာ ပြုတ်ရောလား"

"ချက်ချင်းတော့ မပြုတ်ဘူးသေးဘူး။ ဘောလုံးပွဲက မစသေးတော့ ခွင့်လွှတ်မိသေးတာပေါ့၊ ဘောလုံးပွဲ စတော့မှ အလုပ်က ပြုတ်တာ"

"ဘာဖြစ်လို့လဲ"

ထိပ်ကွက်က မျက်နှာငယ်လေးနဲ့ပြောပါသည်။

"ကွင်းဘေးနားက နည်းပြကြောင့်ပေါ့ကွာ"

"ဘာဖြစ်လို့လဲ၊ မင်းကို ဆဲလို့လား"

ထိပ်ကွက် သနားကမားမျက်နှာလေးနဲ့ ခေါင်းခါကာ

"ဟင့်အင်း၊ ငါ့ကိုတော့ မဆဲပါဘူး၊ သူ့လူတွေကို ဆဲတာ"

www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ၊ မင်းက မခံချင်ဖြစ်ပြီး ဝင်ထိုးလို့လား''

''အာ..မထိုးပါဘူးကွာ၊ ငါနဲ့ဘာဆိုင်တာမှတ်လို့''

''ဒါဆိုရင် ဘယ်လိုဖြစ်လို့လဲ''

ထိပ်ကွက်က ခပ်ငိုက်ငိုက်မျက်လုံးတွေနဲ့ တစ်ချက်သမ်းလိုက်ပြီး

''အဲဒီနည်းပြက သူ့လူတွေကို မင်းတို့ ခြေမပေါ်ဘူး ခြေမပေါ်ဘူး ပြောနေတာနဲ့ ငါ အဲဒီသူ့ဘက်က ဘောသမားတွေကို အတင်းခြေအိတ် ချွတ်ခိုင်းတာလို့''

ထိပ်ကွက်စကားကြောင့် ကတုံးနဲ့ပေါ်ကြီး တဟားဟား။ ကတုံး ရယ်ရင်း မျက်ရည်တွေတောင် ထွက်လာတာကြောင့် မျက်ရည်သုတ်ရင်း

''ကဲ..ထိပ်ကွက်၊ မင်းအကြောင်းပြောရင် ဆုံးမှာ မဟုတ်တော့ ဘူး..ငါသိတယ်၊ ဟော..ဟိုမှာ..''

ကတုံး ကမန်းကတမ်းပြတော့ ခုန ကလေးကစားစရာကားလေး ရပ်ထားတဲ့နေရာကို ကလေးတစ်ယောက် ဆတ်တောက်ဆတ်တောက်နဲ့ လျှောက်လာပါသည်။

''ဟော့ကောင်..ကလေး''

''အေး..တွေ့သားပဲ၊ လူကြီးမှမဟုတ်ဘဲ''

ထိပ်ကွက်က အရေးထဲ အူတူတူပြောနိုင်ပါသေးတယ်။ ပေါ်ကြီး က ထိပ်ကွက်ခေါင်းကို ခေါက်ရင်း –

''ဒီဒင်္ဂကို ပြောမနေနဲ့၊ ကြာပါတယ်ကွာ..ဒီကလေးပဲ ဖြစ်မယ် လူရှင်းတုန်း သွားခေါ်ကွာ''

''ကောင်းတယ်..ပေါ်ကြီး–မင်း လူကြည့်ထား၊ ငါသွားခေါ်မယ်''

ကတုံးက ဟိုကြည့်ဒီကြည့်နဲ့ ကလေးကိုချီပြီး အမြန်ခေါ်လာခဲ့၏။ ခြံပြင်ရောက်တော့

''ကျွီ''

''ဟာ..ခတ်ပြား''

ခတ်ပြား စိတ်မချတာကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ရောက်လာ ခဲ့တာ မှန်သွားပါပြီ။

ကတုံးလက်ထဲက ကလေးကိုတွေ့တော့ –

''ဟော့ကောင်တွေ၊ ဒါလေးက ဘယ်သူ့ဟာတုန်း''



ကတုံးက ခတ်ပြားကို မျက်စောင်းထိုးရင်း

''ဟာ..မင်းဟာလေးလေ..ပတ္တမြားတော့ မတွေ့ဘူး၊ ကလေး ကိုတွေ့တာနဲ့ ကောက်မ,လာခဲ့တာ''

ကတုံးစကားကြောင့် ခတ်ပြား စိတ်ပျက်လက်ပျက်နဲ့ရှုံ့မဲ့ရင်း

''ဒီကောင်တွေတော့ကွာ၊ သွား..သွား..အဲဒီကလေး မဟုတ် ဘူး ကလေးက ဒီဘက်ခြံကကွ''

''တွေ့လား..ငါ မပြောဘူးလား''

''မင်းပဲ ဟုတ်တယ်ဆို''

''ဟော့ကောင်တွေ...ငြင်းမနေနဲ့၊ ကလေးကို ခြံထဲထားခဲ့၊ မင်း တို့လုပ်ပုံနဲ့တော့ကွာ..သွား...သွား''

ကတုံး ခြံထဲကို နောက်တစ်ခါ ပြန်ဝင်ပြီး ကလေးကိုထားထားခဲ့ ရပါသည်။ ဒါတောင် ကလေးက သူ့ကို ထားသွားလို့ 'ဝါး'ကနဲ ထ,ငိုလို့ အားဆီ အမြန်ပြေးကာ မောင်းထွက်လာခဲ့ရပါသည်။

♛ ♛ ♛

ဒီတစ်ခါတော့ ထိပ်ကွက်ကို မခေါ်တော့ဘဲ ကတုံးနဲ့ပေါ်ကြီးတို့ အားတစ်စီးနဲ့ ခက်ဆစ်တို့အိမ်ရဲ့ ခပ်လှမ်းလှမ်းကနေ...မျက်ခြည်မပြတ် စောင့်ကြည့်နေမိပါသည်။

''ဟော''

ကတုံးရဲ့ ရုတ်တရက် 'ဟော...'ဆိုတဲ့ စကားကြောင့် ပေါ်ကြီး ကမန်းကတန်းနဲ့

''ကလေးလား ကတုံး''

''ဟင့်အင်း လူကြီး''

ပေါ်ကြီး စိတ်ပျက်လက်ပျက်နဲ့

''ဟာကွာ...မင်းကလဲ''

''နေဦး...လူကြီးလက်ထဲမှာ ကလေးတစ်ယောက်''

''ဟေ''

ကတုံးနဲ့ ပေါ်ကြီး ခြံထဲက ထွက်လာတဲ့ ခက်ဆစ်နဲ့ ရာဇဝင်ကို ကြည့်ကာ ကတုံးက တွေးတွေးဆဆပြောပါသည်။

''ပေါ်ကြီး...ခတ်ပြားပြောတဲ့ ခွပ်စောင်းဆိုတဲ့ကောင်ဖြစ်မယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ..ခွပ်သစ်၊ အဲလေ...ခက်ဆစ် လုပ်စမ်းပါကွာ၊ တွေ့လား လက်ထဲမှာ ကလေး"

"ဟေ့ကောင်...ကြွက်..ကြွက်"

"အာ...လုပ်..လုပ်ပါဦး ငါ ကြွက်ကြောက်တယ်"

အရေးထဲ ကြွက်ကြောက်တတ်သော ပေါ်ကြီးက အလန့်တကြားနဲ့ ကုရှင်ပေါ် ငုတ်တုပ်ထိုင်တော့ ကတုံးက ပေါ်ကြီးဖက်ပိုးကို တစ်ချက်အုပ်လိုက်ကာ –

"ခွေးကောင်..တကယ့်ကြွက် မဟုတ်ဘူးကွ"

"ဟင်..ဒါဆို ရဲလား"

"ဟာ...ဒီကောင် ငါပြောတာက ကလေးလက်ထဲမှာ ကြွက်ရုပ်တွေ့ဘူးလို့ပြောတာ"

အဲတော့မှ ပေါ်ကြီး အကြောက်ပြေကာ သက်သောင့်သက်သာ ပြန်ထိုင်ရင်း

"ဟူး..တော်ပါသေးရဲ့ကွာ၊ အဲဒီကိစ္စက အေးဆေးပေါ့ကွာ၊ ငါတို့ အလုပ်က ကလေးရရင် ကလေးကို ယူမယ်၊ ကြွက်ရုပ်ရရင် ကြွက်ရုပ် ယူမယ်၊ ဟော..ခက်ဆစ်ဆိုတဲ့ပုဂ္ဂိုလ် တက္ကစီတစ်စီးတားနေတယ်"

ခက်ဆစ်တို့သားအဖက ကားတားစီးကာ ထွက်သွားတော့ ကတုံးက မျာမျာသလဲနဲ့ –

"ဟေ့ကောင်၊ ကားမောင်းထွက်တော့လေ"

"ဟင့်အင်း ငါမှ မမောင်းတတ်တာ"

"ဟာ...လခွီးလခွမ်းမှပဲ၊ မင်းက ကားမောင်းမယ့်နေရာမှာ ဘာလို့ ဝင်ထိုင်နေတာလဲ"

ပေါ်ကြီးက သွားလေးဖြဲကာ –

"ဟိုလေ..မင်းက ဆေးလိပ်ထွက်ဝယ်တော့ လူအထင်ကြီးအောင် မင်းမောင်းမယ်နေရာမှာ ဝင်ထိုင်နေတာ"

ကတုံး ဘာမှ ဆက်မပြောချင်တော့။ ကမန်းကတန်း ကျပ်ကျပ်တည်းတည်းနေရာပြောင်းထိုင်ပြီး ခက်ဆစ်တို့စီးသွားတဲ့ တက္ကစီနောက်ကို အမီလိုက်ရပါသည်။

"ဟိမာ ခါးသားပြီ"



ခက်ဆစ်တို့ကားက အထပ်မြင့် ဈေးဝယ်စင်တာတစ်ခုထဲသို့ ချိုးကွေ့သွားတာကြောင့် ကတုံးလည်း ကားကို လိုက်ချိုးကွေ့လိုက်ရပါသည်။ ပြီးတော့ နှစ်ကောင်သား ကားကို ပါကင်ထိုးရပ်ကာ အထဲလိုက်ဝင်ရပါသည်။

"ဟေ့ကောင်...ရှာပါဦး"

"တွေ့ပြီ ကတုံး"

"ဘယ်မှာလဲ"

"ဟိုမှာလေ...ကောင်မလေးအရုပ်"

"ဟာကွာ...အရေးထဲ"

ကတုံး ပေါ်ကြီးစကားကြောင့် စိတ်ပျက်သွားပါသည်။ ပေါ်ကြီးတို့ ကတုံးတို့ဆိုတာ လူဆိုးလူမိုက်မလုပ်ခင်က ဇာတ်ပွဲတစ်ပွဲမှာ ဆိုင်းနောက်ထ လုပ်ဖူးတာကြောင့် အခု လူဆိုးလောကအထိ အဲဒီအကျင့်ကလေးတွေက ကပ်ပါလာပါသည်။

"မဟုတ်ဘူးလေကွာ...အရုပ်နောက်မှာ ကလေး..တွေ့လား"

ပေါ်ကြီးပြောမှ သေသေချာချာပြန်ကြည့်တော့ ဟုတ်ပါသည်။

ကလေးကလေးက လေးဘက်ထောက်ပြီး အရုပ်မှာ ဆင်ထားတဲ့ ကာဒ်စကို လှမ်းဆွဲနေပါသည်။

"ဟေ့ကောင်..ဟိုလူက ဆိုင်ထဲမှာကွ၊ ကလေးကို အမြင်ရောက်အောင် မျှားကွာ"

"ဟာကွာ...ကလေး အာပဲ့သွားမှာပေါ့"

"မင်းကို ငါးမျှားခိုင်းတာ မဟုတ်ဘူး၊ မြူခိုင်းတာ"

ပေါ်ကြီးက အခုမှသဘောပေါက်ဟန်နဲ့ လက်နှစ်ဘက်ကို တခါခါနဲ့ ခြေနှစ်ဘက် ခုန်ဆွခုန်ဆွနဲ့

"လာ..လာ..လာ..အို..အို..အို..အွတ်အွတ်အွတ်..လာလာလာ..အိုအိုအို..."

ကတုံး စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါရင်း ကြိုတင်ကြံစည်ထားတဲ့အတိုင်း ရီမုတ်နဲ့ မောင်းရတဲ့ ကားလေးကို ဂျာကင်အိတ်ထဲက ထုတ်ကာ ရီမုတ်နဲ့ ကလေးရှေ့ကို လွှတ်လိုက်ပါသည်။

ခက်ဆစ်ကတော့ ကောင်တာက ကောင်မလေးနဲ့ တဟီးဟီး တဟားဟားဖြင့် အဖွဲ့ကျနေပါသည်။ ကလေးက မီးလင်းနေတဲ့ ကားကို

www.burmeseclassic.com



စိတ်ဝင်တစားကြည့်ပါသည်။ နောက်တော့ တခစ်ခစ်ရယ်ကာ ကားကိုလှမ်းယူတော့ ကားက နောက်ကိုရွေ့သွားပါသည်။ ကလေးက လေးဘက်ထောက်သွားကာ လှမ်းယူပြန်သည်။ ကားက ရွေ့သွားပြန်ပါသည်။

"ဟော့ကောင်၊ ကလေးကို သွားချီခေါ်ခဲ့"

ကတုံးစကားကြောင့် ပေါကြီးက သူတို့နားရောက်လာတဲ့ ကလေးကို ပွေ့ချီခေါ်လာခဲ့ပါသည်။ ကတုံး ကားကိုပြန်သိမ်းကာ -

"လစ်မယ် ပေါကြီး"

သူတို့နှစ်ယောက် စက်လှေကားဘက်လျှောက်လာတော့ -

"ဟာ...ရဲ..ရဲ"

ရဲနှစ်ယောက်က စက်လှေကားနဲ့ တက်လာတာကြောင့် နဂိုကတည်းက ရဲကိုကြောက်တတ်သူများပီပီ လူရှုပ်တဲ့ဘက်ထောင့်ချိုးတစ်ခုဆီချိုးတော့ -

"ဟော့ကောင်...ဟိုလူ"

ကတုံးစကားကြောင့် မျက်နှာချင်းဆိုင်က ဟိုရှာဒီရှာနဲ့ ပျာယာခတ်ပြီးလျှောက်လာသော ခက်ဆစ်ကိုတွေ့တော့ ကတုံး ကြံရာမရဖြစ်ကာ

"ဒုက္ခပဲကွာ"

ကတုံး ဟိုဟိုဒီဒီကြည့်တော့ သူတို့နောက်မှာ ပလတ်စတစ်အမှိုက်ပုံးကြီးတစ်ခု။

ကတုံး ချက်ချင်းအကြံရလိုက်တာကြောင့် ကလေးကို အဲဒီအမှိုက်ပုံးထဲ ထည့်လိုက်ပါသည်။ အမှိုက်ပုံးက အထဲမှာ ကျွတ်ကျွတ်အိတ်အသစ်လဲထားတာကြောင့် အနံ့အသက်မရှိ။ ပြီးတော့ သူတို့နှစ်ယောက် အမှိုက်ပုံးကို ကျောပေးကာ လေလေးတချွန်ချွန်နဲ့ လုပ်နေပါတယ်။

အဲဒီအချိန်မှာပဲ မိန်းကလေးတစ်ယောက်က အမှိုက်ပုံးကိုတွန်း[illegible]သွားတာ သူတို့ မသိလိုက်။ ခက်ဆစ်က သူတို့နားရောက်တော့ -

"ဒီမှာခင်ဗျ၊ ကလေးတစ်ယောက်များ တွေ့မိလား"

"ကလေး..."

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခေါင်း[illegible]ရင်း -

"မတွေ့မိဘူးဗျ"



"ဒုက္ခပါပဲဗျာ"

ခက်ဆစ် ခေါင်းတဗျင်းဗျင်းကုတ်ကာ စိုးရိမ်တကြီးနဲ့ ဟိုဟိုဒီဒီကြည့်ရင်း ထွက်သွားပြန်ပါသည်။ ခက်ဆစ် သူတို့မြင်ကွင်းထဲက ပျောက်သွားတော့မှ ကတုံးနဲ့ပေါကြီး တစ်ယောက်နဲ့တစ်ယောက်မတိုင်ပင်ဘဲ ပြိုင်တူရယ်ချကာ -

"ဟားဟားဟား...ငါတို့ မပိုင်ဘူးလား"

"ဒါပေါ့ ကတုံးရာ"

နှစ်ယောက်သား အကျေနပ်ကြီး ကျေနပ်ကာ...နောက်ကို ပြန်အကြည့်

"ဟင်"

"အိုး..မိုင်ဂေါ့ ဘုရားသခင်"

♛ ♛ ♛

လင်းခက် ဆိုင်ထဲကို အမှိုက်ပုံးတွန်းပြီးဝင်လာတဲ့ ဆိုင်က ကောင်မလေး စုထွေးကို ပိုက်ဆံတွေ ရေနေရင်းက လှမ်းပြောလိုက်ပါသည်။

"တော်သေးတာပေါ့ စုထွေးရယ်..အမှိုက်သွားသွန်ခိုင်းလိုက်ပါသယ်၊ နင်ပါ အမှိုက်သိမ်းကားထဲ ပါသွားပြီထင်နေတာ"

လင်းခက် ခပ်ငေါ့ငေါ့ပြောတော့ စုထွေးက ပန်းနဲ့ပေါက်သလားသလိုကာ ရယ်ကျဲကျဲနဲ့

"မဟုတ်ဘူး မမလင်း၊ အမှိုက်သိမ်းကားနဲ့တိုးလို့"

"အဲဒီတော့"

စုထွေးက ဆက်ပြောပါသည်။

"အမှိုက်သိမ်းကား မောင်းတဲ့ ကောင်လေးကို မြင်ဖူးပါတယ်လို့ ကျွန်မ ကြည့်နေတာ"

"ဟဲ့ ဘယ်သူလဲ ပြောပါဦး"

"သေချာကြည့်တော့မှ ကျွန်မရည်းစားဖြစ်နေလို့"

စုထွေးစကားကြောင့် ဆိုင်ထဲက အရောင်းဝန်ထမ်းကောင်မလေးများက ရယ်ပါတော့သည်။

"ဟဲ့-ကိုယ့်ရည်းစား ဘာလုပ်သလဲ ညည်း မသိဘူးလား စုထွေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



စုထွေးက အရိုးခံမျက်နှာလေးနဲ့ ပြောပါတယ်။

"မေးတာပေါ့ မမလင်းရယ်၊ သူပြောတော့ ပဖောင်တွန်ကုမ္ပဏီရဲ့အမှုန့်ပိုက်ဝန်ထမ်းတွေရဲ့ရှေ့ဆုံးက လူတဲ့၊ ဘာမှကို မလုပ်ရလို့ ခြေဖဝါးလေးတွေ ဆောင့်၊ လက်ဖဝါးနှစ်ဖက်ကို လေမဖြတ်အောင် လှုပ်နေရတာ တဲ့"

ရယ်သံတွေ ကြားရပြန်ပါသည်။

လင်းခက် စုထွေးကိုကြည့်ကာ ရယ်လည်း ရယ်၊ သနားလည်း သနားမိပါသည်။ စုထွေးက ခပ်နုံနုံ။

"စုထွေးရယ်...ပဖောင်တွန်ဆိုတာ ပုဖွန်တောင်ဟဲ့၊ အမှုန့်ပိုက် ဆိုတာ အမှိုက်ပုံ၊ ပုဖွန်တောင်အမှိုက်ပုံကိုပြောတာ၊ ရှေ့ဆုံးကလူ ဆိုတာ အမှိုက်ကားကို ခေါင်းခန်းမှာထိုင်ပြီး မောင်းရတာဟဲ့၊ ကားမောင်းသူဆိုတာ ခြေဖဝါးဆောင့်နင်းရတယ်ဟဲ့၊ ပြီးတော့ လက်ဖဝါးနှစ်ဘက်ကို လှုပ်ရှားနေမှဖြစ်မှာပေါ့ တော့်းမရဲ့"

စုထွေးက ဖဝေဖဝါနဲ့

"ကျွန်မက ထင်တော့ထင်သား၊ အဲဒါကြောင့် ဆိုင်နားရောက်ခါနီးမှ အမှိုက်ပုံးကို တစ်နေရာမှာခဏထားခဲ့ပြီး သူ့ဆီပြန်သွားတာပေါ့"

လင်းခက်တို့ စိတ်ဝင်တစားနဲ့ စုထွေးစကားကို နားထောင်မိခဲ့၏။ စုထွေးက တစ်ခုခုကိုတွေးမိဟန်နဲ့

"ကျွန်မရည်းစားကို မေးမိတာပေါ့၊ ဟဲ့-နင်တို့ ပဖောင်တွန်ကုမ္ပဏီက ဘာတွေထုတ်တာလဲလို့"

"နင့်လူက ဘာပြန်ပြောလဲ"

လင်းခက်၏အမေးကြောင့် စုထွေးက ထုံးစံအတိုင်း မျက်နှာငယ်လေးနဲ့ -

"လစ်ရင်ပြစ်တဲ့၊ မမလင်း..အဲဒါ အင်္ဂလိပ်စကားလားဟင်၊ ဘယ်လိုအဓိပ္ပာယ်လဲ"

စုထွေးတစ်ယောက်နဲ့တော့ ခက်နေပါပြီ။ စုထွေးကြောင့်လည်း သူတို့ အပျင်းပြေနေကြတာလည်း အမှန်။

ရုတ်တရက် ကလေးငိုသံကြောင့်

"ဟဲ့ - ဟဲ့ - ဘယ်က ကလေးငိုသံလဲ"



လင်းခက်စကားကြောင့် စုထွေး ဝမ်းသာအားရနဲ့

"ကျွန်မအမှိုက်ပုံးထဲကို ဘယ်သူ တီဗီတစ်လုံးထည့်လိုက်လဲ မသိဘူး ဒါ..တီဗီက လာတဲ့ ငိုသံ"

စုထွေးရဲ့စကားကို သူတို့ အလေးမထားမိကြ။ အားလုံး..ကမန်းကတန်း အမှိုက်ပုံးဆီသွားကာ အဖုံးကိုအဖွင့်-

"ဟယ်...ကလေးလေးတော်"

"ဟယ်...ချစ်စရာလေးဟယ်"

အေးအေးချို ဆိုတဲ့ ကောင်မလေးက အမှိုက်ပုံးထဲက ကလေးကို ဆွဲထုတ်ယူလိုက်ပါသည်။

လင်းခက် ကလေးကို ဖဝေဖဝါနဲ့ကြည့်ရင်း

"ဟင်..ဒါ...ရာဇဝင်"

"မမလင်း၊ ဒီကလေးက ရာဇဝင်ထဲက ကလေးလား၊ ဒါဆို ကျွန်မ ဆိုသားဖြစ်ရမယ်"

"နင့်ပါးစပ်ကို အသာလေးပိတ်ထားပါဦး စုထွေးရယ်"

လင်းခက် ဘယ်လိုက ဘယ်လို အမှိုက်ပုံးထဲရောက်နေသည့် ရာဇဝင်ကိုကြည့်ရင်း နားမလည်နိုင်။

"ပေး..ပေး..ကလေး ငါ့ပေး"

အေးအေးချိုလက်ထဲကကလေးကို လက်ပြောင်းယူကာ ဆိုင်အပြင် ထွက်ပြီး ဟိုရှာဒီရှာ ရှာမိတော့ -

"ဟော"

"ဟာ"

ခက်ဆစ်ကလည်း လင်းခက်လက်ထဲက ကလေးကိုတွေ့ပါသည်။ လင်းခက်ကလည်း ခက်ဆစ်ကို ပြုံးဆိုတွေ့တာကြောင့် အံ့သြသွားပါသည်။

"ဘယ်လိုကဘယ်လို သားက လင်းခက်ဆီရောက်နေတာလဲ..ဗျာ...စိတ်ပူလိုက်ရတာဗျာ"

"ရှင်ကလည်း ကလေးတစ်ယောက် ပျောက်သွားလောက်အောင် ဘာတွေငမ်းနေလို့လဲ"

လင်းခက်စကားကြောင့် ခက်ဆစ် ရယ်ကျဲကျဲနဲ့ခေါင်းကုပ်ကာ

"ခင်ဗျားပြောလည်း ခံရမှာပဲ၊ ကျွန်တော် ချီထားရတာ ညောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့ ထိုင်ခုံပေါ်မှာ ချထားပြီး ပစ္စည်းဝယ်နေတုန်း...ဘယ်လိုက ဘယ်လို ပျောက်သွားလဲ စဉ်းစားလို့မရဖြစ်နေတာ''

လင်းခက်က နားမလည်နိုင်ဟန်နဲ့

''ရှင့်ကလေးက ကျွန်မဆိုင်ထဲက အမှိုက်ပုံးထဲက တွေ့တာရှင့်''

''ဗျာ..မဖြစ်နိုင်တာ''

ကြားလိုက်ရတဲ့ စကားကြောင့် ခက်ဆစ် ဒီတစ်ခါတော့ အံ့သြသွားရတာ အမှန်ပင်...ရာဇဝင်က လင်းခက်တို့ဆိုင်ထဲက အမှိုက်ပုံးထဲ ဘယ်လိုက ဘယ်လိုရောက်ရပါလိမ့်ပေါ့။ လင်းခက် ပြုံးမိရင်း –

''ကဲ...ဆိုင်ထဲဝင်၊ ဒါ ကျွန်မဆိုင်''

အခုမှ ခက်ဆစ် ဆိုင်ရဲ့နာမည်ကို ဖတ်ကြည့်မိပါသည်။ အမျိုးသမီး ပိုးထည်ဆိုင်တစ်ဆိုင်။ ဆိုင်ရဲ့နာမည်က လင်းခက်ရဲ့နာမည်ပါပဲ။

ဆိုင်ထဲကို လင်းခက်နဲ့လိုက်ဝင်ရင်း –

''ကဲ...ထိုင်ပါဦး၊ စုထွေးရေ..ညွှန့်သည်အတွက် တစ်ခုခုလုပ်ပါဟေ့''

စုထွေးကလည်း ချက်ချင်းပြန်ဖြေပါတယ်။

''မမလင်း...ညွှန့်သည်ကို မားနဲ့ထိုးခိုင်းတာလား''

''ဗျာ''

ခက်ဆစ် ကြားလိုက်ရတဲ့စကားကြောင့် ဆံပင်မွေးတွေ ထောင်သွားပါသည်။ လင်းခက် ရယ်လည်း ရယ်ချင်မိပါသည်။ ကောင်မလေးတွေက တခစ်ခစ်။

''ဟဲ့–ညွှန့်သည်အတွက် ကော်ဖီနဲ့မုန့်ကို ပြောတာဟဲ့၊ ကလေးအတွက် အိုဗာတင်းတစ်ခွက်ဖျော်ခဲ့နော်''

''ဟုတ်...ဟုတ်ကဲ့ မမလင်း''

ခက်ဆစ်က အခုမှ သက်ပြင်းချမိပါသည်။

''ကဲ...ပြောပါဦး''

လင်းခက်စကားကြောင့် ခက်ဆစ်က ကလေးပျောက်သွားပုံကို ပြောပြသလို လင်းခက်ကလည်း စုထွေး အမှိုက်ပုံးကိုထားခဲ့ပြီး အမှိုက်ကားဆီ သွားခဲ့ပုံကို ပြောပြပါသည်။

ခက်ဆစ် စဉ်းစားရခက်နေပါသည်။ မြင်နေရတဲ့ အမှိုက်ပုံးက



အမြင့်ကြီးပါ။ ရာဇဝင်က ဘယ်လိုက ဘယ်လို အထဲကိုရောက်သွားရတာလဲပေါ့။

♛ ♛ ♛

''ထူးတော့ ထူးဆန်းတယ်ကွ''

ဆိုင်ရောက်ရောက်ချင်း မိုးဇော်နဲ့လင်းမြင့်အောင်ကို ရာဇဝင်အရှုပ်တော်ပုံကို ပြောပြတော့ ကြော်ငြာတစ်ခုကို ဒီဇိုင်းဆွဲနေတဲ့ မိုးဇော်က-လုပ်လက်စအလုပ်ကို ရပ်ပြီး သူ့ဘက်လှည့်ကြည့်ကာ အခုလိုပြောပါတယ်။

လင်းမြင့်အောင်က သူ့ရဲ့ကျိုးတိုးကျဲတဲမုတ်ဆိတ်မွေး သုံး လေးဆော်ကို ဖိမ်ခံဆွဲပွတ်နေရင်းမှ –

''ဒီရက်ပိုင်းအတွင်း ရာဇဝင် ရောက်လာမှ ထူးထူးခြားခြားတွေ ဖြစ်နေတာတော့ အမှန်ပဲ ခက်ဆစ်''

''ဘာတွေ ဘယ်လိုဖြစ်နေလို့လဲဗျ''

စကားသံနဲ့အတူ ဆိုင်ထဲဝင်လာတဲ့ ခတ်ပြား။

''လာ..ကိုခတ်၊ ကားဆွဲနားတာလား''

ခတ်ပြားက ထိုင်ထိုင်ချင်း လင်းမြင့်အောင် ချီထားတဲ့ ရာဇဝင်ကို လက်ပြောင်းလွှဲယူကာ ချီထားပါသည်။ ရာဇဝင်က ခတ်ပြားကိုကြည့်ကာ ရယ်လို့မောလို့ပေါ့။ မိုးဇော်က ခတ်ပြားနဲ့ရာဇဝင်တို့ ရယ်မောနောက်ပြောင်နေပုံကို ပြုံးကြည့်ရင်း –

''ဒီကောင်တော့ မလွယ်ဘူးဟေ့၊ ကိုခတ်ရေ...ရာဇဝင်တော့ ဆီများကို ညာစားနေပြီ''

ကိုခတ်ပြား ရာဇဝင်ကို ဘယ်လောက်ချစ်မှန်း ခက်ဆစ်တို့ ရိပ်စားမိပါသည်။

''အိတ်ထဲက ဘာတွေလဲ ကိုခတ်''

လင်းမြင့်အောင် အမေးကြောင့် ခတ်ပြားက အခုမှသတိရဟန်နဲ့ အိတ်ကို လင်းမြင့်အောင်ထံ ပေးရင်း

''ဒီကောင့်အတွက် အဝတ်အစားတချို့နဲ့ နို့မှုန့်ဗူးဆိုပါတော့''

လင်းမြင့်အောင်က အိတ်ကို ဟကြည့်ကာ

''ဟာ..ကိုခတ်ကလဲ မဝယ်လာပါနဲ့ဆို၊ ဟိုတစ်ခါလည်း သားအတွက် ဝယ်လာတာ မနည်းဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် အစ်ကို၊ နောက်ဆို မဝယ်လာပါနဲ့တော့၊ ဒီကောင် လည်း ကံဇာတာ အတော်ကောင်းနေတယ်၊ သီတာ ဝယ်လာတာနဲ့ လင်း ခက်တို့ မလတ်တို့က ဝယ်ပေးနဲ့ အိမ်မှာလည်း သူ့ပစ္စည်းတွေချည်းပဲ''

ခက်ဆစ်စကားကြောင့် ဓာတ်ပြားက ပြုံးရင်း

''ဒီကလေးအတွက် ဝယ်ပေးတာလောက်နဲ့တော့ ကျုပ်စည်းစိမ် မပြုတ်သွားလောက်ပါဘူး ခက်ဆစ်ရာ..နော်..သား''

ဓာတ်ပြားက ကလေးကိုမြှောက်ပြီး မြှူနေပါသည်။

''ဒီနေ့ နေ့ခင်းနေ့လယ် လူပါးတာနဲ့ ခဏဝင်လာတာဗျ၊ နေပါ ဦး..ကျုပ်ဝင်လာတော့ ကြားလိုက်ပါတယ်၊ ရာဇဝင်ရောက်လာမှ ထူးထူး ခြားခြားတွေ ဖြစ်တယ်ဆိုလား''

ဓာတ်ပြားကိုယ်တိုင်လည်း ကဝုံးတို့ဆီက သတင်းရတာကြောင့် အခြေအနေဘာထူးသလဲ သိရအောင် တမင်ဝင်လာခဲ့ခြင်း ဖြစ်သည်။ ခက် ဆစ်က ဒုတိယအကြိမ်မြောက် ရာဇဝင် ပျောက်သွားပုံကို ထပ်ပြောပြပါ သည်။

ခက်ဆစ်စကားဆုံးတော့ ဓာတ်ပြားက စိုးရိမ်ဟန်နဲ့

''ဟာ...ကံသီပေလို့သာပေါ့ဗျာ၊ လင်းခက်တို့အမှိုက်ပုံး မဟုတ် ရင် ဒီကောင်တော့ သွားပြီ''

လင်းမြင့်အောင်ကလည်း ခေါင်းညိတ်ထောက်ခံပြီး အခုလိုပြော ပါသည်။

''အဲဒါ ပြောတာပေါ့၊ ရာဇဝင်ရောက်လာမှ ထူးထူးခြားခြားတွေ ဖြစ်တယ်ဆိုတာလေ၊ ဟိုတစ်နေ့ကလည်း လူနှစ်ယောက် အိမ်ရှေ့မှာ ရစ် သီရစ်သီလုပ်နေတယ်''

''ဘယ်လို''

ခက်ဆစ်က အခုမှသိတာကြောင့် အလောတကြီးမေးမိပါသည်။ လင်းမြင့်အောင်က ပြောသည်။

''ငါ...အဲဒီ လူနှစ်ယောက်ကို သိပ်မသင်္ကာတာတော့ အမှန်ပဲ ခက်ဆစ်''

ဓာတ်ပြားက မေးပါတယ်။

''ဘယ်လိုပုံစံတွေလဲ၊ သတိထားလိုက်မိလား''



လင်းမြင့်အောင်က ဓာတ်ပြားရဲ့ကဝုံးကိုကြည့်ပြီး

''အင်း–ခင်ဗျားလိုပဲ တစ်ယောက်က ကဝုံးနဲ့၊ ဒါပေမဲ့ အကောင် သေးတယ်။ တစ်ယောက်ကတော့ အရပ်ရှည်ရှည်နဲ့၊ ငါပဲ သင်္ကာမကင်း စိတ်ရှိလို့လား မသိဘူး၊ ငါတို့အိမ်ဘက်ကို လျှောက်လာပြီး ရစ်သီရစ်သီ လုပ်နေတယ်ထင်တယ်ကွ''

မိုးဇော်က လုပ်လက်စအလုပ်ကို ဆက်မလုပ်နိုင်တော့ဘဲ သူတို့ ဘက်လှည့်ကာ

''ဒါဆိုရင်တော့ ဂရုစိုက်ဖို့လိုပြီထင်တယ်''

ဓာတ်ပြား စိတ်ထဲက ဟိုနှစ်ကောင်ကို မေတ္တာပို့မိပါသည်။

ဓာတ်ပြား အတန်တန် သတိပေးထားသားနဲ့ ပိပိရိရိလုပ်ကြပါ၊ လုပ်ကြပါပြောထားရက်သားနဲ့လေ၊ အဲဒါကြောင့် –

''သံသယကြီးတော့ သိပ်မထားနဲ့ပေါ့ဗျာ၊ ဟို..ကျွန်တော်ပြော တာက..ဘယ်လိုပြောရမလဲ''

ဓာတ်ပြားစကားကြောင့် ခက်ဆစ်က ရယ်ရင်း

''ကိုဓာတ်ပြောတာ ကျွန်တော်သိပါတယ်ဗျာ၊ စိတ်ပင်ပန်းမှာစိုး လို့ပြောတာ မဟုတ်လား၊ အင်းပါဗျာ''

ဓာတ်ပြား နည်းနည်းတော့ စိတ်အေးသွားပါသည်။ ကလေးကို လင်းမြင့်အောင်ထံ ပြန်ပေးရင်းက

''ကဲ...ကျုပ်လည်း အချိန်ရသလောက်လေးတော့ ကားပတ်ဆွဲ လိုက်ဦးမယ်''

''ညနေအားရင် အိမ်လာခဲ့လေဗျာ''

မိုးဇော်က ဓာတ်ပြားကို ခင်မင်နေတာကြောင့် ညနေ ဝိုင်းဖွဲ့ဖို့ လှမ်းပြောလိုက်ပါသည်။ ဓာတ်ပြားက ဖိနပ်စီးရင်း ရယ်ကျဲကျဲနဲ့

''လာခဲ့မယ်...ခင်ဗျားတို့ မဝယ်ထားနဲ့၊ ကျုပ် ပုလင်းဆွဲလာခဲ့ မယ်''

''စိတ်ချ..ကျွန်တော်တို့ အမြည်းကောင်းကောင်း ပြင်ဆင်ထား လိုက်မယ်''

''ကောင်းတယ်ဗျို့၊ ကဲ...လစ်ပြီ''

ဓာတ်ပြားက အော်ပြောပြီး ထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပြားထွက်သွားရာကို ခက်ဆစ်က ကြည့်ရင်း –

"ဒီလူက ရုပ်ဆိုးသလောက် ခင်ဖို့ကောင်းသားကွ"

မိုးဇော်က ဓာတ်ပြားရှိရာကိုကြည့်ရင်း အပြုံးနဲ့ခေါင်းညိတ်ပါသည်။

♛ ♛ ♛

"မလတ်တို့တောင် မလာတာကြာပြီနော်"

အလုပ်နားရက်မို့ အိမ်မှာ သုံးယောက်သား ချက်ထိုးနေရင်းက ခက်ဆစ်က ပြောတော့ ချက်ထိုးနေတဲ့ မိုးဇော်နဲ့ လင်းမြင့်အောင်က တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြပြီး ရယ်ပါတော့သည်။

ခက်ဆစ်က ရာဇဝင်နဲ့ ကြွက်ရုပ်ကလေးကို သံပတ်ပေးပြီး ဆော့နေရာက

"ဟ..ငါပြောတာ ရယ်စရာပါလို့လား"

မိုးဇော်က ခက်ဆစ်ကို ပြုံးစေ့စေ့နဲ့ကြည့်ပြီး

"ရယ်စရာမပါပေမယ့် လွမ်းစရာတွေ ပါနေတယ်လေ"

"ဟာ..ငါ မလတ်လို မောင်နှမလိုခင်တာပါကွ"

ခက်ဆစ်စကားကြောင့် လင်းမြင့်အောင်က နှာခေါင်းရှုံ့ရင်း

"ဒါဆို...လင်းခက်ကျတော့ရော"

"ဟာကွာ..."

ခက်ဆစ်ရဲ့အီလည်လည်စကားကြောင့် ဟိုနှစ်ကောင်က တဟားဟား။

"လုပ်မနေနဲ့ ခက်ဆစ်...အသားလိုလို အရိုးမတောင်းနဲ့၊ မင်းပြောချင်တာက လင်းခက်လည်း မလာဘူးနော်လို့ပြောရမှာ..ဟုတ်တယ်နော် မိုးဇော်"

"ဒါပေါ့ လင်းမြင့်အောင်ရာ..အုံ့ပုန်းဆိုတာ ရေပုံးလိုပဲ၊ တစ်ပုံးတည်းဆို မကောင်းဘူး..ရှေ့ နောက် ထမ်းလို့ကောင်းအောင် နှစ်ပုံးလောက်မှ ကောင်းတာ"

"ဟာ...မင်းတို့ကလဲ"

ခက်ဆစ်စကားကြောင့် မိုးဇော်က ရုပ်တည်နဲ့

"အဲဒါ ဘာဖြစ်နေတာလဲ၊ ရှက်နေတာလား၊ ယောကျ်ားတန်မဲ့ကွာ...ရှက်ရတယ်လို့"



"ဟေ့ကောင်...ယောကျ်ားလည်း ရှက်တတ်တယ်ကွ"

ခက်ဆစ်စကားကြောင့် မိုးဇော်က နှာခေါင်းရှုံ့ကာ

"မင်း ချစ်ရင် ချစ်တယ်ပေါ့ကွ..ပွင့်ပွင့်လင်းလင်းပေါ့၊ ဘာရှက်နေစရာလိုလဲ၊ ဘာလဲ..မင်းက ချစ်တယ်ပြောရမှာ ဘောင်းဘီချွတ်ပြီး ပြောချင်လို့လား"

မိုးဇော် စကားကြောင့် ခက်ဆစ် နည်းနည်းတော့ တင်းသွားပါသည်။

"ဟေ့ကောင်...မင်း ဘာစကားပြောတာလဲ..ငါက ဘာလို့ ဘောင်းဘီချွတ်ရမှာလဲ"

မိုးဇော်ကလည်း မခံပါ။

"မင်း ဘောင်းဘီမချွတ်ချင်ရင် လုံချည်ချွတ်ပေါ့ကွာ"

လင်းမြင့်အောင်က ဒီနှစ်ကောင် ဘာဖြစ်သွားပါလိမ့်လို့ တွေးမိရင်း ကြည့်နေမိပါသည်။

"ဘာ...မင်းက ငါ့ကို အရှက်မရှိတဲ့ကောင်..လို့ ပြောတာပေါ့၊ ဟုတ်လား"

"မင်းထင်ချင်သလို ထင်ကွာ"

"ဘာကွ"

ခက်ဆစ် ဒေါသဖြစ်ကာ ထ,ရပ်တော့ မိုးဇော်ကလည်း ထ,ရပ်ပါသည်။ လင်းမြင့်အောင်က ကြားဝင်ကာ လက်ကာတားရင်း

"တော်ကြပါတော့ကွာ...သူငယ်ချင်းအချင်းချင်းတွေပဲဟာ"

"ခက်ဆစ်...ဘာတွေဖြစ်နေတာလဲ"

ရုတ်တရက် တံခါးပေါက်မှာ စိုးရိမ်ဟန်နဲ့ရောက်နေသူက လင်းခက်။လင်းခက်က အခြေအနေကိုရိပ်စားမိတာကြောင့် မေးမိပါသည်။ လင်းမြင့်အောင်က

"ဟာ..အတော်ပဲ၊ လာကူပါဦးဟ..ဒီမှာ ဘာမှမဟုတ်တာလေးနဲ့ စကားများနေကြတယ်ဟ"

လင်းခက် ရာဇဝင်ကို ကောက်ချီရင်း

"ဘာတွေဖြစ်ကြလို့လဲ၊ အေးအေးဆေးဆေးထိုင်ပြီး ဖြေရှင်းကြပါဟယ်၊ တော်ကြာ အပြင်လူကြားလို့မကောင်း"

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်က ဒေါသမပြေသေးဟန်နဲ့ထိုင်ရင်း

"လင်းခက် စဉ်းစားကြည့်၊ ဒီကောင်မှာ..ကျွန်တော့်ကို အရှက်မရှိဘူးတဲ့"

ခက်ဆစ်စကားကြောင့် မိုးဇော်ကလည်း အသံမာမာနဲ့

"ဒီကောင် စကားလွှဲပြောတာ လင်းခက်၊ ဒီကောင့်ကို ကျွန်တော် ပြောနေတာက အရှက်မရှိဘူးလို့ပြောတာ မဟုတ်ဘူး၊ အရှက်အရမ်းရှိနေလို့ ပြောတာ"

"ဟာ..ရှုပ်နေတာပဲ၊ လင်းခက်နားလည်အောင် ရှင်းပြပါဦး"

ကြားထဲက နားထောင်နေရသူတောင် ခေါင်းရှုပ်လာတဲ့ ပြဿနာပါ။ ခက်ဆစ်က ဘာကိုမှမစဉ်းစားမိသေး။ မိုးဇော်က လင်းမြင့်အောင်ကို ခက်ဆစ်နဲ့လင်းခက် မသိအောင် ဖျတ်ကနဲ မျက်စေ့မှိတ်ပြလိုက်ပါသည်။

လင်းမြင့်အောင် သဘောပေါက်မိကာ မရယ်မိအောင်နေရင်း ရုပ်တည်တည်နဲ့ ပြဿနာရဲ့ကြိုးစတစ်စကို ဆွဲထုတ်လိုက်ပါသည်။

"အမှန်ပဲ လင်းခက်ရေ...လင်းခက်ပဲ ဒီပြဿနာကို ပြေလည်အောင် ညှိပေးလိုက်တော့၊ ကျွန်တော်ကတော့ ပြောရလွန်းလို့ မောနေပြီ"

"ဟေ့ကောင်..လင်းမြင့်အောင်၊ ငါ့ဘက်က စပြီးရှို့တဲ့မီး မဟုတ်ဘူးနော်"

မိုးဇော်ကလည်း အကင်းပါးပါသည်။ ခက်ဆစ် ဒေါသဖြစ်အောင် ကြိုးကို နည်းနည်းတင်းလိုက်တော့ ခက်ဆစ်မျက်နှာ တည်သွားကာ

"ဩော်...မင်းပြောချင်တာက ငါကပဲ တစ်ဘက်သတ်ပြဿနာ လိုက်ရှာနေတယ်ပေါ့"

"တော်ကြပါတော့၊ ဒီပြဿနာရဲ့အစအဆုံးကို လင်းခက်သိအောင် ရှင်းပြပါဦး"

မိုးဇော်က ခက်ဆစ်ကို မကြည်ကြည့် ကြည့်ကာ -

"ပြဿနာအစက လုံချည်ချွတ်တာက စတာပဲ"

"ရှင်..."

"မဟုတ်ဘူး၊ ဘောင်းဘီချွတ်တာက စတာ"

"အို..."



လင်းခက်ကတော့ မျက်နှာအရဲသား။ ခက်ဆစ် ပြောပြီးမှ လင်းခက်ဆို အားနာကာ -

"မဟုတ်ဘူး၊ တကယ်မချွတ်ဘူး၊ စကားအဖြစ်ပြောတာ"

လင်းခက် အခုမှ သက်ပြင်းချမိပါသည်။ ခက်ဆစ်က မကျေနပ်မှုနှင့် လင်းခက်ကို ဦးတည်ပြောမိပါသည်။

"ကျွန်တော့်ကို လုံချည်ချွတ်လို့ပြောရလား လင်းခက်ရယ်.. အဲ သက်သက် ကျွန်တော့်ကို အရှက်မရှိဘူးလို့ပြောတာနဲ့မတူဘူးလား"

"အင်း...ဟုတ်တာပေါ့"

လင်းခက်လည်း ဘာပြောရမှန်းမသိတာနဲ့ အလိုက်သင့်ကလေး ပြောမိတော့ မိုးဇော်ကလည်း

"ဟေ့ကောင်...ငါပြောချင်တဲ့သဘောက အဲဒီလိုမဟုတ်ဘူး..၊ လင်းမြင့်အောင် ငါဘာပြောလဲ..လင်းခက်သိအောင် ပြောလိုက်"

လင်းမြင့်အောင်က ရုပ်တည်လေးနဲ့ မှန်တီလေးစားသလို အခုလို မှင်သေသေနဲ့ပြောလိုက်ပါသည်။

"အမှန်က..မိုးဇော် ပြောတာက မရှက်သင့်တာကို ရှက်နေလို့ ယောက်ျားတန်မဲ့နဲ့တဲ့ အရှက်ပိုကြီးနေတယ်တဲ့၊ ဟုတ်တယ်နော် ခက်ဆစ်၊ ဒီကောင်ပြောတာ"

လင်းမြင့်အောင် တိုင်တိုင်ပင်ပင်လေး ခက်ဆစ်ကိုပြောတော့

"ဟုတ်တယ်..အဲဒါပဲ၊ ရင်ထဲက ကိစ္စကို လူမသိအောင် ဖုံးထားတာ ရှက်လို့မဟုတ်ဘူးဗျ...အားနာလို့၊ အဲဒါကို ဒီကောင်က ကျွန်တော့်ကို ခနလို့စွပ်စွဲတယ် လင်းခက်ရာ"

"ဟုတ်လား..ရှင့်ရင်ထဲက ကိစ္စက ဘာကိစ္စမို့လို့လဲ"

မိုးဇော် မျက်ရိပ်ပြလိုက်တာကြောင့် လင်းမြင့်အောင် အသာလေး အနားက ခွာထွက်သွားပါသည်။ မိုးဇော်ကလည်း လင်းမြင့်အောင်နည်းတူပေါ့။ ခက်ဆစ်ကတော့ ရှေ့နောက် မစဉ်းစားမိဘဲ -

"ကျွန်တော် လင်းခက်ကိုချစ်နေတာ ဖွင့်မပြောရဲတာကို ဒီကောင်က..."

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေ ဆူညံသွားပါသည်။ နောက်မှ ဖုန်းဆက်ပြီးခေါ်လိုက်လို့ ရောက်လာတဲ့ မလတ်၊ သီတာတို့ကလည်း ခက်ဆစ်နဲ့ လင်းခက်ကို ကြည့်ပြီး ရယ်လို့ မဆုံးတော့။ ဟိုအုပ်စုက ရယ်လေ.. လင်းခက်က ရှက်ရှက်နဲ့ ခက်ဆစ်ကျောကို ထုလေပေါ့။

ခက်ဆစ်က မိုးဇော်ကို မကျေမနပ်နဲ့ ပြောပါသည်။

"အဲဒါ မင်းကြောင့် ငါအထုခံရတာ မိုးဇော်"

မိုးဇော်က တဟားဟားရယ်ရင်း

"မင်း ငါ့ကြောင့် ဖွင့်ပြောဖြစ်တာ မဟုတ်လား။ မင်းက ကျောပေးနေလို့မသိဘူး။ ခြံရှေ့ကို အငှားကား ဆိုက်ကတည်းက လင်းခက် ရောက်နေတာ ငါသိတယ်"

မလတ်က ပြုံးစေ့စေ့နဲ့

"အဲဒါနဲ့ပဲ နင်က ခွင်ဆင်လိုက်တာပေါ့"

လင်းမြင့်အောင်က ပြုံးဖြီးဖြီးနဲ့

"အစပိုင်းတော့ ဘာဖြစ်နေကြမှန်းမသိဘူး။ လင်းခက်ကိုမြင်လိုက်မှ မိုးဇော် ခွင်ဆင်ပြီဆိုတာကို သိလိုက်တာ"

"အဲဒါနဲ့ပဲ အဆင်းကို ဘီးတပ်ပေးလိုက်တယ်ပေါ့၊ အတတ်ကောင်းတွေ တတ်နေတယ် ဟုတ်လား"

"အား...နာတယ် သီတာရယ်၊ ဖြည်းဖြည်းလုပ်ပါ"

သီတာက လင်းမြင့်အောင်ကို ဆွဲဆိတ်ပါသည်။

မလတ်က ခက်ဆစ်တို့စုံတွဲကို သဘောကျစွာကြည့်ရင်း -

"လင်းခက်တို့ကတော့ဟေ့ ရည်းစားလည်း ရ၊ကလေးလည်း ရဟေ့"

မလတ်စကားကြောင့် လင်းခက်က သူမပေါင်ပေါ်မှာ အိပ်ထားတဲ့ ရာဇဝင်လေးကို ပြုံးရွှင်ကြည့်ကာ ပါးကို နမ်းလိုက်ပြီး -

"ကလေးကိုချစ်လို့ သူ့ကိုလက်ခံလိုက်တာပါနော်"

"ဒါဆို ကလေးကို တစ်ချက်နမ်းရင် ကို့ကိုလည်း တစ်ချက်နမ်းလေ"

"ဟာ...ခက်ဆစ်နော်"

လင်းခက် ရှက်ရှက်နဲ့ ခက်ဆစ်ကျောကိုထုပါတော့သည်။



မလတ်က လင်းခက်ကိုပြောသည်။

"နင် အိမ်ကို လက်ထပ်အကြောင်းပြောရင် အခက်တွေ့ပြီ လင်းခက်ရေ"

"ဘာကိုလဲ"

"ဩော်...ဒီလိုလေဟာ၊ ကလေးတစ်ယောက်အဖေဆိုရင်လည်း မှန်နေတာပဲ၊ ဒါပေမဲ့ လူပျို ဆိုရင်လည်း ဟုတ်နေတာပဲ၊ အဲဒီလိုဆိုတော့ အဖေ-သမီးယူမယ့် ယောက်ျားက ကလေးတစ်ယောက်အဖေ လူပျိုပါလို့ ပြောရင်..."

မလတ်စကားကြောင့် တဟားဟားနဲ့ပွဲကျနေကြပါသည်။ မိုးဇော်က ဒီကောင်တွေစုံတွဲနဲ့ ကလေးကိုကြည့်ကာ -

"ရေစက်ဆုံတယ်ဆိုတာ ဒါမျိုးပြောတာ ဖြစ်မယ်။ မန္တလေးမှာ နေကြပြီး တစ်ယောက်နဲ့ တစ်ယောက် မဆုံဘူး...ဆုံမယ့် ဆုံတော့လည်း ကားပေါ်မှာ၊ ရာဇဝင်ရယ်..ခက်ဆစ်ရယ်..လင်းခက်ရယ်၊ ဘယ်လောက် အံ့ညြဖို့ကောင်းလဲ"

ခက်ဆစ်က ကလေး၏ မေးစေ့လေးကို ဆွဲလှုပ်တော့ ကလေးက သဘောတွေကျနေပါသည်။

အခုလက်ရှိအထိတော့ သူတို့ကိုကြည့်ရတာ သာယာကြည်နူးဖို့ကောင်းတဲ့ မိသားစုလေးနဲ့တူနေပါသည်။

♛ ♛ ♛

"ငါ ဒေါသတွေ အတောင့်လိုက်ထွက်နေပြီနော် ခတ်ခတ်"

မယ်ဝဏ္ဏကြီးရဲ့ဒေါသက...ဘယ်ကနေ ထွက်နေသည်လဲတော့ မသိ။ မေးတော့ မေးချင်ပေမယ့် ဆရာကြီးဆိုတဲ့ ဂုဏ်သိက္ခာအရ မမေးတာဘဲ ကောင်းမည်လို့ ခတ်ပြားဆုံးဖြတ်လိုက်ပါသည်။

"သံတော်ဦးတင်ပါဦး ကိုရွှေခတ်ပြား"

ခတ်ပြား ချောင်းဟန့်တော့ ကတုံး ပေါ် ထိပ်ကွက်တို့ကလည်း လိုက်ချောင်းဟန့်သည်။ မယ်ဝဏ္ဏကြီးလည်း မနေတတ်တာကြောင့် ချောင်းဟန့်လိုက်ရပါသည်။

"ကလေးကတော့ ဘယ်အချိန်ယူယူဖြစ်ပါတယ်၊ အရေးကြီးတာက ကွက်၊ ကွက်က မတွေ့သေးဘူးဖြစ်နေတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ - ကြောင်တစ်ကောင်လောက် ခေါ်သွားပါလား ခတ်ပြား ရယ်၊ ဒါမှမဟုတ် ကြွက်ထောင်ချောက်တွေယူသွား၊ နင်တို့ ဉာဏ်မရှိဘူး လား၊ နင်တို့ဉာဏ်တွေက နားဖာကလေ်ာခွက်လောက်ပဲ ရှိတယ်ထင်တယ်"

ခတ်ပြားက သူတို့ထက် ဉာဏ်ပိုတိမ်တဲ့ ဆရာကြီးမယ်ဝဏ္ဏကို ကြည့်ကာ

"ကျွန်တော် ပြောတဲ့ ကြွက်က တကယ့်ကြွက် မဟုတ်ဘူး... ပတ္တမြားထည့်ဝှက်ထားတဲ့ အရုပ်ကြွက်ကိုပြောတာ"

အဲဒီအခါကျမှ ဆရာကြီးမယ်ဝဏ္ဏက ရှက်ကိုးရှက်ကန်းနဲ့

"ဟဲ့ - အဲလိုရှင်းရှင်းပြောပါလား။ ကဲ..ဟိုသုံးကောင် နင်တို့ ဘက်ကလည်း ဘာထူးလဲ"

"ထူးတယ် အချာပီး"

"ဘာ"

'ဟို...ဆရာကြီး"

အရေးယဲ ထုံးစံအတိုင်း ထိပ်ကွက်တို့က တလွဲတချော်။

"ကျွန်တော့်မှာ အကြံအစည်ရှိပါတယ်"

"ပြောစမ်း တလွဲတွေ"

"ကော်ရုပ် ကော်ခွက်တွေ ဝယ်တဲ့ပုံစံနဲ့ အဲဒီအိမ်ကိုဝင်ရင်ရော"

ထိပ်ကွက်စကားကြောင့် မယ်ဝဏ္ဏ ဝုန်းခနဲထ,ရပ်တော့ အားလုံး လန့်ဖြန့်သွားပါသည်။ ကတုံးက ကျိတ်ပြီး ထိပ်ကွက်ကိုဆူပါသည်။

"တွေ့လား...မပြောပါနဲ့ဆို၊ ဟိုက စိတ်ဆိုးနေပြီ"

မယ်ဝဏ္ဏကြီးက ထိပ်ကွက်နဖူးကို ပြွတ်ခနဲနေအောင် နမ်းလိုက် ပါသည်။ ပြီးတော့ ပိုက်ဆံတစ်ထပ်ကိုဆွဲထုတ်ယူကာ -

"ရော့ -အကြံကောင်းပေးတဲ့အတွက်၊ ကော်ရုပ်ကော်ခွက်ဝယ် ရင် အဲဒီကြွက်ရုပ်တွေ့ရင် ပိုက်ဆံ ပိုပိုသာသာလေး ပေး...ကြားလား သွားကြ"

အခုမှပဲ သူတို့စိတ်ချမ်းသာသွားကြပါသည်။

♛ ♛ ♛

"ကော်တွေ ဝယ်တယ်...ကော်ရုပ်ကော်ခွက် ကော်ကြွက်တွေ အဲလေ ကော်ကျုတ်တွေ ဝယ်တယ်"



မိုးဇော် ဂျာနယ်ဖတ်နေရာမှ ဒီနားမှာ ဝဲလည်လည်နဲ့အော်နေတဲ့ အသံကြောင့် ထွက်ကြည့်တော့ -

"အားကိုလေ..ဘာရောင်းစရာရှိလဲ"

"အေး - ရှိတယ်...လာ"

ကော်ရုပ်ကော်ခွက်တွေ ဝယ်တဲ့ ကုလားအဖြစ် ကတုံးက သရုပ် ဆောင်ပါတယ်။ မိုးဇော်က သတင်းစာတစ်ထပ်ကြီးကို သယ်လာရင်း

"သတင်းစာ တစ်ပိဿာ ဘယ်လောက်လဲ ရာကွပ်"

"အားကိုလေး...ကျွန်တော့်နာမည် ရာကွပ် မဟုတ်ပါဘူး"

"ဒါဆို မင်းနာမည်က ဘယ်သူလဲ"

"ရာဇာဝင်းကွပ်"

"ဘာ..."

ကတုံးက ရယ်ဖြဲဖြဲနဲ့

"ရာကွပ်က ရာဇာဝင်းတင့်ပရိသတ်လေ...ဟိုသီချင်းဆို သိပ် ကြိုက်တာ၊ ဆေးပါ..ဆေးပါ..အပြစ်တွေအကုန်လုံး ဆေးပေးပါ"

"ဟေ့ကောင် အဲဒါမျိုးကြီးကွ၊ ကဲ..ကဲ..စကားကြောရှည်မနေ နဲ့၊ သတင်းစာတစ်ပိဿာ ဘယ်လောက်လဲ၊ ဈေးနည်းရင် မရောင်းဘူး နော်"

"အားကို-ရာကွပ်တို့က ဈေးမှန်တယ်၊ တစ်ပိဿာကို ငါးထောင် ပေးမယ်"

"ဘာ"

ကတုံး မိုးဇော်စကားကြောင့် ပျာပျာသလဲနဲ့

"နည်းလား၊ တစ်သောင်းပေးမယ်"

မိုးဇော် မျက်လုံးပြူးသွားမိပါသည်။ ဘယ်လိုသတင်းစာ ဝယ်တဲ့ ကုလားလဲ တွေးနေမိသည်။

အများဆုံး သတင်းစာတစ်ပိဿာ တစ်ထောင်ဝန်းကျင်ပေါ့၊ ဘယ် လိုကနေဘယ်လို တစ်သောင်းဈေးဖြစ်သွားသည် မသိ။ ဒါမှမဟုတ် သတင်း စာမှာ ခတ်သတ္တု တစ်မျိုးပါလို့ ပညာရှင်တွေကပဲ လိုက်ဝယ်သည်လား မသိပါ။ ကတုံးက သတင်းစာကို ချိန်ခွင်နဲ့ ချိန်ရင်း မသိမသာ မျက်လုံး ကစားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး"

"ပြော"

ကတုံးက သတင်းစာဖိုး တစ်သောင်းထုတ်ပေးရင်း သတင်းစာထုတ်ကို တောင်းထဲထည့်ကာ -

"ဟိုကော်ခွေးရုပ်လေး ရောင်းပါလား"

မိုးဇော် ကြည့်တော့ ရာဇဝင်ဆောင့်တဲ့ လက်တစ်ဝါးသာသာ ကော်နဲ့ လုပ်ထားတဲ့ ခွေးရုပ်ပေါ့။ ခွေးရုပ်က လက်နှစ်ဘက်တောင် မရှိတော့အောင် ရာဇဝင်က ဆွဲဖြုတ်ထားသည်။ အိုနာကျိုးကန်းခွေးရုပ်။

"မင်းက ဘာလုပ်မလို့လဲ"

ကတုံး ခေါင်းကိုပွတ်ရင်း စဉ်းစားကာ စိတ်ထဲရှိသမျှ ပြောလိုက်ပါသည်။

"ကုလားကို ဘဘုန်းကြီးက ယတြာချေခိုင်းထားလို့"

"ဘာ...မင်းကို ဘုန်းကြီးက ယတြာချေခိုင်းတယ်၊ ဒီနေ့တော့ ဒီကုလားဆီက ကြားရသမျှဟာ အဆန်းတွေချည်းပါပဲ"

"လုပ်ပါ အစ်ကိုရယ်..အဲဒီအရုပ်ကို ငါးထောင်ပေးပါ့မယ်"

"ဘာ...ငါးထောင်"

မိုးဇော် ခေါင်းကုပ်မိပါသည်။ ဒီခွေးရုပ်ကို လမ်းထိပ်က အရုပ်ဆိုင်က ဝယ်တာမှ ငါးရာပဲ ပေးရပါသည်။ အဲဒီအရုပ်ကို ငါးထောင်ပေးဝယ်မယ်ဆိုတော့ ဟိုကောင်တွေသိလို့ကတော့ အံ့သြကြမှာ အမှန်ပါ။

"ရောင်းတယ်ကွာ"

မိုးဇော် သွားယူပြီး ကုလားကို ပေးသည်။ ကတုံးက ဟိုကြည့်ဒီကြည့်ပေါ့။

မိုးဇော်က -

"မင်း ဘာအရုပ်လိုချင်သေးလဲ"

ကတုံး ခေါင်းကိုပွတ်ကာ -

"ကြောင်ရုပ်ဆိုရင် ငါးထောင်...ကြွက်ရုပ်ဆိုရင် တစ်သောင်း ကုလားက တနင်္လာ ဆိုတော့ ကြောင်၊ ကြွက်၊ ကျား..အဲဒီအရုပ်တွေရရင် ပိုက်ဆံပိုပေးမယ်"

"ရမယ်၊ ခဏစောင့်"



မိုးဇော်စကားကြောင့် ကတုံး အားတက်သွားပါသည်။ ထိပ်ကွက်နဲ့အကြံ မဆိုးလှဟုတွေးမိပြီး ပျော်နေပါသည်။

မိုးဇော် ပြန်ထွက်လာတော့ လက်ထဲမှာ..အရုပ်တွေက တပွေ့တပိုက်။ ဘယ်လိုက ဘယ်လိုရှာလာသည် မသိ။ ကြောင်၊ ကျား၊ အိမ်မြှောင်၊ တောက်တဲ့၊ သာလိကာ အရုပ်ပေါင်းစုံမှ အရုပ်ပေါင်းစုံ။ ဒါပေမဲ့..ကြွက်နဲ့တူတာ ဆိုလို့ ကြွက်ထောင်ချောက်တောင် မတွေ့။

ကတုံး ကြောင်ရုပ် နှစ်ထောင်၊ ကျားရုပ် သုံးထောင်၊ အိမ်မြှောင် တစ်ထောင်၊ တောက်တဲ့၊ သာလိကာ စသည့်..အရုပ်ပေါင်းစုံကို ကြေးအမျိုးမျိုးပေးပြီး ဈေးဖြတ်ပြီးတော့မှ -

"အား..ကိုလေး"

မိုးဇော် အူမြူးပြီး ပိုက်ဆံတွေ ရေတွက်ရင်းက ဟိုကောင်တွေဆိုတုန်း ဘီယာဆိုင်မှာ သွားကဲမယ်လို့ ကျိတ်ကြံစည်နေရင်း

"ဆို..ဘာအရုပ်လိုချင်လဲ၊ နတ်ရုပ်တော့ မရဘူးနော်၊ လိုချင်ရင် ဘုရားစောင်းတန်းမှာ သွားဝယ်"

ကတုံး မိုးဇော်စကားကြောင့် စိတ်ပျက်သွားပြီး နှာခေါင်းရှုံ့ကာ

"နတ်ရုပ်..ကုလား မထိရဲဘူးနော်၊ ဟို..ကြွက်ရုပ်ရှိလား၊ နှစ်သောင်းပေးမယ်"

"ဟေ...မင်း တကယ်ပြောတာလား"

"တကယ်...မဟုတ်ဘူး၊ နှစ်ကယ်"

မိုးဇော် နည်းနည်းတော့ စဉ်းစားသွားရပါသည်။ ကြွက်ရုပ်က ဘာမှတန်ဖိုးမရှိပေမယ့် ဟိုကောင် ရာဇဝင်ဆိုတဲ့ မျောက်လောင်းလေးက အဲဒီကြွက်ရုပ်မှ ကြွက်ရုပ်၊ လက်ကကို မချ။

မိုးဇော် တွေဝေနေပုံကြောင့် ကတုံး နည်းနည်းတော့ ဈေးပိုပေးသင့်သည်လို့ တွေးမိကာ

"နည်းလား...သုံးသောင်းပေးမယ်"

မိုးဇော် သုံးသောင်း..ဆိုတော့ ဘာမှကို စဉ်းစားမနေတော့ပါ။ နောက်ကိစ္စ နောက်ကြည့်ရှင်းတော့မယ်လို့ ဆုံးဖြတ်လိုက်သည်။

ပြန်ရောင်းပြီး နောက်ထပ်ကြွက်ရုပ်အသစ် ဝယ်ပေးလိုက်ရင်ရော မဖြစ်နိုင်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ...အဲဒါဆိုရင်..

"ခဏစောင့်"

မိုးဇော် အိမ်ထဲကို လှစ်ခနဲဝင်သွားပြီး ကြွက်ရုပ် ရှာပုံတော်ဖွင့်ပါတော့သည်။ ခုနက ခက်ဆစ် ရာဇဝင်ကိုချိုးသွားတော့ ရာဇဝင် လက်ထဲမှာ ကြွက်ရုပ်မပါသွားတာ မိုးဇော် ကျိန်းသေသိသည်။

"ကြွက်ရုပ်ရေ...မိမိ...ဟာ..ဟုတ်ပါဘူး"

မိုးဇော် ဖင်ပူးတောင်းထောင်ကာ ကြွက်ရုပ်ကို ပိုက်စိပ်တိုက်ရှာဖွေပါတော့သည်။

"တောက်..ဒီကုလားကွာ၊ ကြွက်အရှင် ဖမ်းနိုင်းတာကမှ ကောင်းဦးမယ်...ဟော..."

တွေ့ပါပြီ။

ကိုယ်တော်ချောကြွက်ရုပ်က အမှောင်ထဲက ချောင်ကွယ်မှာ ပုန်းနေပါသည်။ မိုးဇော် ခက်ရာခက်ဆစ် ကြွက်ရုပ်ကို လှမ်းယူတော့

"ကလောက်...ကလောက်"

ကြွက်ရုပ်ကိုယ်ထဲက တစ်ခုခု ပြုတ်ထွက်နေတဲ့အသံကြောင့် ထပ်ခေါက်ကြည့်တော့ -

"ကလောက်...ကလောက်"

"သြော်...ကြွက်ရုပ်ကလည်း ပျက်နေပါပြီ။ ရောင်းလိုက်တာ ပိုကောင်းသွားတာပေါ့၊ ပြီးမှ ဟိုကောင်တွေ ပြန်မလာခင် အသစ်ပြန်ဝယ်ထားလိုက်ရင် ပြီးတာပဲ...ကောင်းလိုက်တဲ့ အကြံကွာ"

မိုးဇော် ပြန်ထွက်လာတော့ မိုးဇော်လက်ထဲက ကြွက်ရုပ်ကို မြင်ကာ ကတုံးမျက်နှာက ပျားရည်အိုးထဲ မျက်နှာနဲ့ကျသလို ဝင်းထိန်သွားပါသည်။

"ကဲ..ဆရာသမား၊ ရော့-မင်းလိုချင်တဲ့ ကြွက်ရုပ်၊ ပေါ့ကောင်ပိုက်ဆံပေးလေ"

ငေးမိငေးရာ ငေးမိနေတာကြောင့် မိုးဇော်ပြောမှ သတိဝင်လာကာ အားရဝမ်းသာနဲ့ မိန့်မိန့်ကြီး ငွေသုံးသောင်းကိုပေးကာ ခြင်းထဲတောင်မထည့်တော့ဘဲ လက်က ကိုင်ကာ -

"အားကိုလေး..ကျေးဇူးပဲ၊ သွားပြီနော်"



ဒန်အိုးဒန်ခွက်ဝယ်တဲ့ ခြင်းနဲ့ထမ်းပိုးတွေကို မယူနိုင်တော့ဘဲ ထလစ်တော့ မိုးဇော်က

"ပေါ့ကောင်၊ မင်းပစ္စည်းတွေ ပြန်သယ်လေကွာ"

"အားကြီးဆောရီး တောကြီးမြိုင်လယ် မေ့သွားလို့ အားကိုလေး၊ သယ်ပြီ"

ကတုံး ရယ်ကျဲကျဲလုပ်ကာ ကိုယ့်အထုပ် ကိုယ်သယ်ကာ အမြန်လစ်ထွက်လာတော့သည်။

ဒါပေမယ့် ခြံပေါက်ဝမှာဝင်လာတဲ့ ခက်ဆစ်နဲ့လင်းမြင့်အောင်။ ခက်ဆစ်လက်ထဲက ရာဇဝင်ကလည်း ကတုံးလက်ထဲက ကြွက်ရုပ်ကိုမြင်တော့ ဘာမှပြောမနေအားဘဲ လက်ညှိုးထိုးကာ အသံပြဲကြီးနဲ့ဟဲပါတော့သည်။ ခက်ဆစ် အလဲသည်အဖြစ်ဟန်ဆောင်ထားတဲ့ ကတုံးကုလားလက်ထဲက ကြွက်ရုပ်ကိုတွေ့ကာ

"ပေါ့ကောင် တရုတ်၊ ဟာ...ကုလား မင်းဘာလုပ်တာလဲ...ပြန်ပေးစမ်း ကြွက်ရုပ်"

ခက်ဆစ် ရုတ်တရက်လုလိုက်တာမို့ ကတုံးကုလား စားခါနီးမှ မစင်ပုံထဲ ကျသွားတဲ့အဖြစ်မို့ အခံရခက်စွာနဲ့

"အားကို..ဒါ..ကတုံးကုလား အမှန်းများနဲ့ အဲလေ..တန်ကြေးတန်ရာ..."

"တန်ရာတန်ကြေးပြောစမ်းပါ တရုတ်ရယ်"

"ကုလားပါ အစ်ကို"

"ကုလားပဲ ဖြစ်ဖြစ်၊ တရုတ်ပဲ ဖြစ်ဖြစ်ကွာ၊ ဒီအရုပ်ကို မရောင်းနိုင်ဘူး။ မင်း ဘယ်လောက်နဲ့ဝယ်ထားတာလဲ၊ ငါးဆယ်လား တစ်ရာလားပါပြန်ပေးမယ်"

ခက်ဆစ်စကားကြောင့် မိုးဇော် ခေါင်းကုပ်ရင်း "ပြဿနာတော့ တက်ပြီ"ဟု ညည်းမိပါသည်။ ကတုံးကုလားက ပိုက်ဆံအားကိုးနဲ့ ခက်ဆစ်ကို မျက်နှာလေးချိုပြီး ပြောမိသည်။

"ထပ်သရီး...ငါးဆယ် တစ်ရာ မဟုတ်ဘူး အားကို၊ သုံးသောင်းပေးပြီး ဝယ်ထားတာ၊ မယုံရင် ဟိုအားကိုလေးကို မေးကြည့်"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်ရဲ့ကြုံးအော်လိုက်တဲ့အသံကြောင့် ကတုံး လန့်ဖျပ်သွားပါသည်။

“အားကလူး...လန့်လိုက်တာ အစ်ကိုလေးရယ်”

“ဘာလန့်တာလဲ၊ မီးလန့်တာလား။ ဟေ့ကောင် မိုးဇော်..မင်း လာစမ်း...လာပါဦး”

“ခင်ညာ...နာ့ကိုလား”

ညောင်နာနာအသံနဲ့ မိုးဇော် သွားလေးဖြဲရင်း ရောက်လာကာ

“ဟဲ...ဟဲ”

“ဘာဟဲဟဲမှမလုပ်နဲ့၊ ပိုက်ဆံပြန်ပေးလိုက်”

ကတုံး မျက်လုံးပြူးသွားကာ

“အားကို၊ အဲဒီလိုမလုပ်နဲ့လေ...ဝယ်ပြီးသား ပစ္စည်း ပိုက်ဆံပြန်မပေးပါလို့ စတိုးဆိုင်တွေမှာ ရေးထားတယ်လေ”

“အဲဒါ စတိုးဆိုင်မှာ ရေးတာ၊ ငါ့အိမ်မှာ ရေးထားတာ မဟုတ်ဘူး”

“ဟုတ်သားပဲ ခက်ဆစ်ရာ...အဲဒီကြွက်ရုပ်မျိုး ဒီပိုက်ဆံနဲ့ အခု တစ်ရာ နှစ်ရာလောက် ဝယ်လို့ရတာပဲဟာ”

“ပြောပြလိုက်ပါ အစ်ကိုလေးရယ်”

ကတုံးကလည်း မိုးဇော်ဘက်ကနေ ပြောပါသည်။ ခက်ဆစ် သိပ်မသင်္ကာချင်တော့။

“မရောင်းဘူးဆို မရောင်းဘူးကွာ...ရာဇဝင်က ဒီအရုပ် မရှိလို့ မဖြစ်ဘူး။ ပြန်ပေးလိုက် မိုးဇော်...ဒါပဲ”

မိုးဇော် မပေးချင် ပေးချင်နဲ့ ပြန်ပေးလိုက်ရပါသည်။

ကတုံးကုလား ပြန်သွားတော့ ဘာတစ်ခွန်းမှဝင်မပြောတဲ့ လင်းမြင့်အောင်က -

“သွားပါပြီကွာ..ငါ ဘီယာသောက်ဖို့ စိမ်ကိန်းလေး ပျက်ပါပြီ”

“ဟေ့ကောင်၊ အသံပြကြီးနဲ့အော်မနေနဲ့၊ ငါ ဘီယာတိုက်မယ်”

“အာရေး..အစ်ကို ကတုံးကိုလည်း တိုက်မှာလား”

“အေး...တိုက်မယ်၊ မင်းကိုတော့ ဒူးနဲ့”

ကတုံးမျက်နှာကြီး ရှုံ့မဲ့ကာ -



“အစ်ကိုနော်...အားကြီး မကောင်းဘူး။ ကတုံးရဲ့စီးပွားရေးကို ဖျက်တယ်”

“ဟာ...ဒီကောင်တော့၊ ငါလုပ်လိုက်ရရင်”

ခက်ဆစ် အနီးနားက တုတ်ကို ကောက်ဆွဲတော့ ကတုံး သူ့အိတ် သူထမ်းကာ ပြေးပါတော့သည်။

ကတုံး ဆာလာအိတ်ထဲက ချပေးတဲ့ ပုံပျက်ပန်းပျက်ကော်ရုပ်မျိုးစုံကိုကြည့်ပြီး မယ်ဝဏ္ဏ မျက်နှာကြီး ဝင်းတက်လာကာ -

“ဟာ..အရုပ်တွေ စုံလို့ပါလားကွ”

ကတုံးဆိုတဲ့ကောင်ကလည်း သူ့တို့ ဆရာကြီးမယ်ဝဏ္ဏရဲ့ဝမ်းသာအားရစကားကြောင့် တဟားဟား အော်ရယ်ပြီး

“ကတုံးပါ ဆရာကြီးရဲ့၊ အရုပ်တစ်ရုပ်ကို လေး-ငါးထောင် တစ်သောင်း ပေးလိုက်တော့ ဟား..ဟား..ဟား..ဟား”

မယ်ဝဏ္ဏ အဲဒီစကား အဲဒီလေသံကြောင့် ဝမ်းသာအားရနဲ့

“ငါတို့ကြွက်ရုပ် ရရောလား”

ကတုံး မျက်နှာငယ်လေးနဲ့ ခေါင်းခါကာ

“အဲဒီအရုပ်တစ်ရုပ်တော့ မရခဲ့ဘူး ဆရာကြီး”

“ဘာကွ”

မယ်ဝဏ္ဏရဲ့မျက်နှာက တဖြည်းဖြည်း နေလောင်ခံထားရတဲ့ သစ်သီးပုပ်တစ်လုံးလို ရှုံ့မဲ့လာကာ

“က...တုံး...”

“ဗျာ..”

ဆရာကြီးရဲ့လက်ခေါက်က ကတုံးခေါင်းကို တရစပ် ကျလာပါသည်။

“ငါက ဒီအရုပ်တွေကို ဘာလုပ်ရမှာလဲ၊ ငတုံးသေနာရဲ့”

“အို..ဟို...ပဲလှော်နဲ့လဲစားမယ်လေ”

“ဟာ...ဒီကောင်”

ဆရာကြီးရဲ့လက်က ကတုံးခေါင်းကို အဆက်မပြတ်ကျလာပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်-လုပ်လိုက်ရင် တစ်ကောင်မှသောက်ချိုးမပြေဘူးကြည့် လိုက်ရင် အမေရိကန်ရုပ်ရှင်ကားထဲက လူကြမ်း ဂိုဏ်းစတားလိုလို၊ လု လိုက်ရင်တော့ ငါးနှစ်သားဦးနှောက်ကမှ သူတို့ထက် စဉ်းစားဉာဏ်ပိုရှိသေ တယ်၊ ချက်...ချက်"

မယ်ဝဏ္ဏရဲ့စကားကြောင့် ကတုံး၊ ပေါကြီးနဲ့ထိပ်ကွက်တို့ သူ ဝိုက်ကိုလှန်ကြတော့ -

"ဟဲ့ - ဘာလုပ်နေကြတာတုံး"

မယ်ဝဏ္ဏကြီးစကားကြောင့် ပေါကြီးက ရုပ်တည်တည်ကြီးနဲ့

"ဆရာကြီးက ချက်ချက်ဆို"

"ဟာ..ဒီကောင်တွေတော့နော်၊ ငါပြောတာ ခတ်ခတ်..ခတ် ပြားကို ပြောတာဟဲ့၊ ငတုံးတွေရဲ့"

"ရှိပါတယ် ဆရာကြီး။ အပြင်မှာပါ"

"အေး..အဲဒီကောင်ကို သွားခေါ်စမ်း..ညည်းတို့ကို ပြောရတာ လျှာတောင် အီကြာကွေးဖြစ်တော့မယ်"

ကတုံး ပြာပြာသလဲနဲ့ အပြင်မှာ ကားကိုရေဆေးနေတဲ့ ခတ်ပြ ကိုသွားခေါ်ရပါသည်။ သိပ်မကြာခင်မှာပဲ ကတုံးနဲ့ခတ်ပြား ရောက်ရှိလာ ပါသည်။

"မယ်မယ် ခေါ်တယ်ဆိုလို့"

"အေး၊ နင်က အတွင်းစည်းထဲ ရောက်နေပြီဆိုတော့ ကြွက် ဘယ်လိုရှာရမလဲ ပြောစမ်း"

"ဒါများ လွယ်လွယ်လေး မယ်မယ်ရယ်၊ ကြောင်တစ်ကောင် ထားလိုက်ပေါ့"

ခတ်ပြားက ခပ်လွယ်လွယ်ပဲ ပြောတော့

"ဟဲ့-လာပြန်ပြီ တစ်ကောင်"

ခတ်ပြားက ရွဲ့လို့ရွဲ့ပြောမှန်းမသိဘဲ -

"ကြောင်က တစ်ကောင်ဆို ရပါပြီ မယ်မယ်ရဲ့၊ နှစ်ကောင်မ ပါဘူး"

ခတ်ပြားစကားကြောင့် ကတုံးတို့က ပြုံးစိပြုံးစိ။

မယ်ဝဏ္ဏ ခတ်ပြားဆိုတော့လည်း ဟိုကောင်တွေလို မာန်လို့မ



"ခတ်..ခတ်..နင် ဘာတွေပြောနေတာလဲ၊ ငါပြောတဲ့ ကြွက် က ပတ္တမြားကြွက်ကိုပြောတာ"

အဲဒီအခါကျမှ ခတ်ပြား သွားဖြဲလေးနဲ့ရောချပါတော့သည်။

"ဟဲ့..ဟဲ့..အဲဒါပဲ ပြောတာ၊ အရုပ်ကြွက်ဖြစ်ဖြစ်၊ အကျီဝတ်တဲ့ ကြွက်ဖြစ်ဖြစ်၊ မြေပေါ်ကြွက်၊ မြေအောက်ကြွက်၊ ဘယ်လောက်ပဲ လျင်လျင် ခတ်ပြားဆိုတဲ့ ကြောင်က ရအောင်ဖမ်းပြရမှာပေါ့ မယ်မယ်ရဲ့"

ခတ်ပြားရဲ့ စကားကြောင့် မယ်ဝဏ္ဏကြီး မနောရွှေ့သွားပေမယ့် ကတုံးတို့ကတော့ ပြောလည်း ပြောတတ်တဲ့ ခတ်ပြားကို မဲ့ကာရွဲ့ကာနဲ့ ကြည့်မိကြပါသည်။

ဒါကို မယ်ဝဏ္ဏကြီးမြင်တော့

"ဟဲ့ အကောင်တွေ...နင်တို့မျက်နှာတွေက ဘာဖြစ်သွားကြတာ လဲ"

မယ်ဝဏ္ဏစကားကြောင့် ထိပ်ကွက်က ခေါင်းလေးကုပ်ပြီး

"ဟို..ဟိုလေ..မျက်နှာ အကြောလျှော့တာပါ ဆရာကြီး"

"ဟွန်းနော်..ငါမပြောလိုက်ချင်ဘူး။ သွားကြ..သွားကြ..ခြော် ခတ်ခတ် နေခဲ့၊ မယ်မယ် ကိုင်စရာရှိလို့"

"ဗျာ"

မယ်မယ်စကားကြောင့် အားလုံးလန့်ဖျပ်သွားတော့ မယ်ဝဏ္ဏကြီး မန်းကတန်းပြောရပါသည်။

"ဟဲ့-နင်တို့ကို ငါးဟင်းချက်ကျွေးမလို့ ငါးကိုင်ဖို့ဟဲ့၊ ခတ်ပြား က ခုတ်တာထစ်တာကောင်းလို့ ပိုင်းကူခိုင်းတာဟဲ့"

အခုမှပဲ ခတ်ပြားလည်း သက်ပြင်းချကာ ငါးကိုင်ဖို့အတွက် မယ် ဝဏ္ဏကြီးနောက်ကနေ တစ်ပါတည်း လိုက်ပါသွားခဲ့ပါသည်။

♛ ♛ ♛

"ဟေ့ကောင်တွေ၊ ကလေးလည်း ဂရုစိုက်ဦး"

"အေးပါကွာ"

"သား အဲဒီကြွက်ရုပ်ကြီး ချထားလိုက်"

ခက်ဆစ်က ကလေးလက်ထဲ ကြွက်ရုပ်ကို ယူတော့ ရာဇဝင်ဆိုတဲ့ ကလေးက ငြင်ကနဲ ငိုရာ လင်းမြင့်အောင်က

www.burmeseclassic.com

www.burmeseclassic.com



“ကဲ့ ့လုပ်မနေနဲ့ ဘိုးတော်၊ အဲဒီအရုပ်မပါသွားလို့ကတော့ ဒီ ကောင်က တော်တော်နဲ့တိတ်မှာ မဟုတ်ဘူး”

“မဟုတ်ဘူးလေကွာ . . ဟိုရောက်ရင် အရုပ်ဆိုင်တွေက အများ ကြီး အရုပ်ဝယ်ပေးရဦးမှာပဲ ဥစ္စာ”

“ကဲပါ ခက်ဆစ်ရယ် ့ ဒီအရုပ်လေးတစ်ရုပ်က ဝန်မလေးပါဘူး”

လင်းခက်က ဝင်ပြောတော့မှပဲ ခက်ဆစ်လည်း စိတ်လျှော့ကာ ရာဇဝင်ကို ချီပြီး ကိုဓာတ်ပြားရဲ့ကားဆီ ထွက်လာခဲ့ပါသည်။

ကိုဓာတ်ပြားက အတွင်းကနေ ကားလော့ကို လှမ်းဖွင့်ပေးပြီး

“ဘယ်ကိုမောင်းရမလဲ ခက်ဆစ်”

“ဟက်ပီးဝေါ(လ်)ကို မောင်းဗျာ”

ဓာတ်ပြားက ခေါင်းညိတ်ပြီး ကားစက်နှိုးကာ မောင်းထွက် ခဲ့ပါသည်။

ဟက်ပီးဝေါ(လ်) ရောက်တော့ ရာဇဝင်က အပျော်ကြီး ပျော် ပါသည်။ ဓာတ်ပြားက သားရဲ့လက်ထဲက ကြွက်ရုပ်ကိုရဖို့ အကြံကြီး ကြံ နေတာပေါ့။ ပြီးတော့ မလှမ်းမကမ်းမှာ ယောင်လည်လည် လုပ်နေကြ ကတုံးပေါ် ထိပ်ကွက်တို့ သုံးယောက်ကို မျက်စမျက်နှ ပြကာ တစ်နေရာ မှာ ဆုံကြပြီး ကြွက်ရုပ်စီမံကိန်းကို အကောင်အထည် ဖော်ဖို့ တိုင်ပင် ပါသည်။

အဲဒီအချိန်မှာ ခက်ဆစ်၊ လင်းခက်နဲ့ရာဇဝင်တို့ ကစားနည်းအ မျိုး ကစားကြရင်း အရုပ်တွေ ရပါတယ်။ အဲဒီအရုပ်တွေထဲမှာ ကြွက်ရုပ် ရုပ် ပါလာတာကြောင့် လင်းခက်က ရာဇဝင်လက်ထဲက အရုပ်ကို ယူ ကြွက်ရုပ်အသစ်ကို ထည့်ပေးသည်။ ပြီးတော့ ကြွက်ရုပ်အဟောင်းကို သူ့ ဘေးအိတ်ကိုဖွင့်ကာ ထည့်ထားပါသည်။

အဲဒီအဖြစ်အပျက်တွေကို ဓာတ်ပြားနဲ့သူ့အပေါင်းအပါတွေ ထဲ မသိလိုက်ပါ။ ဓာတ်ပြား ရောက်လာတော့ ခက်ဆစ်လက်ထဲက သိုး တွေကို တွေ့ပြီး

“ဟ . . တော်တော်ဆော့ထားကြပြီထင်တယ်”

“ဟုတ်တယ် ကိုဓာတ်ပြားရေ၊ သားထက် ခက်ဆစ်က ပြန်နေတာ”



လင်းခက် စကားကြောင့် ခက်ဆစ်က တဟဲဟဲ . . . အဲဒီအချိန်မှာ လက်ထဲက ကြွက်ရုပ်က မထင်မှတ်ဘဲ လွတ်ကျသွားပါသည်။ လွတ် သွားတဲ့ ကြွက်ရုပ်လေးက သူတို့ရှေ့က ရေကန်ပေါင်နဲ့စင်ကာ အလှပြ တဲ့ ရေကန်သေးသေးလေးထဲကို အရှိန်နဲ့အကျ၊ ကန်ရေထဲက ကျောက် ကျောက်ခဲတွေနဲ့ထိခိုက်ကာ ကြာဖတ်တစ်ခုပေါ် တင်နေပါသည်။

ဓာတ်ပြား မျာမျာသလဲဖြစ်သွားတာပေါ့။

“ဟာ . . . ဒုက္ခပဲ”

ရာဇဝင်က တစ်ချက်လေးမှမငို။ ကြွက်ရုပ်ပေါ် အာရုံမရှိသေးလို့ သည်။

“ခက်ဆစ်တို့ကတော့ လုပ်တော့မယ်”

လင်းခက်စကားကြောင့် ခက်ဆစ်က လင်းခက်အိတ်ထဲက ကြွက် ကို ရည်ရွယ်ကာ

“ထားလိုက်ပါတော့ လင်းခက်ရယ်၊ အရုပ်တွေ ရှိနေတာပဲ”

“အင်းလေ . . . ယူရတာလည်း ခပ်ခက်ခက်ပဲ၊ ကဲ . . . သွားကြရ အောင်”

လင်းခက်ဆီက စကားတစ်ခွန်းက ဓာတ်ပြား ရင်ထဲကို အပျော် ပြောင်းထည့်ပေးလိုက်သလိုပါပဲ။ ဓာတ်ပြား ဟိုကောင်တွေကို လှမ်း ညည်းလိုက်ပါတယ်။ ကတုံး ပေါ် ထိပ်ကွက်ကလည်း အစအဆုံးမြင်တာမို့ ယ်ပြောကောင်းမလဲ . . မျက်နှာတွေ ပြုံးရွှင်၊ ကြွေမရတဲ့အထိပေါ့။

ထိပ်ကွက်က ဟိုနှစ်ကောင်ကို သတိပေးရပါသည်။

“ဟေ့ကောင်တွေ၊ ဘာမှမလှုပ်ရှားနဲ့ဦး၊ တော်ကြာ ရိပ်မိသွားဦး မယ် . . . သူတို့ပြန်တော့မှ လှုပ်ရှားမယ်”

“အေး . . . ဟုတ်တယ်”

ကတုံးပေါ်ထိပ်ကွက်တို့ ခက်ဆစ်တို့မပြန်မချင်း စောင့်ကြည့်နေ ပါသည်။

“ဟေ့ကောင် ကတုံး၊ ပြန်ကြပြီထင်တယ်”

“ကားပေါ်တက်ပြီလား”

“ဟင့်အင်း၊ ဘွိုင်းလက်ထဲ ဝင်သွားတယ်”

“ဟာ ့ ့ ဒီကောင်၊ တော်တော်တုံးရဲ့သလား”

www.burmeseclassic.com

www.burmeseclassic.com



ကတုံး အဲလောက်တုံးတဲ့ ပေါ်ကြီးစကားကြောင့် ပေါ်ကြီးခေါင်းကို သုံး–လေးချက် ခေါက်လိုက်ပါသည်။

“ဟော့..ပြန်ကြပြီကွ”

သူတို့ချောင်းကြည့်နေကြတဲ့နေရာရဲ့ခပ်လှမ်းလှမ်းက ကားဆင်းဆိ မှာ ဓာတ်ပြားနဲ့ခက်ဆစ်တို့စုံတွဲ။ ဓာတ်ပြား ကားဘေးမှာရပ်ပြီး စကား ပြော နေကြပါတယ်။

“ကဲ...ဘယ်သွားမလဲ”

ခက်ဆစ်က လင်းခက်ကို မေးငေါ့ပြတော့

“နေ့လယ်စာ စားဖို့ တစ်နေရာရာသွားမလား”

“ကောင်းသားပဲ၊ ဒါဆို..မျှော်စင်ကျွန်းဘက် မောင်းဗျာ၊ အဲဒီမှာ ဆိုင်တွေရှိတယ်”

ဓာတ်ပြား တက်တက်ကြွကြွနဲ့ဟိုကောင်တွေဘက်ကို မသိမသာ ကြည့်ကာ –

“အိုကေ”

ဓာတ်ပြားကားပေါ်တက်ပြီး ကားမထွက်ခင် လက်ကို အပြင်ထုတ် ကာ ဟိုကောင်တွေကို လုပ်ငန်း စဖို့ အချက်ပြလိုက်ပါသည်။ ဓာတ်ပြား တို့ ကားထွက်သွားတော့ ကတုံး လုပ်ငန်းစဖို့ ပြင်ဆင်ပါတော့သည်။

“ကဲ...လာ”

သူတို့ အလှဆင်ထားတဲ့ကန်နားမှာ မယောင်မလည်။ အဓော ကလေးမလေး နှစ်ယောက်က အဲဒီကန်နားမှာ အလှဓာတ်ပုံရိုက်နေကြ အခက်တွေ့နေပါသည်။

အဲဒီအချိန်မှာပဲ ဓာတ်ပြားရဲ့ ကားပေါ်က ရာဇဝင်က ချိုးမိုး လုပ်ပြီး အသံပြဲကြီးနဲ့ငိုပါတော့သည်။ ခက်ဆစ်က သား ကြွက်ရုပ်ပျောက် နေပြီဆိုတာ သိလိုက်တာကြောင့်

“လင်းခက်ရေ့...မင့်သားကတော့ ပြဿနာရှာနေပြီ၊ ကြွက်ရုပ် တောင်းနေပြီကွ”

ခက်ဆစ်စကားကြောင့် ဓာတ်ပြား ကားမောင်းနေရာမှ

“အဲဒါဆို ပြဿနာပဲ၊ ကြွက်ရုပ်က ရောနက်ထဲကျသွားတာ မဟုတ် လား”



“အင်းလေ၊ ကိစ္စမရှိပါဘူး”

ခက်ဆစ်က ဓာတ်ပြားကိုစချင်တာကြောင့် ကြွက်ရုပ်ကို လင်းခက် ဆီက မသိမသာ လက်တို့တောင်းတော့ လင်းခက်က ရိပ်မိကာ ပြုံးစေ့စေ့နဲ့ ခက်ဆစ်ကို ကြွက်ရုပ် မသိမသာ လှမ်းပေးပါသည်။

ရာဇဝင်ကလည်း ပြကနဲ ငိုကောင်းတုန်း။ သားက ငိုတော့ ဓာတ် ပြား ဖခင်ရင်းပီပီ မကြည့်ရက်နိုင်ရှာ။

“အေးကွာ၊ အရုပ်ဆိုင်တစ်ဆိုင်ဆိုင် ရောက်ရင် ဆင်းပြီး ကြွက် ရုပ်ရှာဝယ်ပေးရမှာပဲ”

ဓာတ်ပြားစကားကြောင့် ခက်ဆစ် မရယ်မိအောင်နေကာ လက် ကိုဖြန့်ပြီး ဓာတ်ပြားရှေ့ ထိုးပြရင်း

“ဒီအကောင်လေးလား”

“ဟမ်”

“ကျွီ”

ရုတ်တရက် မြင်လိုက်ရတာမို့ ဓာတ်ပြား လန့်ဖျပ်ကာ ဘရိတ် အုပ်သလိုဖြစ်မိတော့ ဟန်ချက်တွေ ပျက်ကုန်ပါသည်။ နောက်ကားတွေ ကလည်း ဘရိတ်အုပ်ကာ မိုးမွှန်အောင် ဆဲသွားကြပါသည်။ လင်းခက်က ကားမထိအောင် ကာထားရတာမို့ တံတောင်ဆစ် နည်းနည်းနာသွားကာ

“အဲဒီခက်ဆစ်ဟာလေ..ကားမောင်းနေတုန်း သွားစရတယ်လို့ သား..ပေး..အရုပ်”

လင်းခက် ခက်ဆစ်ဆီက အရုပ်ကိုလှမ်းယူကာ သားကိုပေးတော့ သားက အငိုတိတ်သည်။ ဓာတ်ပြား လုံးဝမထင်မှတ်ထားတဲ့ ကြွက်ရုပ် ပျောက်စီရှေ့ ဘွင်းဘွင်းကြီးပေါ်လာတော့ လန့်ဖျပ်သွားတာ အမှန်။

ကြွက်ရုပ်ကို ကျားတစ်ကောင်လောက် မြင်လိုက်ရတာကိုး။ ဒါ ကို ဟိုကြွက်က–

“ဒါ..ဒါ..ဆို..ဟိုကြွက်ရုပ်က...”

အထစ်ထစ်အငေါ့ငေါ့နဲ့ပြောမိတော့ လင်းခက်တို့ ခက်ဆစ်တို့က ဟားဟား။

“အဲဒါ...ဂိမ်းဆော့ရင်း နိုင်လို့ရတဲ့ ကြွက်ရုပ်၊ ကျွန်တော့် သားရဲ့ ကြွက်ရုပ်ကို လွယ်လွယ်နဲ့ထားခဲ့လို့ဖြစ်မလား ကိုဓာတ်ရယ်”

www.burmeseclassic.com

www.burmeseclassic.com



"အေး..အေး..နော်"

ဓာတ်ပြား သံယောင်လိုက်ရင်း ဟိုမအူမလည်သုံးကောင် ဘာများ ဖြစ်နေမလဲ စိုးရိမ်မိသွားပါသည်။

ဂိမ်းဆော့တဲ့အနားမှာလည်း ကတုံးပေါ်ထိပ်ကွက်တို့ ကြွက်ရှုပ်ရအောင်ယူဖို့ အကြံထုတ်နေကြပါသည်။ ပေါ်လေးက လက်တန်းကိုကိုင်ရင်း ကြာရှက်ပေါ်က ကြွက်ရုပ်ကို ကြည့်ကာ နားထင်ကိုကုပ်ပြီး

"ကြောင်တစ်ကောင်လောက်ရှာပြီး ချိန်ရင်ရော"

ပေါ်လေးစကားကြောင့် ကတုံးက ပေါ်လေးနောက်စိကို ရိုက်ကာ

"အဲလောက်တောင် အတွေးအခေါ်တွေ ကောင်းရလား ငတုံးရဲ့ မင်း လူဆိုးလုပ်ရမှာမဟုတ်ဘူး"

"ဟော့ကောင်၊ တိုးတိုးပြောပါကွ"

ထိပ်ကွက်က အဲဒါကျတော့ အကင်းပါးသား။ ကတုံး အသံကိုနှိမ့်ချရင်း -

"မင်းက လူဆိုးလုပ်ရမှာမဟုတ်ဘူး ပညာရှိလုပ်ရမှာ"

"ဒါဆိုလည်း မင်းဘာသာ မင်းစဉ်းစားကွာ"

ကတုံးက ဆရာကြီးစတိုင်နဲ့ ပတ်ဝန်းကျင်ကို အကဲခတ်ကာ

"ဟုတ်ပြီ"

"လုပ်ပါဦး"

"ထိပ်ကွက်၊ မင်းက မီးတွေမှိတ်သွားအောင် မိန်းသွားချ"

"ရတယ်၊ လုံခြုံရေးကို သွားလုပ်နိုင်းလိုက်မယ်"

"ဟာ-လုပ်ပြန်ပြီ၊ လုံခြုံရေးမသိအောင် လုပ်ရမှာကွ၊ မင်းတို့ကွာ"

ကတုံး စိတ်ညစ်ညစ် စိတ်ပျက်ပျက်နဲ့ ပြောတော့ - ထိပ်ကွက် မျက်နှာငယ်လေးနဲ့ -

"အေး...အေးပါကွာ"

"အဲဒါဆို သွားတော့၊ ဟော့ကောင်..နှစ်မိနစ်လောက်ကြာအောင်ထားနော်"

ထိပ်ကွက်က အေး..အေး လို့ လှည့်ပြောကာ ထွက်သွားပါသည်။ ထိပ်ကွက် မိန်းရှိရာနေရာရောက်တော့ ဝန်ထမ်းနှစ်ယောက်ရပ်ကာ စကားပြောနေတာကြောင့် အခက်တွေ့နေပါသည်။



အမှန်တော့ အဲဒီဝန်ထမ်းနှစ်ယောက်က မိန်းအခြေအနေကို လာကြည့်တာပါ။

"ကိုစန်း၊ တစ်ချက်လောက် မိန်းကိုချပြီး အမြန်တင်ကြည့်ပါလား၊ မီးချလို့ကောင်း မကောင်း။ ဂျန့်မဖြစ်လောက်ပါဘူး"

"အဲဒါဆို အထဲက စက်တွေ ရပ်သွားမှာပေါ့"

"ကိစ္စမရှိဘူး၊ သူ့ဘာသာသူတို့ ရှင်းလိမ့်မယ်၊ လုပ်ကြည့်စမ်းပါ"

"အေး...အေး"

ထိပ်ကွက် မျက်လုံးပြူးသွားပါသည်။

"ဟာ..ပြဿနာပဲ၊ ဟိုကောင်က ငါလုပ်တယ်ထင်ပြီး ကြွက်ရုပ်သွားယူရင် ခက်ပြီ"

ထိပ်ကွက် ကတုံးရှိရာနေရာကို အပြေးလာကာ တားဖို့ပြင်ပေမယ့် ကတုံးကတော့ လက်တန်းကိုကိုင်ပြီး ကျောက်တုံးတွေပေါ် ခုန်တက်ဖို့ ပြင်ဆင်နေပါသည်။ ထိပ်ကွက်ရဲ့ဆန္ဒ မပြည့်ရှာလိုက်ပါ။

"ဟော"

ဖျတ်ကနဲ မှောင်သွားတော့၊ ကတုံး ဖျတ်ကနဲ ခုန်တက်လိုက်ပြီး ကြံတင်မှန်းထားတဲ့အတိုင်း ကြာပွင့်ဆီလက်အလှမ်း။ မီးတွေက ချက်ချင်းပြန်ပွင့်လာတော့ ကတုံးခမျာ ကုန်းကုန်းကြီးပုံစံနဲ့အုံ့အားအသင့်၊ လူတွေကလည်း သူ့ကို ပြူးတူးပြဲတဲနဲ့ ဝိုင်းကြည့်နေပါသည်။

ကတုံးလည်း သူတို့ပါးစပ်အဟောင်းသားနဲ့ကြည့်နေခိုက် ဟန်ချက်ပျက်ကာ ရေထဲကို -

"ဟာ...ဟာ...ကျ..ကျ"

"ဝုန်း"

နောက်ဆုံးတော့ မန်နေဂျာရုံးခန်းထဲ ရောက်ပြီး အကြေအလည် ရှင်းလိုက်ရပါသည်။ အဲဒီကြွက်တစ်ကောင်ရဲ့အရှုပ်တော်ပုံပေါ့။

♛ ♛ ♛

"ခေါင်းလေးဘာလေး မသုံးဘူးလား"

"ဟာ..ခေါင်းနဲ့ယူလို့မရဘူး၊ လက်နဲ့လှမ်းယူမှရမှာ"

"ဘာ"

မယ်ဝဏ္ဏကြီးရဲ့ ဘာ...ဆိုတဲ့ အသံကြီးကြောင့် ကတုံးပေါ်ထိပ်

www.burmeseclassic.com

www.burmeseclassic.com



ကွက်တို့ တွန့်သွားပါသည်။ မယ်ဝဏ္ဏကြီးမှာ အဖြစ်မရှိတဲ့တပည့်ကျော် သုံးဦးအတွက် စိတ်လည်း ပျက်မိပါသည်။

"ကဲ..ဘယ်လိုဆက်လုပ်မလဲ ခာတ်ခာတ်"

မယ်ဝဏ္ဏကြီးက သူ့ရှေ့တည့်တည့်မှာ ထိုင်နေတဲ့ ခာတ်ပြား အားကိုးတကြီးမေးမိတော့ ခာတ်ပြားက သက်ပြင်းအလုံးတွေကို မှုတ်ထုတ် ပြီး -

"အင်း..ကျွန်တော်စဉ်းစားထားတာ ရှိပါသေးတယ် ဆရာကြီး ရယ်"

"ဘယ်လို...ဘယ်လို"

မယ်ဝဏ္ဏကြီး အပြုံးတွေ ရွှန်းဝေသွားပါသည်။ ခာတ်ပြားက သုံးကောင်ကိုကြည့်ကာ သုံးယောက်လုံးကို လက်ညှိုးထိုးပြီး

"မင်းတို့ သုံးကောင်လုံး ပုံစံပြောင်းရမယ်"

"ဘာ"

"ဟေ"

ဟိုသုံးကောင်လုံး ခာတ်ပြားစကားကြောင့် တွန့်သွားတာပေါ့ ခာတ်ပြားက ကတုံးပေါ်ထိပ်ကွက်တို့ကို ကြည့်ပြီး ရယ်ကာ -

"မင်းတို့သုံးယောက်စလုံးကို ဒီနေ့ကစပြီး တစ်ပတ်အတွင်း ဒီ ဆရာကြီးမယ်ဝဏ္ဏရဲ့အိမ်တော်ထိန်း မသန်းရွှေဆီမှာ ပညာသင်ရမယ်၊ ဒါ ရက်အတွင်းနော်"

"ဟင်"

ခာတ်ပြားစကားကို မယ်ဝဏ္ဏလည်း သဘောပေါက်ပုံမပေါ်။

"ဘာတွေလဲ ခာတ်ခာတ်ရယ်၊ မယ်မယ် နားတွေရှုပ်လှပါတယ် ကွယ်"

"နားမရှုပ်ပါနဲ့ မယ်မယ်ရယ်...ခာတ်ခာတ် ရှင်းပြမယ်"

"ဆိုစမ်းပါဦး"

ခာတ်ပြားက သူစီစဉ်ထားတဲ့ အစီအစဉ်ကို တစ်ခုချင်း အသေး အချာရှင်းပြတော့ မယ်ဝဏ္ဏနဲ့ ကတုံးပေါ်ထိပ်ကွက်တို့ သိပ်ကြိုက်သွားတာ ပေါ့။

"ဟာ...ကောင်းလိုက်တဲ့အကြံ"



"ဒါမှ တို့ခာတ်ခာတ်ကွ"

ခာတ်ပြားက ပိုင်ပိုင်နိုင်နိုင်အပြုံးနဲ့ ပြုံးမိပြီ။

"ကဲ - မင်းတို့ သုံးကောင် ဒီနေ့ကစပြီး မသန်းရွှေဆီမှာ ပညာ သင်ယူမှုတော့၊ ငါ ဟိုဘက်ခြမ်းကို တာဝန်ယူတယ်"

ကတုံးပေါ် ထိပ်ကွက်တို့ ဒီတစ်ခါတော့ အပိုင်လုပ်ရမယ်ဆိုတာ သိနေပါသည်။ ဒီတစ်ခါလွဲလို့ကတော့ ဆရာကြီး အကြီးအကျယ် ဒေါသ ဖြစ်မှာ သေချာပါသည်။

"ဒီတစ်ခါတော့ အမှားလုပ်လို့မရတော့ဘူး"

မယ်ဝဏ္ဏ တွေးတွေးဆဆချင့်ချင့်ချိန်ချိန်ပြောမိတော့ ခာတ်ပြား လည်း လေးလေးနက်နက်ပြောမိပါသည်။

"တစ်ခါလောက်တော့ အမှန်လုပ်မိကြပါစေ"

ခာတ်ပြားစကားကြောင့် ဆရာကြီးမယ်ဝဏ္ဏ ခာတ်ပြားကို ကြောင် အမ်းအမ်းနဲ့လှည့်ကြည့်သည်။ ခာတ်ပြားက သူ့အတွေးနဲ့သူ။

"ကိုယ့်လူတွေ သူတို့အတွင်းစည်းထဲရောက်ဖို့ အရေးကြီးတယ် ဟ"

"အတွင်းစည်း...ဟုတ်လား"

ခာတ်ပြားပြောတဲ့ အတွင်းစည်း ဆိုတဲ့စကားကို မယ်ဝဏ္ဏ သုံး သပ်နေပါသည်။ အတွင်းစည်းဆိုတာ ဘာအဓိပ္ပာယ်လဲ၊ မယ်ဝဏ္ဏတို့ သုံးနေ တဲ့ ရင်သားပုံဖော်တဲ့ ဘရာစီယာလိုဟာမျိုးလား။

ဒါဆို ခာတ်ပြားပြောချင်တာက လူပ်မရအောင် အသေထိန်းကပ် ထားတဲ့သဘောပေါ့။ ဖြစ်နိုင်တယ်။ ဒါပဲ ဖြစ်မှာပါ။

♛ ♛ ♛

ခက်ဆစ် သူ့ရှေ့က အမျိုးသမီးကြီးသုံးဦးကို ကြည့်ပြီး ရယ်ချင် မိပါသည်။ အသက်အရွယ်တွေက လေးဆယ်၊ လေးဆယ်ကျော်တွေ။

"ခက်ဆစ် ဒီက မမတို့က အသိတစ်ယောက်က ဆက်သွယ်ပေး လို့ လင်းခက်ခေါ်လာတာ"

"ဘာလုပ်ဖို့"

ခက်ဆစ် ကြောင်တောင်တောင်နဲ့ မေးမိသည်။ လင်းမြင့်အောင် ဆိုဖော်ကလည်း လင်းခက်တစ်ယောက် ဘာကြောင့် ဒီပြုံးတုံ့ပြုံ့တဲ့အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးသုံးဦးကို ခေါ်လာပါလိမ့်။ ခက်ဆစ်လိုပဲ တွေးနေကြတာပေါ့။ကတုံးတို့သုံးဦးကလည်း မိန်းမလိုပြင်ဆင်ထားပေမယ့် သိပ် အိုဇာမဖြစ်အောင် သတိနဲ့နေ နေရပါတယ်။

"သူတို့က မိန်းမတွေ...အဟုတ်.."

မိုးဇော် မယုံကြည်ဟန်ပြောတော့ ကတုံးက အခုလို ရှင်းပြရသည်။

"ဟိုလေ...အစ်မတို့က တောသူတောင်သားတွေလေ၊ သစ်ခုတ်ဝါးခုတ် ကောက်စိုက်ဆိုတော့ အခုလိုထွားထွားကြိုင်းကြိုင်းကြီးတွေ ဖြစ်နေတာ၊ ဟို...အစစ်မှန်း ပြရမလား"

"ဟာ...ရတယ်...ယုံတယ်"

မိုးဇော် ကမန်းကတန်း တားရပါသည်။ လင်းခက် သူမ ပြောပွဲက ပြီးမှာမို့

"ဒီလို ခက်ဆစ်ရဲ့ ဒီက အစ်မတွေ သုံးယောက်က မနက်ဒီကိုလာမယ်၊ ချက်မယ်၊ ပြုတ်မယ်၊ လျှော်မယ်၊ ဖွပ်မယ်၊ ပြီးတော့ ကဲဝေယျာဝစ္စတွေ လုပ်မယ်၊ အချိန်ကုန်မြန်တာပေါ့။ ဒီမှာ တစ်ယောက်လုပ်နေရင် ကျန်တဲ့တစ်ယောက်က ဒီနားက အခြားအိမ်တွေကို သွားလျှော်မယ်ဖွပ်မယ်ပေါ့။ ခက်ဆစ်တို့လည်း အလုပ်ကို စိတ်အေးလက်အေး လုပ်ရတာပေါ့၊ အိမ်ကို လှည့်ကြည့်စရာမလိုတော့ဘူးပေါ့"

"ဟိုလေ...သုံးယောက်စာ ဆိုတော့"

ခက်ဆစ် ကုန်ကျစရိတ်များမယ့်သဘော ပြောတော့ မမကတုံး ပျာပျာသလဲ ဝင်ရှင်းပြရပါသည်။

"ဒါ့အတွက် စိတ်မပူနဲ့၊ မမတို့က ဝေယျာဝစ္စဇော်လန်တီယာတွေ လခ မများဘူး၊ ပေးချင်သလောက် ပေး"

"ဗျာ...တန်လှချည်လားဗျ"

ထိပ်ကွက် ကတုံးကို မသိမသာ တံတောင်နဲ့တွက်တော့ ကတုံး အခုလိုပြန်ဖြေရတော့တာပေါ့။

"မောင်လေးရယ်..မမတို့က တစ်အိမ်တည်းမှမဟုတ်တာ၊ သုံးလေးအိမ် ဟိုပြေးဒီပြေးဆိုတော့ လောက်ပါတယ်၊ မမတို့ကိုက လောဘနည်းတာ၊ သုံးယောက်စလုံးက တရားသဘောနဲ့အလုပ်လုပ်ကြတာ"



"ဩော်...ဒီလိုကိုး ကဲ..ဘယ်နေ့ အလုပ်စဆင်းမလဲ"

"မနက်ဖြန်"

ခက်ဆစ်၊ မိုးဇော်နဲ့လင်းမြင့်အောင်တို့လည်း အခုမှ အိမ်အတွက် စိတ်အေးသွားရပါသည်။

"နာမည်တွေက"

ကတုံး သူ့နာမည်ကို ဖျတ်ခနဲစဉ်းစားရင်း –

"အစ်မနာမည်က မဒေစီတုံး၊ အစ်မတုံးပဲ ခေါ်ခေါ်..မမတုံးပဲ ခေါ်ခေါ် ရတယ်"

ပေါ်ကြီး။ သူ့ကျတော့ အခုလို မိတ်ဆက်သည်။

"အစ်မနာမည်က မပေါ်ပေါ်လွင်၊ မပေါ်လို့ခေါ်လည်း ဖြစ်တယ်"

သူတို့နာမည်တွေ ရယ်စရာကြီးမို့ လင်းခက် ပြုံးမိသည်။ ဒီတစ်ခါ ထိပ်ကွက်အလှည့်။

"အစ်မတို့မျိုးရိုးကျတော့ ဘုရင်တွေလုပ်..အဲ..ကိုယ်လုပ်တော် မျိုးနွယ်က ဆင်းသက်လာတော့ အမေက ဒီလိုမှည့်ထားတယ်၊ ရှုပထိပ်တင်ထားတဲ့ မမထိပ်ပဲ ခေါ်ပေါ့"

"နာမည်တွေကတော့ အပုံစားတွေချည်းပဲဗျာ..ကဲ..မနက်ဖြန် မနက် ခုနစ်၊ ညနေ ငါး...ဖြစ်လား"

လင်းမြင့်အောင် အလုပ်ချိန်ကိုပြောတော့ ကတုံးတို့ ပိုလို့တောင် ကြိုက်သွားပါသည်။

အဲဒီလောက် အချိန်အများကြီးအတွင်းမှာ သူတို့ကို ဒုက္ခပေးနေတဲ့ ဒီကြွက်ရုပ်ကို မရရအောင် ရှာရမည်။

♛ ♛ ♛

"ဟော့ကောင် မြန်မြန်လာပါဟ"

ကတုံးက နာရီတကြည့်ကြည့်နဲ့ လျှောက်လာတော့ ပေါ်ကြီးက မီးဒီဖိုင်းကြီး ဝတ်ပြီး ဖိနပ်က ပေါက်ရတဲ့ကြားထဲ မျက်နှာက ရှုံ့မဲ့ ကတုံးက ပေါ်ကြီးကိုကြည့်ပြီး

"ဘာဖြစ်တာလဲ"

"ငါ ရှူးရှူးပေါက်ချင်လို့"

ထိပ်ကွက်က ပေါ်ကြီးစကားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



"ဒါများကွာ...လမ်းဘေးမှာ ကော့ပန်းလိုက်ပေါ့"

"လမ်းဘေးမှာ သေးပေါက်လို့ စည်ပင်က ဖမ်းသွားရင် ဘယ်လို လုပ်မလဲ"

ထိပ်ကွက်စကားကြောင့် ပေါ်ကြီးက ကြောင်တောင်တောင်နဲ့

"ဘာဖြစ်လဲကွာ..မင်းက နမျှောစရာမရှိ နမျှောနေပြန်ပြီ။ သေး ရည်ကို စည်ပင်ဖမ်းတာ ဖမ်းပေါ့ကွာ၊ နေပါဦး..အဲဒီသေးရည်(ရှုရှုး)ကို စည်ပင်က ဘာလုပ်မှာလဲ"

ပေါ်ကြီးရဲ့ကြောင်တောင်တောင်စကားကြောင့် ကတုံး စိတ်မျာ ကာ ပေါ်ကြီးနဖူးစပ်ကို ခေါက်ပြီး

"မင်းကြီးဒေါ်..သေးရည်ကို ဖမ်းမလားကွ၊ ဟိုဟာ..အဲ..လူ ကို ဖမ်းမှာပေါ့ကွ၊ လူဆိုးဖြစ်ပြီး ဉာဏ်တိမ်ရသလားဟ..ကဲ..ပေါ်ကြီး ဟိုမှာ အများသုံးအခပေးအိမ်သာ...မြန်မြန်ကြွ၊ ငါတို့နောက်ကျလို့ ကောင်လေးတွေက အလုပ်မဆင်းနဲ့တော့လို့ဆိုရင် သေပြီ"

"အေးပါကွာ..ခဏလေးပဲ စောင့်"

ပေါ်ကြီး လက်သီးဆုပ် အံကြိတ်ကာ သူ့ကိုယ်ထဲက မသုံးအပ် တော့တဲ့ အရည်တွေကို လျှံမကျအောင်ထိန်းချုပ်ရင်း ကော့လန်ကော့လန် နဲ့ထွက်သွားပါသည်။ ပေါ်ကြီး ပိုက်ဆံပေးကာ မေ့မေ့လျော့လျော့နဲ့ကိုယ် က ယောကျ်ားမို့ ယောကျ်ားအိမ်သာထဲကို ဝင်မယ်လုပ်တော့ အိမ်သာ ကောက်တဲ့ အမျိုးသမီးက –

"အစ်မ..အစ်မ...ဒီဘက်လေ၊ အဲဒါ..ယောကျ်ားအိမ်သာကြီး ဒုက္ခပါပဲ"

အဲဒီအခါကျမှ သတိရကာ စပ်ဖြီးဖြီးနဲ့

"ဆောရီး ညီမရယ်...ဟိဟိ..တော်ပါသေးရဲ့၊ ဖာတ်တူသား စားမိမလို့ ဟိဟိ"

ပေါ်ကြီး..ရင်တထိတ်ထိတ်နဲ့ အမျိုးသမီးအိမ်သာထဲ ဝင်ခဲ့ သည်။ အထဲရောက်တော့ တစ်ယောက်မှမရှိ။ ပေါ်ကြီး သက်ပြင်းချ

"ဟူး..တော်ပါသေးရဲ့၊ မိန်းမတွေ တစ်ယောက်မှမရှိလို့၊ ဟင်"

ပေါ်ကြီးတစ်ယောက် ဘယ်လောက်များ ဉာဏ်တုံးလဲဆိုရင် အဲ သာကြည့်။ သူက အမျိုးသမီးသန့်စင်ခန်းကို အမျိုးသားသန့်စင်ခန်း



ဆင်ပုံရသည်။ ယောကျ်ားတွေ အပေါ့သွားမယ်ဆိုရင် မတ်တတ်ရပ်ပြီး အပေါ့ သွားတဲ့ ကြွေခွက်ထဲကို ကော့ပန်းရုံပဲလေ။ အမျိုးသမီးတွေကျတော့ ဒီလို လုပ်လို့မရ၊ သူတို့အတွက်ကတော့ အလေးသွားတဲ့ အခန်းတွေပဲ ထားပေး ရတော့။

"မဟုတ်သေးပါဘူး၊ တောက်...ပိုက်ဆံယူပြီးကွာ၊ အပေါ့သွား တဲ့ကြွေခွက်တွေတော့ တပ်ပေးရမှာပေါ့ဟ...မဖြစ်ဘူး သွားမေးရမယ်"

ပေါ်ကြီး ပြန်ထွက်လာပြီး ငွေသိမ်းတဲ့အမျိုးသမီးကို

"ဒီမှာ...ဒီမှာ"

"ဘာလဲ...နောက်တစ်ခါ ထပ်ပါချင်လို့လား၊ မရဘူးနော်... တစ်ရာထပ်ပေးရမယ်"

"ဟာ..အရေးထဲ၊ ပိုက်ဆံအကြောင်းပဲ ပြောနေတယ်၊ ပိုက်ဆံ ထပ်လိုချင်ရင် ဒီမှာ မလုပ်နဲ့"

"ဘယ်မှာ လုပ်ရမှာလဲ"

"ကမ္ဘာ့ဘဏ်ကို အနုကြမ်းသွားစီးပါလား"

ဟိုမိန်းမကလည်း ခပ်ထုံထုံ။

"အနုကြမ်းစီးတာ၊ ကနားစီးလိုလား..ကျွန်မက မကာတတ်ဘူး တော့"

ပေါ်ကြီး ခေါင်းတဗျင်းဗျင်းကုပ်ရင်း

"ဒုက္ခပါပဲ၊ ငါတို့ထက်တောင် တုံးတဲ့လူ ရှိပါသေးလား၊ ကဲ... အဓိကအကြောင်းပဲပြောတော့မယ်၊ ဟို–မိန်းမသန့်စင်ခန်းမှာ ဘာလို့ အပေါ့ သွားရင် သေးခွက်(ရှုရှုး)ခွက်ကို ယောကျ်ားတွေလို မထားပေးတာလဲ"

ပေါ်ကြီးစကားကြောင့် ထိုအမျိုးသမီးက

"ဟာ..ထားလို့ရမလား၊ အဲလိုထားပြီး သေးပေါက်ရင် ရေပန်း ညှာဥ်လို့ထင်ကုန်မှာပေါ့၊ ဘယ်လိုမိန်းမလဲ မသိဘူး"

ပေါ်ကြီး အကောခံလိုက်ရတာမို့ မျက်နှာငယ်လေးနဲ့ ပြန်လှည့် ထွက်သွားပြီး အိမ်သာထဲပဲ သွားပြီး ကိုယ့်ကိစ္စကို အမြန် ဖြေရှင်းလိုက်ရပါ သည်။ ဟိုမိန်းမစကားကို အပေါ့သွားရင်း ကွင်းကွင်းကွက်ကွက် တွေးမိ တော့ ဒါလည်း ဟုတ်သားပဲလို့ လက်ခံလိုက်ရပါသည်။ ကိစ္စအဝပြီးတော့ ကတုံးတို့ဆီ ပြန်ရောက်တော့ ကတုံးက ဆီးပြီး အပြစ်တင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



''မင်းကွာ..သန့်စင်ခန်းသွားတာ ထိုင်များစားနေလား မသိဘူး''

''မဟုတ်ပါဘူးကွာ...ဒီလိုဒီအကြောင်းဖြစ်လို့''

''ဘယ်လို''

ပေါ်ကြီး အဖြစ်အပျက်အဝဝကို သေချာရှင်းပြတော့

''အဲလောက်တောင် နံ့ရသလား ပေါ်ကြီးရာ၊ မိန်းမနဲ့ယောကျ်ား အပေါ့သွားရတာ မတူဘူးဟ''

''ဟေ..ဘယ်လို..သူတို့က ရှူရှူးပေါက်ရင် အရည်ကို အဆီ လေးတွေထွက်လို့လား''

ကတုံး ပေါ်ကြီးကိုကြည့်ပြီး သက်ပြင်းချရပါတော့သည်။ ပေါ် သေးတာပေါ့။ ဒီသုံးယောက်ထဲမှာ သူ့ဉာဏ်ရည်က ဒီနှစ်ကောင်ထက်စာ ရင် အပ်တစ်ဖျားလောက် နည်းနည်းသာနေလို့ပေါ့

♛ ♛ ♛

''အစ်မတို့က နောက်ကျလိုက်တာဗျာ''

''ဟို..ပေါက်နေလို့''

''ဘယ်လို''

ပေါ်ကြီး လွှတ်ခနဲထွက်သွားတော့ မိုးဇော် မျက်လုံးပြူးပြီး မေး ရပါသည်။ ကတုံးက ခပ်မြန်မြန် ဝင်ရှင်းရတော့တာပေါ့။

''ဟိုလေ..ထမိပေါက်နေလို့ ပြန်လဲတာပြောတာ။ အဲလိုပဲ ဒီ ပေါ်လွင်က စကားပြောရင် တုတ်ထိုးအိုးပေါက်''

ကတုံးစကားကြောင့် ရာဇဝင်ကိုချီထားတဲ့ ခက်ဆစ်က ကလေး ကို ကတုံးလက်ထဲ လွှဲပေးရင်း နာရီကိုကြည့်ကာ

''ကဲ..နောက်ကျနေပြီ၊ ထမင်းနဲ့ဟင်းချက်ရင် တစ်ယောက်တည်း ချိုင့်နဲ့လာပို့ပေး၊ ဆိုင်နေရာက မနေ့ကတည်းက ပြောထားတဲ့နေရာ ကလေးကို အထူးဂရုစိုက်နော်၊ ဒီကောင်က ဟိုဆွဲဒီဆွဲနဲ့ တော်ကြာ အ လောင်တာတွေ ပြုတ်ကျတာတို့ဖြစ်မှာစိုးလို့''

မသွားခင် တတွတ်တွတ်မှာနေတဲ့ ခက်ဆစ်ကို ကတုံး စိတ်မရှည် နိုင်တော့။

''ကဲပါ မောင်ခွက်စုတ်ရယ်''

''ဘာဗျ''



''ဟို..မောင်ခက်ဆစ်လို့ ပြောတာ''

''ဟင်း...ဟင်း''

ခက်ဆစ် မျက်စောင်းတထိုးထိုးနဲ့ လင်းမြင့်အောင်တို့နဲ့အတူ ထွက် သွားပါသည်။ ကတုံး သူတို့ထွက်သွားရာကိုကြည့်ပြီး ခက်ဆစ်တို့ တော် တော်ဝေးဝေးရောက်တော့

''ကဲ..တံခါးတွေပိတ်၊ လုပ်ငန်းစမယ်''

အဲဒါတောင် ထိပ်ကွက်က ခေါင်းအုံးသွားယူဖို့ပြင်တော့ ကတုံးက လှမ်းမေးသည်။

''ဟေ့ကောင် ဘယ်လဲ''

''လုပ်ငန်းစဆို..အိပ်ဖို့ပြောနေတာ မဟုတ်လား၊ ခေါင်းအုံးသွား ယူလိုက်မယ်လေ''

''ဟာကွာ၊ ဒီကောင် မင်းကို ကြွက်ရုပ်ရှာဖို့ ပြောနေတာကွ... သုံးရဲ့''

ကတုံး ကြာရင် ဒိုမိတော့မှာ သေချာသည်။ ကတုံး၊ ပေါ်ကြီး၊ ထိပ်ကွက်တို့ သုံးယောက်၊ ကလေးကို ဂရုမစိုက်အား။ ကလေးကို ကြမ်း ပြင်ပေါ်ချပြီး နေရာလွတ်မကျန် ကုန်းရှန်းရှာရပါတော့သည်။

''ကတုံး၊ ဒီအောက်က ကြွက်သံကြားရတယ်''

ထိပ်ကွက်ရဲ့ဝမ်းသာအားရစကားကြောင့် ကတုံးက ယောင်ပြီး

''အေး...နှိုက်ပြီးရှာလိုက်''

ထိပ်ကွက်လည်း ကတုံးစကားကြားတော့ အဟုတ်ထင်ပြီး လှမ်း နှိုက် -

''ဖြောင်း''

''အား''

ထိပ်ကွက် နာနာကျင်ကျင်နဲ့အော်ရင်း လက်ကိုပြန်ဆွဲလိုက်တော့ သူ့လက်မှာ ကြွက်ထောင်ချောက်က တွဲလောင်းကြီးပါလာပါသည်။

ပေါ်ကြီးက တဟီဟီရယ်ပြီး -

''နီးတော့ နီးစပ်လာပြီ၊ ကြွက်ထောင်ချောက်ရှိရင် ကြွက်ရုပ်ကိုရှိ မယ်၊ ကဲ...ငါရှာပြမယ်''

ပေါ်ကြီး ဟိုရှာဒီရှာရင်း စိတ်ကူးတစ်ခုရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



''အင်း..ကြွက်ဆိုတာ အမည်းရောင်၊ သူတို့ အမည်းရောင်မှိုင်း မှောင်ထဲမှာ နေနိုင်တာ၊ သိပြီ''

ပေါ်ကြီး နောက်ဖေးမီးဖိုချောင်ဘက် ထွက်ကာ အိုးမည်းချေး မျက်နှာကို သုတ်၊ အင်္ကျီကိုချွတ်၊ အောက်ခံဘောင်းဘီတိုလေးနဲ့ ကျွမ်း တွေ ပွတ်၏။ ဟိုရှာ ဒီရှာရင်း ကတုံးက နောက်ဖေးမီးဖိုချောင်တံခါး တွန်းအဖွင့် ရုတ်တရက်မို့

''ဟာ...သရဲ''

''ဟင်..ဘယ်မှာလဲ''

ပေါ်ကြီး လန့်ဖျန့်ပြီး လှမ်းခုန်ကာ ကတုံးကို ဖက်တော့မှ ကတုံး ပေါ်ကြီးမှန်းသိကာ

''ဟေ့ကောင်၊ ဘယ်လိုဖြစ်နေတာလဲ''

ကတုံးစကားကြောင့် ပေါ်ကြီးက စပ်ဖြီးဖြီးနဲ့

''ဒါလေးတောင် မင်းမသိဘူးလားဟ၊ ကြွက်ဆိုတာ အမှောင်ထဲ ပဲ နေတာ၊ သူတို့ကိုယ်ကလည်း မည်းလို့လေ၊ အဲဒါကြောင့် ငါလည်း သူ တို့လို အမည်းသုတ်ထားတာ၊ ငါ့အကြံ မကောင်းဘူးလား''

ကတုံး ဒေါ်ပွလာကာ ပေါ်ကြီးနားရွက်ကို လိမ်ဆွဲပြီး

''အဲဒီလောက်တောင် 'အ'ရသလားဟ၊ ငါတို့ရှာနေတာ ကြွက် အစစ်မဟုတ်ဘူး။ အရုပ်ကြွက်ကွ ငတုံးရဲ့''

''သိဘူးလေကွာ၊ ကြွက်ဆိုတာ''

''တော်စမ်းပါကွာ၊ သွား..သွား..မင်းကိုယ်ပေါ်ကဟာတွေ ဖျက် ဦး၊ တော်ကြာ ချာတိတ်တွေပြန်လာရင် ကွဲခနဲမိသွားဦးမယ်''

ပေါ်ကြီး မျက်နှာငယ်လေးနဲ့ထွက်သွားပါသည်။ နောက်ဆုံးတော့ ဘယ်လိုရှာရှာ ရှာမရပါ။ ကတုံး ရာဇဝင်ကို ချော့မေးကြည့်သည်။

''သားလေး မုန့်မုန့်ကျွေးမယ်၊ သားသားကြွက်ရော''

ကလေးက တခစ်ခစ်နဲ့ရယ်ပြီး ထိပ်ကွက်ကိုပဲ လက်ညှိုးထိုးပြ တယ်။

''ဟူး...ကလေးကိုမေးလို့တော့ လွယ်မှာမဟုတ်ဘူး''

''ဟုတ်တယ်ကွ၊ ကြွက်ရုပ်က ဒီအိမ်ထဲမှာတော့ အသေအချာ ရှိ တယ်''



''အဲဒါက အရေးမကြီးဘူး...ငါတို့ ဘာမှမချက်ပြုတ်ရသေးဘူး ကတုံး၊ ထမင်းချိုင့်သွားပို့ဖို့က နီးနေပြီ၊ ဘယ်လိုလုပ်မလဲ''

ထိပ်ကွက်စကားကြောင့် ကတုံးက စိတ်ပျက်လက်ပျက်နဲ့

''ကဲ-ပေါ်ကြီး၊ မင်း ဒီအနီးအနားက ထမင်းနဲ့ဟင်းသွားဝယ်ပြီး သွားသာ ပို့လိုက်တော့၊ ဟေ့ကောင်-ထမင်းချိုင့်ယူသွားဦး''

''အေး..အေး..''

ပေါ်ကြီး ချိုင့်ဆွဲကာ ထွက်သွားပါသည်။သူတို့ကြိုးစားပမ်းစား ဘယ် လိုရှာရှာ၊ ကြွက်ရုပ်ကို လုံးဝရှာမတွေ့ပါ။ နောက်ဆုံးတော့ ကြွက်ရုပ် ရှာ ရတဲ့အဆုံး သူတို့ရှာလို့ဖွလို့ ပွစာကျဲနေတဲ့ အိမ်ကို ချွေးဒီးဒီးကျအောင် ပြန်ရှင်းယူရပါသည်။ ဒါတောင် မပြီးသေး၊ လျှော်မယ့်ဖွပ်မယ့်ကိစ္စ၊ ညနေစာ ကိစ္စ၊ သုံးယောက်သား လက်မလည်အောင် ကုန်းရုန်းပြီး လုပ်ရရှာပါသည်။

ခက်ဆစ်တို့အုပ်စုနဲ့ လင်းခက်တို့ရောက်လာတော့ လင်းခက်က ဆိုးချိုး အဝတ်အစားလဲပြီး လှပနေတဲ့သားငယ်ကို ကောက်ချီပွေ့နမ်းပြီး

''ငါ့သားက အရမ်းလှနေပါလား၊ ဘယ်လိုလဲ ခက်ဆစ်''

ခက်ဆစ် တစ်အိမ်လုံးကိုကြည့်ကာ တပြုံးပြုံး၊ လင်းမြင့်အောင် က အားရဝမ်းသာနဲ့

''ဟာ..အခုမှ အိမ်က အိမ်နဲ့တူသွားတာ အစ်မကြီးရာ''

ကတုံးတို့က ခုထိ အမောမပြေနိုင်သေး။

''ဝုတ်တာပေါ့၊ ဟူး..ဘယ်နှနှစ် ဘာကာလက မရှင်းထားတဲ့အိမ် လည်း မသိဘူး၊ နင်တို့ဟာက အိမ်မဟုတ်ဘူး၊ အမှိုက်ပုံလို့ပြောင်းရမှာ''

ကတုံး စိတ်ပေါက်ပေါက်နဲ့ပြောတော့ အားလုံးရယ်ကြပါသည်။ မိုးဇော် အရယ်မသပ်နိုင်သေးဘဲ

''ဒါကတော့ မမတုံးရယ်၊ ကလေးရှိနေတော့ ရှင်းလည်း ခဏပဲ သေး၊ ရှင်းလိုက်..ဒီကောင်က ပြန်ရှုပ်လိုက်နဲ့၊ ဩော်..ဒါနဲ့ မမတုံးတို့ချက် တဲ့ဟင်းက ကောင်းလိုက်တာဗျာ၊ ဟို..ခုနေမြို့ဒေါ်စောရီလက်ရာအတိုင်းပဲ''

မိုးဇော်စကားကြောင့် ပေါ်ကြီးက ချွေးသုတ်ရင်း သတိလက်လွတ်

''အဲဒီကအတိုင်းဆို အဲဒီကပဲလေ''

''ဘယ်လို''

မိုးဇော်တို့ မျက်ခုံးမြင့်တက်တော့ ကတုံးက ဝင်ရှင်းပြရပါသည်၊

www.burmeseclassic.com

www.burmeseclassic.com



''ဪ..မမတို့က အရင်က အဲဒီဆိုင်မှာ ထမင်းဟင်း ချက်
တာကို၊ မမတို့ဇာတိက ဓနုဖြူဘက်ကဆိုတော့၊ ပြီးတော့ ဒေါ်ဒေါ်တေ
အမျိုးတွေလိုဖြစ်နေတော့ သူ့လက်ရာအတိုင်း ကွက်တိဖြစ်နေတာ''

''အေးဗျာ၊ စားကောင်းလိုက်တာ၊ မနက်ဖြန် အဲဒီအတိုင်းပဲနော်''

ခက်ဆစ် အရိုးခံနဲ့ပြောပေမယ့် ကတုံးတို့က မျက်လုံးပြူးရပါသည်။ ည မနက်ရော..ထမင်းချိုင့်ရော ဆိုရင် ခက်ဆစ် ပေးတဲ့ ထမင်းစရိတ် မလောက်။ ဒါဆို အိတ်စိုက်ပေါ့။

မယ်ဝဏ္ဏကြီးကတော့ ကုန်ကျစရိတ်တွေ များလို့၊ ပြန်ရောက် ပိုက်ဆံကုန်လို့က တစ်ပြစ်၊ ကြွက်မပါလာလို့က တစ်ပြစ် ဆူညံနေအော ပွမ်ဦးမှာ သေချာသည်။

''ကဲ..ငါပြန်ထွက်ရဦးမယ်၊ ဒီနေ့ နောက်ကျမယ်''

''ဟ...ဘယ်လဲ၊ မြန်းစားကြီး''

ရတ်တရက်ကြီး မိုးဖော်ပြောတော့ ခက်ဆစ် မေးမိသည်။ မိုး က နာရီတစ်ချက်ကြည့်ပြီး

''ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် စင်ကာပူက ပြန် လို့ကွ''

''ဒါဆို အသောက်အစားလေး ပါမှာပေါ့''

''ဟဲဟဲ..အမြည်းလေးတွေလောက်ပေါ့ကွာ၊ ကဲ..လစ်ပြီ လင်း နင် ဒီမှာပဲ ထမင်းစားသွား''

လင်းခက်ကလည်း ပွင့်ပွင့်လင်းလင်းပဲ -

''စားမှာ..စားမှာ...ဒီအစ်မကြီးတွေ လက်ရာကောင်းတယ် တော့ စားဦးမှာ..နောက်နေ့ကျရင် လင်းမြင့်အောင် သိတာ့ပါ ခေါ် ပါလား''

''အေး..ဟုတ်တယ်၊ အစားကောင်း စားရင် ရည်းစားဟောင်း သတိရတယ်ဆိုလား''

သူတို့ကတော့ နောက်နိုင်ပါသည်။ တဟားဟားနဲ့ပေါ့။ ကတုံး ကတော့ ငိုချင်နေမိသည်။

''ကဲ..ပြန်ရအောင်''

ကတုံး လောဆော်တော့ ထိပ်ကွက်နဲ့ပေါ်ကြီး ပြန်ဖို့ပြင်ဆင်သည်



လင်းမြင့်အောင်က သတိရဟန်နဲ့

''မမထိပ်၊ မမထိပ်ကို ကျွန်တော် အိမ်သော့ပေးခဲ့တယ်နော်''

ထိပ်ကွက် လင်းမြင့်အောင်စကားကြောင့် သတိရဟန်နဲ့

''ဪ..အပေါ်အင်္ကျီထဲမှာ ထည့်ထားတာ၊ ခုန ချက်ပြုတ်ရင်း ရမယ်ဆိုလို့ ချွတ်ထားတာ၊ ရှိတယ်..ရှိတယ်''

ထိပ်ကွက် ဆိုဖာပေါ်တင်ထားတဲ့ သူ့ရဲ့အပေါ်အင်္ကျီကိုသွားယူပြီး သော့ကိုနှိုက်တော့ -

''ဒေါက်''

''ဟင်''

အင်္ကျီထဲက ပြုတ်ကျသွားတဲ့ အရာကြောင့် ခက်ဆစ်တို့က မထူးဆန်းပေမယ့် ကတုံးတို့သုံးယောက်က ပါးစပ်အဟောင်းသားနဲ့တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိသည်။ ခက်ဆစ်က ကြမ်းပြင်ပေါ်က ကြွက်ရုပ်ကို ကောက်ယူပြီး သားကို ပြန်ပေးကာ

''ဒီကောင်က အဲလိုပဲ၊ ကြွက်ရုပ်ကို ဟိုထိုးဒီထိုး''

ထိပ်ကွက် သော့ကို လှမ်းပေးလိုက်ပါသည်။ ကတုံးကတော့ စိတ်ထဲမှာ တောက်တခေါက်ခေါက်။

ဟုတ်တယ်လေ၊ ကလေးကို မေးတော့ ကလေးက ထိပ်ကွက်ကို လက်ညှိုးတထိုးထိုးနဲ့ ထိုးပြပါသည်။ အဲဒီတုန်းက..ဒီကောင်ထိပ်ကွက်ကို ကလေးက လက်ညှိုးတထိုးထိုးနဲ့ ထိုးပြနေရဲ့သားနဲ့ သူတို့ကိုက တုံးလိုက်တာဖြစ်ခြင်း။ အပြန်လမ်းတစ်လျှောက်မှာ ကတုံး တောက်တခေါက်ခေါက်။

''ငါတို့ကွာ..တော်တော် အသုံးမကျတာပဲ၊ ကလေးက လက်ညှိုး ထိုးပြရဲ့သားနဲ့''

''အေးကွ၊ ရှာလိုက်ရတာ ဖတ်ဖတ်မော၊ ဒီကြားထဲ အိမ်ရှင်းရပြုရနဲ့၊ ဟူး...ကိုယ်တွေကို ကိုက်နေတာပဲ''

''ကတုံး''

ကတုံး ဒီကောင်တွေ ဘာပြောလဲဆိုတာ သဘောပေါက်သည်။ သူကိုယ်တိုင်ကလည်း ပင်ပန်းတဲ့ဒဏ်ကြောင့် မလှုပ်ချင်။

''မင်းတို့ သောက်ချင်တယ်မဟုတ်လား..လုပ်ကွာ၊ တစ်ဆိုင်ဆိုင် ဝင်ပြီး သောက်ရအောင်၊ မနက်ဖြန်အတွက် အစီအစဉ်ဆွဲရင်းပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး...ဟိုး"

ထိပ်ကွက်က တစ်ခုခု စိုးရိမ်ပုံနဲ့ပြောတော့ ကတုံးက မျက်ခုံးတွန့်ရင်း -

"ဘာဟိုလဲ"

"ဟိုလေ...မယ်မယ်ဝဏ္ဏ"

"ထားလိုက်ကွာ၊ နောက်ကိစ္စ နောက်မှပဲ ရှင်းတော့မယ်"

မယ်ဝဏ္ဏကြီးက အလွန်အကျွံသောက်ရင် မကြိုက်။ အခုမှတော့ မထူးတော့ပြီ။ နောက်ကိစ္စ နောက်မှာပဲ ထားလိုက်တာ ကောင်းမည်။

သူတို့ တက္ကစီတစ်စီး လှမ်းတားကာ ကတုံးက

"လမ်းမှာ အေးအေးဆေးဆေး သောက်လို့စားလို့ ရမယ့်ဆိုင် တွေ့ရင် ရပ်ဗျာ"

ကားသမားက သူတို့ပုံစံကို ကြည့်ပြီး ကြောင်တောင်တောင်ဖြစ်မှာပေါ့။ အသက်အရွယ်တွေ ရနေတဲ့ မိန်းမသုံးယောက် အရက်ဆိုင် သွားရတယ်ဆိုတော့ ကားသမားစိတ်ထဲမှာ အခုလို ညည်းမိသည်။

"ဘုရားသခင် ဘယ်လိုတွေများ ဖြစ်ကုန်ပြီလဲ"ပေါ့။ ဘယ်… ယဉ်ကျေးမှုတွေ မြန်မာပြည်ထဲကို ပွင့်ပွင့်လင်းလင်းသယ်လာကြတာလဲ

"ကဲ ကားသမား၊ မောင်းလေ ဘာလုပ်နေတာလဲ"

"ဗျာ..ဟုတ်..ဟုတ်ကဲ့"

ကားဆရာ အတွေးထဲက ရုန်းထွက်ပြီး ဒီမိန်းမသုံးယောက် ထိုင်… ပို့နိုင်းတဲ့ အေးရာအေးကြောင်းဆိုင်လေးတစ်ဆိုင်ကို ခေါင်းထဲမှာစဉ်းစား… လိုက်ပို့ပေးလိုက်ရပါတယ်။

♛ ♛ ♛

သူမတို့ သုံးယောက် အဲ..သူထီးတို့သုံးယောက် ခြံထဲ ဝင်… တော့ ဆိုင်ထဲက လူတွေက ကွက်ကြည့် ကွက်ကြည့်။ ဆိုင်က ခြံထဲ… နားအေးပါးအေးလေးဖွင့်ထားတဲ့ဆိုင်။ လူက တော်တော်ကျနေတဲ့… အချိန်က ညနေ ခြောက်နာရီခွဲစအချိန်ဆိုတော့ အသောက်သမား… အတွက် ချောက်ချားစရာ ကုန်ဆုံးလွတ်မြောက်တဲ့အချိန်ဆို မဟုတ်…

တောင်းတီမောင်းတီနဲ့ အမျိုးသမီးကြီးသုံးယောက် ဝိုင်းတစ်ဝိုင်း… ကို ရွေးချယ်လိုက်ပါသည်။



စားပွဲထိုးလေးက တွန့်ဆုတ် တွန့်ဆုတ်နဲ့ ထိုဝိုင်းနားကို ရောက်လာပြီး

"ဟို..အန်တီတို့ ဘာသုံးဆောင်မလဲခင်ဗျ"

ကတုံးက စိတ်မရှည်သံနဲ့

"ဘလက်လေဘယ်တစ်လုံး၊ ရေခဲ ဆော်ဒါ ကြက်ကြွက်ကြော် တစ်ပွဲ..ကျန်တာ နောက်မှမှာမယ်"

"ဗျာ"

စားပွဲထိုးလေး တင်ကို မျက်လုံးပြူးပြီး "ဗျာ"ဖြစ်သွားရတဲ့အထိ ပါ။ သူ စားပွဲထိုးလာတဲ့ သက်တမ်းတစ်လျှောက် ဤလို အမျိုးသမီးကြီး သုံးယောက် ခပ်တည်တည်နဲ့ အရက်လာသောက်တာ ကြုံမှ မကြုံဖူးတာ ကိုး (ဒါကလည်း အခါတော်ပေးခေတ်ပြားရဲ့ ပြင်ပေးဆင်ပေးပုံကောင်းလို့ ဆင်ပါ)

"ဘာဗျာလဲ..မြန်မြန်လုပ်၊ ကျုပ်တို့က သောက်ချင်လှပြီ ကြာ ခင် လက်လှမ်းမီရာ ဆွဲဆုတ် ဖွင့်သောက်လိုက်မှာနော်"

ထိပ်ကွက်ရဲ့စကားကြောင့် စားပွဲထိုးလေး တင်ကို မျက်နှာပျက် ပျက်နဲ့ ..

"ဟုတ်..ဟုတ်ကဲ့"

တင်ကို အမြန်လစ်သွားရပါသည်။

သိပ်မကြာလောက်ပါဘူး။ ကြက်ကြွက်ကြော်က ဘယ်လိုနည်း နဲ့ဘယ်လိုကြော်လာသည် မသိ။ စားပွဲပေါ်ကို အဆင်သင့်။ စားပွဲထိုးလေး တင်ကို အရက်ကို ငှဲ့စပ်ပေးမယ်ပြင်တော့ ပေါ်ကြီးက -

"ဟေ့ ကောင်လေး၊ ရတယ်..သွား သွား၊ လိုမှလှမ်းခေါ်မယ်"

"ဟုတ်ကဲ့ ခင်ဗျာ..ကျွန်တော် ခပ်လှမ်းလှမ်းမှာ ရှိနေပါမယ်"

ကတုံး ခေါင်းပဲ ညိတ်ပြလိုက်ပါသည်။ တင်ကို ခပ်ဝေးဝေးက ဆိုင်ခုံမှာ သွားထိုင်နေတော့ ကတုံးက အရက်နဲ့ မကျေနပ်ချက်ကို ရော သွတ်သည်။

ငှဲ့ထား စပ်ထားပြီးသားအရက်ကို တစ်ကျိုက်တည်း မော့သောက် ပြီး စားပွဲပေါ်ကို အသံမြည်အောင် ဆောင့်ချပြီး

"အား..ကောင်းလိုက်တာကွာ၊ တော်က်...ပါဝိုကိုက ကံဆိုး

www.burmeseclassic.com

www.burmeseclassic.com



တာပါကွာ..ကိုယ့်လက်ထဲ ရောက်နေတာတောင် ကိုယ်မပိုင်ဖြစ်နေရတယ်လို့ကွာ''

ကတုံးရဲ့မကျေမနပ်ပြောစကားကြောင့် ထိပ်ကွက်ကလည်း..

''အေးကွာ..ကလေးက ငါ့အင်္ကျီလုမ်းလုမ်းဆွဲနေတာ သိတယ်။ အင်္ကျီထဲထည့်လိုက်တာကို မသိတာ''

''ဒီကိစ္စကို ဓာတ်ပြားကို တိုင်ပင်ကြည့်ရင်ရော''

''မဖြစ်သေးဘူး..ဓာတ်ပြားနဲ့ငါတို့ သိနေတာ သူတို့သိလို့မဖြစ်ဘူးကွ၊ တော်ကြာ..ရိပ်မိသွားမယ်။ ရိပ်မိသွားရင် ဓာတ်ပြား ကြွက်ရုပ်အကြောင်းကို စုံစမ်းလို့ လွယ်မှာမဟုတ်တော့ဘူး''

ကတုံးပြောတော့လည်း ဟုတ်နေတာကြောင့် ထိပ်ကွက်က

''အေးကွာ...ဒီနေ့ အဆင်မပြေတော့လည်း နောက်နေ့ပေါ့ သိုးယားစ်''

သုံးယောက်သား ခွက်ချင်းတိုက်လိုက်ကြတော့ အားများပြီး ဖေါ်ကြီးမန်ခွက် ကွဲသွားပါသည်။ ဘေးဝိုင်းက လူတွေက လှည့်ကြည့် လှည့်ကြည့်ပေါ့။ မိုးဇော်တို့ဝိုင်းက ခပ်လှမ်းလှမ်းမှာမို့ မိုးဇော်နဲ့ စင်ကာပူ ပြန်လာတဲ့ မြင့်ထွေး သောက်ရင်းစားရင်း စကားကောင်းနေရာက မြင့်ထွေးက ဆူညံဆူညံအသံကြောင့် သတိထားမိဟန်နဲ့ အနီးက စားပွဲထိုးလေးကို

''ဘာတွေဖြစ်နေတာလဲ ညီလေး''

စားပွဲထိုးလေးက ပြုံးစေ့စေ့နဲ့ ပြောပါသည်။

''ဒီနေ့ညတော့ တကယ့်အထူးအဆန်းပဲ အစ်ကို''

''ဘာဖြစ်လို့လဲကွ ပရိုမိုးရှင်းလုပ်လို့လား''

စားပွဲထိုးလေးက ရယ်ပြီးခေါင်းခါကာ

''ပရိုမိုးရှင်းမဟုတ်ဘူး အစ်ကို..မိန်းမကြီး..အင်း..မိန်းမကြီး ကြီးသုံးယောက် အရက်လာသောက်တာဗျာ၊ သောက်လည်း သောက်နိုင်တဲ့ မိန်းမတွေ''

''ဟေ..ဘယ်လို''

စားပွဲထိုးကောင်လေးစကားကြောင့် မြင့်ထွေးနဲ့ မိုးဇော် မျက်လုံးတွေ မြင့်တက်သွားအောင် အံ့သြမိခဲ့ရင်း မိုးဇော်က သူနဲ့ကွယ်နေတဲ့ဝိုင်းကို ရှောင်ပြီး ကြည့်တော့



''ဘုရားရေ..ဟိုသုံးယောက်ပါလား''

''မင်းအသိတွေလား မိုးဇော်''

မြင့်ထွေးအမေးကြောင့် မိုးဇော်က

''ဟုတ်တယ်ပဲ ပြောရမှာပေါ့''

မြင့်ထွေးက ရယ်ရင်း အဲဒီဝိုင်းကို ပြန်လှည့်ကြည့်ကာ

''မိန်းမတွေတော့ မိန်းမတွေ၊ ဒါပေမယ့် မိန်းမနဲ့မတူတဲ့ မိန်းမတွေကွ..နော်..မိုးဇော်''

''မင်းပြောမှပဲ ပိုမှုးလာသလိုပဲ''

မိုးဇော်စကားကြောင့် မြင့်ထွေးက တဟားဟားရယ်ပြီး

''မိန်းမ မဆန်တာကိုပြောတာကွ၊ ကြည့်..နေပုံထိုင်ပုံတွေက''

မြင့်ထွေးပြောမှ ပြန်လှည့်ကြည့်ကာ သတိပြုမိပါသည်။

ထိပ်ကွက်က ထိုင်နေတဲ့ခုံပေါ် ဒူးတစ်ဘက် ထောင်ပြီး ထမိကို ပေါင်ကြားထဲ စုပြီးထည့်ကာ အရက်ကို သောက်သည်။

ကတုံးက စားပွဲအောက်ကတန်းပေါ် ခြေနှစ်ဖက်တင်ပြီး နောက်မှီကိုလျော့ရဲရဲထိုင်သည်။ ပေါ်ကြီးကလည်း ရင်စေ့ မြန်မာဆန်ဆန်လက်စက အင်္ကျီကို လက်မောင်းရင်းထိဆွဲတင်ပြီး အမြည်းကို လှမ်းနှိုက်နေပုံကြောင့် မိုးဇော် တစ်ခုခုကို တွေးနေမိသည်။

ကတုံးတို့ကတော့ အာပေါင်အာရင်းသန်သန်နဲ့ ရယ်မောသောက်စားပေါ့။

♛ ♛ ♛

''မိုးဇော်ပြောပုံတွေအရ ဆိုရင်တော့..ဒီလူတွေက ယောကျ်ားစစ်စစ်တွေဖြစ်နိုင်တယ် ဆိုပါတော့''

မိုးဇော် အိမ်ပြန်ရောက်တော့ ည ၈ နာရီလောက်ပဲ ရှိပါသေးတယ်။ လင်းမြင့်အောင်က မိုးဇော်ကို အကဲခတ်ပြီး

''မင်း မူးပြီး ထင်ယောင်ထင်မှားတွေမြင်တာများလား''

''ခွေးကောင် ငါက ဘယ်လောက်သောက်လာတာမို့လို့လဲ နည်းနည်းပဲ''

''ဘာ နည်းနည်းလဲ၊ ရေသန့်ဗူးကြီးတစ်ဗူးစာလောက်လား''

''မဟုတ်ဘူး ပေပါတစ်လုံးလောက်''

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်စကားကို မိုးဇော်က ပြန်နောက်တော့ ရယ်မိကြသည်

"ဟော..ကားသံ"

ကားတစ်စီး ခြံထဲ ဝင်လာတာကြောင့် လှမ်းကြည့်တော့ လင်း မြင့်အောင်က ကားကို သတိထားမိကာ

"ကိုဓာတ်ကားကွ၊ အတော်ပဲ...သူ့ဆီက ခန့်မှန်းသတင်းသေ ပြန်ကြားရတာပေါ့"

ကိုဓာတ်က ကားပေါ်ကဆင်းလာပြီး သူတို့နဲ့အတူဝင်ထိုင်ကာ

"ဘာတွေပြောနေကြတာလဲဗျ..ဒါနဲ့ သားရော"

"အိပ်နေပြီလေ"

ကိုဓာတ်က ထသွားကာ ခပ်လှမ်းလှမ်း ပုခက်ထဲမှာအိပ်နေ သားရဲ့ဇာခြင်ထောင်ကိုလှပ်ကာ သားရဲ့ပါးကိုခပ်ဖွဖွနမ်းတော့ ခက်ဆစ်

"ခင်ဗျားလည်း သားကို သံယောဇဉ် တော်တော်တွယ်နေပြီ ကိုဓာတ်"

ကိုဓာတ်က သူတို့ဝိုင်းမှာ ပြန်ဝင်ထိုင်ကာ

"ဒါကတော့ဗျာ သားက ချစ်ဖို့ကောင်းတာကိုး ခင်ဗျားတို့လဲ ထူးလဲ..ဟုတ်တယ်မဟုတ်လား"

ကိုဓာတ်စကားကြောင့် ခုန မိုးဇော်ပြောတဲ့ အကြောင်းကို ပြ သတိရကာ

"အတော်ပဲ၊ ထူးတယ်ဗျ..ကိုဓာတ်"

"ဘယ်လို..ဘာဖြစ်လို့လဲဗျ"

ခက်ဆစ်က ဒီနေ့ သူတို့ရဲ့အိမ်ကိုရောက်လာတဲ့ အတွေ့အတွေ ကြီးသုံးဦးရဲ့အကြောင်းနဲ့ မိုးဇော် ဆိုင်မှာတွေ့ခဲ့တဲ့ မိန်းမကြီးသုံးဦးရဲ့မသ စရာဖြစ်ပုံ အခနေအထိုင်အပြုအမူတွေကိုပြောပြတော့ ဓာတ်ပြား စိုး သွားပါသည်။ ဒီလောက် ပိပိရိရိနေပါလို့ပြောထားရဲ့သားနဲ့။ တောက်

"ဟုတ်ရော ဟုတ်လို့လား မိုးဇော်"

"ဩော်..ကိုဓာတ်ရယ် ကျွန်တော် လူတစ်ဖက်သားကို သံသ ဖြစ်ခဲ့တဲ့ကောင်ပါဗျာ"

မိုးဇော်စကားကြောင့် လင်းမြင့်အောင်က တွေးတွေးဆဆနဲ့ လိုပြောပါသည်။



"သေသေချာချာ ပြန်တွေးကြည့်ရင် ရာဇဝင်လေး ရောက်လာ သတည်းက သံသယဖြစ်စရာတွေ ရောက်ရောက်လာတာ အမှန်ပဲ"

"လုပ်စမ်းပါဦး ကိုနှင်းမောင်ရယ်"

ခက်ဆစ်က အရွှန်းဖောက်တော့ လင်းမြင့်အောင်က ဘုကြည့် ကြည့်သည်။ ပြီးမှ

"ဟို အလဲသည်ကုလားကို ကြည့်"

ခက်ဆစ် ပြန်စဉ်းစားရင်း

"ဟုတ်တယ်ကွ..ကော်ရုပ် အစုတ်အပြတ်တွေကို မတန်တဆ ဆေးဝယ်နေတာ"

ဓာတ်ပြားက ကြွက်ရုပ်ပေါ် အာရုံရောက်မှာစိုးတာကြောင့် စကား သမ်းကြောင်းလွှဲတဲ့အနေနဲ့ -

"ဒါနဲ့ ခင်ဗျားလေဒီလေး မတွေ့တာကြာပြီဗျ"

"သူလည်း သူ့ဆိုင်နဲ့ သူ မအားပါဘူးဗျာ။ ကျွန်တော်တောင် အလစ်မှာ ဝင်တိုက်လိုက်လို့ သူ့အချစ်ကိုရတာဗျ"

ခက်ဆစ်စကားကြောင့် ရယ်ကြပါသည်။ မိုးဇော်က ပြုံးစေ့စေ့နဲ့ ခက်ဆစ်ကို ကြည့်ကာ

"ဒီကောင်တွေ ဖူးစာက ဆန်းတော့ အဆန်းသားနော်"

"ဘာကိုလဲ"

ခက်ဆစ်ပြန်မေးတော့ မိုးဇော်က

"မင်းပဲ စဉ်းစားကြည့်လေ၊ မန္တလေးတက္ကသိုလ်မှာ လေးနှစ်လုံး လုံး နီးနီးနားနားရှိနေပါလျက်နဲ့ တစ်ယောက်ကို တစ်ယောက် မသိကြ.. သော–ရန်ကုန်ရောက်မှ မန္တလေးက ကိုယ်တို့နှစ်ဦးက ဖူးစာဆုံရတယ်လို့"

မိုးဇော်စကားကြောင့် ပြန်တွေးကြည့်ရင် ဟုတ်တုတ်တုတ်။

လင်းမြင့်အောင်က သူ့အမြင်ကို အခုလို ဖွင့်ဆိုသည်။

"ဒါကလည်း ဖူးစာရေးတဲ့နတ်ကြောင့် မဟုတ်ဘူးထင်တယ်"

"ခင်ဗျားက ဘယ်သူလို့ထင်လို့လဲ"

ကိုဓာတ် ဝင်မေးတော့ လင်းမြင့်အောင်က အိပ်နေတဲ့ ရာဇဝင် ရှိရာ ပုခက်ဆီ မေးငေါ့ပြပြီး

"ဒီကောင်တွေရဲ့ဖူးစာရေးနတ်က ရာဇဝင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်အောင်စကားကို အားလုံးက သဘောပေါက်ကာ ရယ်ကြသည်။ ကိုဓာတ်က သူ့လက်ကြမ်းကြီးနဲ့ ခက်ဆစ်ပေါင်ကိုပုတ်ကာ

"ဟုတ်တယ်..ရာဇဝင်တွင်တဲ့အချစ်ဆိုတာ ရာဇဝင်အကြောင်းကို တွေးမိပြီး ဆုန်သင်းပါရဂူ သီချင်းဆိုဖြစ်တာဖြစ်မယ်"

ခက်ဆစ်က ရှုံ့မဲ့မဲ့နဲ့

"ဖြည်းဖြည်းလုပ်ပါ ကိုဓာတ်ရာ"

"အေးပါကွာ..အားပါသွားလို့"

"တော်သေးတာပေါ့ဗျာ ခင်ဗျားက လူလွတ်မို့လို့..ခင်ဗျားသာ မိန်းမရရင် ခင်ဗျားလုပ်ပုံကိုင်ပုံနဲ့ဆို ခင်ဗျားမိန်းမ သေမှာပဲ"

ခက်ဆစ်က အမှတ်တမဲ့ပြောပေမဲ့ ဓာတ်ပြား အရိုက်ကိုထိသွားသလို ခံစားသွားရပါသည်။

♛ ♛ ♛

ဓာတ်ပြားက အချိန်မီပြောပြတော့ ကတုံးတို့ လန့်ဖျပ်သွားသည်။ ဆရာကြီးမယ်ဝဏ္ဏ ခမျာမှာလဲ စိတ်ပျက်ဒေါသဖြစ်ကာ ပေါက်ကွဲပါတော့သည်။

"နင်တို့ဟာလေ..တော်တော်အသုံးမကျတဲ့ကောင်တွေ၊ ထမိန်ထားဖို့ကောင်းတဲ့ကောင်တွေ"

"မယ်မယ်ရယ်..မယ်မယ်ပဲ ထမိဝတ်နိုင်းထားတာပဲဟာ"

ကတုံးစကားကြောင်း မယ်ဝဏ္ဏကြီး ဘာပြောရမှန်းမသိ။

ဓာတ်ပြားက ကြိတ်ရယ်သည်။

မယ်မယ် ကတုံးခေါင်းကို ဒေါက် ခနဲခေါက်ကာ –

"ဒါမျိုးဆို တတ်တယ်။ နင်တို့နော် နင်တို့ ငါမခံနိုင်တော့ဘူး"

"သွားလေ..အိပ်သာတက်ချင်လို့လား၊ မယ်မယ်..ဘာအများလို့လဲ"

"ဘာ..ကဲဟယ်..ကဲဟယ်"

ပေါ်ကြီးလဲ ခေါင်းကို ပွတ်ရပါတော့မည်။ ထိပ်ကွက်က အခြေအနေကို ရိပ်စားမိတာကြောင့် ဆိတ်ဆိတ်နေခြင်းသည် သက်သာခြင်းတဲ့ ဆိုရိုးအတိုင်း ငြိမ်နေလိုက်ပါသည်။

ဒါပေမယ့်



"ငါဝင်ပါမှ ဖြစ်မှာ"

"အင်း...မြန်မြန်သွားပါလေ"

ထိပ်ကွက် လွှတ်ကနဲ ထွက်သွားတဲ့ သူ့ရဲ့ စကားကြောင့် သူလည်း ပူထူနေအောင် ခံလိုက်ရပြန်ပါသည်။

"ဒီပွဲကို ငါဝင်ကမှ ဖြစ်မယ်"

"ဟင်..ကလေးနဲ့ ပတ္တမြားရဖို့ နတ်က,မလို့လား လူဆိုးလုပ်ပြီး နတ်ပွဲပေးတာ ကြားမကောင်းပါဘူး မယ်မယ်ရယ်"

ဓာတ်ပြား ပြောတော့ မယ်မယ် ခေါင်းခေါက်ဖို့ လက်ရွယ်ပြီးမှ မခေါက်ဖြစ်။

"ဓာတ်ဓာတ်နော် ညည်းမို့လို့ ကျုပ် ခွင့်လွှတ်ပေးတာ ဟွန်း'

ကတုံးတို့က မဲ့ရွဲ့ကုန်သည်။ ဟုတ်တော့ ဟုတ်တယ်။ ဓာတ်ပြားဆိုရင် မယ်ဝဏ္ဏကြီးက ရုပ်ဆိုးသလောက် ချွဲနွဲ့ယုယလွန်းသည်။ ကုန်ကုန်ပြောရရင် သူ့လင်လောက်ထင်ထားတာလေ။

"ကျုပ် သေသေချာချာစဉ်းစားပြီး ဒီပွဲကို အပြတ်ရှင်းရမယ်..လုပ်သင့်တာလုပ်၊ ကလေးကိစ္စကိုလည်း အပြတ်ရှင်းသင့်ရှင်းရမယ်"

မယ်မယ်က သူ့စိတ်မှာ ကလေးနဲ့ပတ္တမြားကို ရအောင် ယူမည်လို့ ပြောတတ်သလိုပြောပေမယ့် ဓာတ်ပြား စိုးရိမ်စိတ်ကြီးသွားပါသည်။

"ကဲ..သွားကြ..သွားကြ၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ငါကိုယ်တိုင် စနည်းနာမယ်"

စနည်းပဲ နာနာ..ဗိုက်ပဲနာနာ ကတုံးတို့ကတော့ သူတို့အရေးမဟုတ်။ သွားဆိုကတည်းက လစ်ပြီလေ။

ဓာတ်ပြားကတော့ တစ်နေရာရာမှာ သွားထိုင်ကာ တစ်ယောက်တည်း တွေးနေမိပါသည်။ သားငယ်ကို သူ့အုပ်ထိန်းမှုအောက် ရောက်ရင် သားရဲ့စာရိတ္တက ဆိုးဝါးသွားနိုင်ပါသည်။ လူလိမ္မာတစ်ယောက်ဖြစ်ဖို့ထက် လူဆိုးလူပေဖြစ်ဖို့က ရာခိုင်နှုန်းများသည်။

ခက်ဆစ်တို့လက်ထဲမှာဆိုရင် သားက လိမ္မာရေးခြားရှိတဲ့ ကလေးတစ်ယောက်၊ ပြီးတော့ မပူပင်မကြောင့်ကြနေရမည့်ကာလေ၊ ပြီးတော့လည်း ခက်ဆစ်အပေါ် သူ အကြွေးတင်နေသည်လေ။ သားငယ်ကို မောင့်ရောက်သားတဲ့အကြွေးက သူ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့အကြွေး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက်ကြောင့် ခက်ဆစ်တို့အပေါ် ဘယ်လိုအန္တရာယ်မှ မကျရောက်စေချင်။

ဟူးခနဲ သက်ပြင်းတွေ မှုတ်ထုတ်မိသည်။

လောကဆိုတဲ့ ကိုယ်ကျင်လည်ရာမှာ ဘဝဆိုတဲ့ ကိုယ်ဖြတ်သန်းခွင့်လက်မှတ်က ကန့်မိုးတစ်ခုအဖြစ် ဖြတ်ပိုင်းအစအနလေး ဖြစ်ဖြစ် မှတ်တမ်းကောင်းတစ်ခု ကျန်ရစ်ခဲ့စေချင်သည်။ အဲဒါ သူ့အတွက်မဟုတ်။

မိုးသည်၊ ရာဇဝင် . . . အမည်နာမတွေနဲ့ သူ့ရဲ့သားအတွက်။

♛ ♛ ♛

မယ်ဝဏ္ဏ ခက်ဆစ်တို့ဆီဝင်ဖို့ ဘယ်သူ့ကိုပစ်မှတ်အဖြစ် အသုံးချရမလဲ စဉ်းစားတော့ သိပ်စဉ်းစားစရာမလို။ ခက်ဆစ်ရဲ့အသည်းနှလုံးဖြစ်တဲ့ လင်းခက်ကိုတွေ့လိုက်ပါသည်။ မိန်းမဆိုတာ သူတို့ယုံကြည်မိရင် ရမ်းကန်း ယုံကြည်တဲ့အမျိုးလေ။

ကောင်းပြီ။ ဘယ်လိုဝင်လုံးမလဲ။ နပမ်းဖက်လုံးသလို ဝင်လို့မဖြစ်တဲ့ကိစ္စ။ အဲဒီတော့ လင်းခက်နဲ့ရင်းနှီးတဲ့ အသိတစ်ယောက်ဆီ အရင်ချဉ်းကပ်သည်။

ပြီးတော့ အဲဒီကတစ်ဆင့် လင်းခက်ဖွင့်ထားရာ ရှိုးရွမ်းဆီ ဆိုက်ဆိုက်မြိုက်မြိုက်ပေါ့။

အဲဒီနေ့က လင်းခက် စာရင်းအဝင်အထွက်တွေကို ကွန်ပျူတာတစ်လုံးနဲ့စစ်ဆေးနေစဉ်ပေါ့။ စုထွေး အလောတကြီးရောက်လာပါတယ်။

"မမလင်း မမလင်း"

"ဟဲ့ – ဖြည်းဖြည်းအော်ပါဟယ်၊ ငါနဲ့နင်က နီးနီးလေးပါ"

စုထွေးတို့က ထုံးစံအတိုင်း စပြီ။

"ဟိုလေ . . မိန်းမ မဟုတ်တဲ့ မိန်းမကြီးကလေ . . မိန်းမယောင်ဆောင်ပြီး မမကိုတွေ့ချင်လို့တဲ့"

"ဘာ . . ဘယ်လို . . ဘာကြီး"

သူမ တအံ့တသြပြောတော့ စုထွေးက

"ဟုတ်တယ်၊ ဘာကြီးလဲ မသိဘူး . . အန်ကယ်မျိုး လွှတ်လိုက်တာတဲ့"

"အန်ကယ်မျိုး . . . သြော် . . လွှတ်လိုက်၊ လွှတ်လိုက်"



အန်ကယ်မျိုးဆိုတာ သူမနဲ့ မကင်းရာမကင်းကြောင်း စီးပွားရေးသမားမို့လို့ ယုံကြည်စိတ်ချစွာ လွှတ်ခိုင်းလိုက်ပါသည်။

သိပ်မကြာခင် သူမရဲ့သီးသန့်အခန်းတံခါးပွင့်ကာ ခပ်ဝဝအမျိုးသမီး၊ အဲ . . စုထွေးပြောတဲ့ မိန်းမ မဟုတ်တဲ့ မိန်းမကြီး ရောက်ချလာတော့ သူမ မျက်လုံးဝိုင်းသွားပါသည်။

"ထိုင် . . . ထိုင်ပါရှင်"

"ဟုတ်ကဲ့၊ ထိုင်ပါတယ် သမီး . . သမီးက . . လင်းခက်မိနော်"

"ဟုတ် . . . ဟုတ်ပါတယ်"

ဝဝကစ်ကစ်နဲ့ဆူဆူဖြိုးဖြိုး အခြောက်ကြီးက သဘောကောင်းတဲ့အပြုံးတွေနဲ့။ သူမရဲ့လက်က ဖြိုးဖြိုးပြက်ပြက် လက်စွပ်တွေအတိုင်းပါပဲ။

"ဟယ် . . သမီးက ငယ်ငယ်ရွယ်ရွယ်နဲ့အောင်မြင်နေတာ အံ့သြရောပဲ၊ မာမီ့သမီးလေး ဖြစ်စေချင်လိုက်တာ၊ ချောကလည်း ချောပဲ့ကွယ်၊ မှုန်နေတာပဲ၊ အသက်ရှစ်ဆယ်ကျော်အဘွားကြီးမျက်လုံးအတိုင်းပဲ"

"ရှင်"

"အဲ . . ဟို . . မှုန်နေအောင်ချောတာ ပြောတာ သမီး"

"ဟုတ် . . ဟုတ်ကဲ့"

"မာမီ့နာမည်က မယ်ဝဏ္ဏလို့ခေါ်တယ် သမီး"

ရာဇဝင်ထဲက နာမည်ပေါ့လို့ စိတ်ထဲမှာပဲ ပြုံးမိပြောမိပါသည်။

"မာမီ့ကို နဝေတိမ်တောင်၊ အဲ . . မဟုတ်ပါဘူး ရွှေတောင်ဦးမျိုးဇော် လွှတ်လိုက်တာကွဲ့"

ရွှေတောင်ဦးမျိုးဇော်ဆိုတာ အန်ကယ်မျိုးကို ပြောတာပါ။ အန်ကယ်မျိုးက သူ့ရွှေတောင်ကုမ္ပဏီကို အစွဲပြုပြီး ရွှေတောင်ဦးမျိုးဇော်ဆိုပြီး စီးပွားရေးလောကမှာ သြဇာကြီးသည်။ သြဇာသီးများ ကြီးရင် အသားပိုများသလိုပေါ့။(ဘာမှတော့ မဆိုင်ဘူး)

"မာမီ ဟိုက တကယ့်ဘာရန်း အမှန်တွေကို သမီးတို့လိုဆိုင်တွေကို လိုက်ဖြန့်ဖို့ လာဆက်သွယ်တာပါ"

"ရှင် . . . အန်ကယ် . . အဲ . . အန်တီက ပြီးတော့"

သူမ အပြောရခက်နေပုံကြောင့် မာမီဝဏ္ဏက ပြုံးသည်။ စည်းရုံးသိမ်းသွင်းတဲ့အပြုံးပေါ့။ (ဒါတွေကတော့ အမတ်လောင်းတွေ သိမှာပါ)

www.burmeseclassic.com

www.burmeseclassic.com



ငါးခူနဲ့ဖားပါးစပ် ရောပေါင်းထားတဲ့အပြုံးမျိုးပေါ့။ ခန့်ခန့်ထည်ထည်နဲ့ သေ... လုံးကြီးကြီးပေါ့။

"အပွင့်နဲ့အလင်း..အဲလေ..အပွင့်လင်းဆုံးပြောရရင် မာမီ... အခြောက်ဖြစ်နေလို့ သမီး အထင်သေးတာလား"

"ဟို..."

သူမ အားနာဟန် ပြောမယ်ပြင်တော့ မာမီအခြောက်က တာ... သည်။

"နေဦး...မာမီပြောမယ်။ ဘယ်လိုပဲ ခြောက်ခြောက်..ခုနစ်... ခုနစ်..အဲလေ ရှုပ်ကုန်ပြီ၊ ခြောက်ခြောက်..အခြောက်တိုင်းမှာ စဉ်း... တွေးခေါ်တတ်တဲ့ နာမည်ကြီးစီးပွားရေးသမားတွေ ရှိကြပါတယ်..ဟုတ်... တယ်နော်"

အဲဒါတော့ မှန်သည်။ လင်းခက် လက်ခံသည်။

"အခြောက်ဆိုကတည်းက မဆိုလို့ပေါ့ သမီးရယ်"

"ရှင်"

"ဟို..ဟိုလေ..အခြောက်ဆိုတဲ့စကားကို စဉ်းစားကြည့်၊ အ... ခြောက်၊ ငါးရံ့ခြောက်၊ ကြက်စပ်ခြောက်၊ ဒီခေတ်မှာ ငါးရံ့ခြောက်ဆို... တော်ရုံ မစားနိုင်တော့ဘူး။ မြန်မာစကား ရှိတယ်။ 'အခြောက်တိုက်' ဆို... စကား။ ဘယ်လောက် လေးနက်လဲ၊ ပြီးတော့ သရဲခြောက်တာ၊ ဘယ်... လောက် ကြောက်ဖို့ကောင်းလဲ။ မာမီမွေးတာ ခြောက်ရက်နေ့ ခြောက်... ပိုင်းလေ သမီးရယ်...မွေးတော့ အသားကလေးက မည်းခြောက်နေ... ပဲတဲ့"

မာမီ့စကားကြောင့် သူမ ပွင့်ပွင့်လင်းလင်း ရယ်မိတော့ မာမီ... လည်း ရယ်သည်။ မယ်ဝဏ္ဏ သူ့ကျော့ကွင်းထဲကို ဒီကလေးမ ဝင်လာ... ဆိုတာ သိလိုက်ပါသည်။

"မာမီက ခင်ဖို့ကောင်းတယ်နော်...အန်ကယ်မျိုး လွှတ်လိုက်... တယ် ဆိုတော့ သမီး ငြင်းလည်း မငြင်းပါဘူး...ပြီးတော့ မာမီ့ကိုလည်း... ခင်လို့"

လင်းခက်စကားကြောင့် မာမီက ပြုံးရင်း

"ကဲ..ပွဲကတော့ ဖြစ်ပြီ၊ မာမီ့မှာ ကက်တလောက်တွေ ...



...ယ်။ သမီးကြိုက်တဲ့ ဒီဇိုင်းလေးတွေ ကြည့်လို့ရတယ်လေ၊ ဒါနဲ့ သမီး ...က်စာ စားပြီးပြီလား"

"ဟင့်အင်း"

"ဒါဆို အတော်ပဲ...မာမီလည်း မစားရသေးဘူး။ လုပ်ငန်းဖြစ် ...မြောက်တဲ့အထိမ်းအမှတ်နဲ့ မာမီ သမီးကို ဟိုတယ်တစ်ခုခုမှာ ထမင်းကျွေး ...ရစေ၊ မငြင်းနဲ့နော် သမီး၊ အလုပ်အကြောင်းလည်း ပြောရင်းပေါ့"

လင်းခက် မငြင်းတော့ပါ။ ဒီလိုနဲ့ မယ်ဝဏ္ဏကြီးနဲ့ လင်းခက်တို့ ဟိုတယ်တစ်ခုခုကို ကိုယ့်ကား ကိုယ်မောင်းကာ ထွက်လာခဲ့ကြပါသည်။

မယ်ဝဏ္ဏကြီးက ကြိုတင်စီစဉ်ရှာဖွေထားတဲ့ ကက်တလောက်တွေ ...နဲ့ လင်းခက် လိုချင်တဲ့ မိန်းမဝတ်ဒီဇိုင်းတွေကို ဈေးစကားပြောကြဆိုကြ သည်။

♛ ♛ ♛

အဲဒီအချိန်က စပြီး မယ်ဝဏ္ဏတစ်ယောက် အလုပ်ကိစ္စရော... အလုပ်ကိစ္စ မဟုတ်လည်း လင်းခက်မီးဆိုင်ကို ရောက် ရောက်လာတတ် ...သည်။ ဆုံးရှုံးမှုဖယားကတော့ ရှိတာပေါ့။ ဒါကတော့ အလဲအလှယ်တစ် ...ပဲလေ။

တစ်ခုခုလိုချင်ရင်တော့ တစ်ခုခုပေးဆပ်ရတာ သဘာဝပဲလေ။

မယ်ဝဏ္ဏတစ်ယောက် ဘယ်လောက် အကွက်အကွင်းမြင်သလဲ ဆိုရင် လင်းခက်အတွက် လက်ဆောင်ပစ္စည်းတွေတင် မဟုတ်။

"လင်းလင်းရေ မယ်မယ် နိုင်ငံခြားကအမျိုးတွေက လှမ်းပို့လို့၊ ကိုယ့်မှာလည်း ယောကျ်ားသားမိတ်ဆွေဆိုတာ သိပ်ရှိတာ မဟုတ်တော့ လင်းခက်ပြောတဲ့ လင်းခက်အမျိုးသားအတွက် သတိရလို့ယူလာလိုက်တာ ကြည့်စမ်း"

လင်းခက် မာမီယူလာတဲ့ပစ္စည်းတွေကို ထုတ်ကြည့်တော့ မျက်လုံးပြူးရပါသည်။ ယူလာတဲ့ အမျိုးသားဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ခါးပတ်က အစပေါ့။ ခက်ဆစ်နဲ့တိုင်းထွာဝယ်လာသလား အောက်မေ့ရအောင် ကွက်တိ။

"အားနာစရာ မယ်မယ်ရယ်"

"အို..ဒီလူနဲ့ဒီလူ အားနာစရာစကား မပြောရဘူးလေ၊ ဒါနဲ့ - လင်းခက်ကောင်လေးက..."

www.burmeseclassic.com

www.burmeseclassic.com



မယ်ဝဏ္ဏက စကားမရှိစကားရှာပြောတော့ လင်းခက်ရှက်ပြုံးနဲ့

"သူက လင်းခက်တို့လို မန္တလေးကပဲ မယ်မယ်ရဲ့ ဒီကျမှ တွေ့တာ၊ ဆန်းတော့ အဆန်းသား"

လင်းခက်ရဲ့ရှက်ပြုံးဝေတဲ့ မျက်နှာကိုကြည့်ပြီး လင်းခက် ခက်ဆစ်အပေါ် ဘယ်လောက်သံယောဇဉ်ကြီးမှန်း သိပ်သိသာပါသည်။

"သူက လူလွတ်လား၊ ဆောရီးနော်... ဆိုင်က ကောင်မလေးတွေပြောသံကြားလို့ သားတစ်ယောက်ရှိတယ်ဆိုလား"

မယ်ဝဏ္ဏ သိသိကြီးနဲ့ လှမ်းထောက်လိုက်တော့ လင်းခက် တစ်ယောက် ရယ်စရာပြက်လုံးတစ်ခု ကြားလိုက်ရသလို တခစ်ခစ်နဲ့ ရယ်တော့သည်။

"အဲဒါ တမင်စ,နေကြတာ မယ်မယ်၊ ဒီလို မယ်မယ်.."

လင်းခက် ရာဇဝင်လေးနဲ့ စ,တွေ့ခဲ့တဲ့ဖြစ်ရပ်ကို ရှင်းပြတော့ မယ်ဝဏ္ဏတစ်ယောက် အမူအရာပိုလွှာ ရင်ဘတ်ဖိပြီး

"အို.. အံ့သြစရာကောင်းလိုက်တာ၊ အဲဒါကြောင့်မို့ ညည်းတို့ချင်ဒီကလေးကြောင့် ချစ်သူဖြစ်သွားရတာပေါ့"

လင်းခက် ခေါင်းညိတ်ပြပြီး

"ဟုတ်တယ် မယ်မယ်... ကလေးက ဘယ်ဘဝရေစက်ကြောင့်လဲ မသိဘူး၊ ချစ်စရာကောင်းတာတော့ အမှန်ပဲ၊ ကလေးက လင်းခက်တို့အားလုံးရဲ့အသည်းနှလုံးဆိုလည်း မမှားဘူး"

မယ်ဝဏ္ဏ လင်းခက် အခုလိုပြောတော့ သူ့စိတ်ထဲကနေ.. 'ငါ့အသည်းနှလုံးက အဲဒီကလေးရဲ့ လက်ထဲမှာ ဟဲ့' လို့ စိတ်ထဲက ပြောသည်။

"လင်းခက်ကောင်လေးက ဘာလုပ်လဲဟင်... တွေ့ဖူးချင်လိုက်တာ"

မယ်ဝဏ္ဏ စိတ်အားထက်သန်စွာနဲ့ပြောတော့ လင်းခက်က

"စိတ်ချပါ မယ်မယ်ရယ်၊ လင်းခက် တစ်ရက်လောက် အားအားနဲ့ဆုံဖြစ်အောင် စီစဉ်ပေးမယ်"

မယ်ဝဏ္ဏ ကျေနပ်သွားပါသည်။

သူလိုချင်တာ အဲဒါပဲလေ။



"လင်းခက် ပြောတာနဲ့ ကလေးကို အရမ်းတွေ့ချင်လိုက်တာ.. မြင်တောင် မမြင်ဖူးသေးဘူး သံယောဇဉ်က ဖြစ်နေပြီ"

"ဟုတ်တယ် မာမီ၊ အဲဒီကလေးက ဘယ်သူတွေ့တွေ့ သံယောဇဉ်မဖြစ်ဘဲ မနေနိုင်ဘူးလေ"

မယ်ဝဏ္ဏ က သူ့စိတ်ထဲကနေ 'ဟုတ်တယ်လေ၊ ကလေး မပြောနဲ့ သူ့အဖေတောင် ငါက သံယောဇဉ်တွယ်နေတာ'လို့ ပြောမိပါသည်။

"တကယ်လို့ အဲဒီကလေးက လင်းခက်နဲ့ ခက်.. ဘယ်သူ"

"ခက်ဆစ် မာမီ"

"အင်း.. ခက်ဆစ်တို့လက်ထပ်ဖို့ ကြားမှာ အနှောက်အယှက်တစ်ခုများ ဖြစ်လာနိုင်မလား"

လင်းခက်က အပြုံးမပျက်။

"ဘယ်သူတွေ ဘယ်လိုကြားလို့ မန္တလေးက ဖေဖေတို့ကို လှမ်းအတိုအထောင်လုပ်လိုက်လဲ မသိဘူး မာမီ၊ ကလေးတစ်ယောက်အဖေနဲ့ ပတ်သက်ရဘူး ဘာညာပေါ့၊ လှမ်းပြောတာပေါ့"

"အဲဒီတော့"

လင်းခက်က အပူအပင်မရှိ တခစ်ခစ်ရယ်ပြီး

"တကယ်လို့ သားလေး ရာဇဝင်ရဲ့အဖေအစစ်က ခက်ဆစ် ဆိုရင်တောင် လင်းခက် လိပ်ပြာသန့်သန့်လက်ထပ်ရဲပါတယ် မာမီ၊ ဘာလို့လဲ သိလား"

"ဟင့်အင်း"

မယ်ဝဏ္ဏ ပါးစပ်အဟောင်းသားနဲ့ ခေါင်းခါတော့ လင်းခက်က မှတင်းတံခါးကနေ မြင်ရတဲ့ ကောင်းကင်ပြာကို ငေးကြည့်ကာ –

"ခက်ဆစ်တစ်ယောက် သွေးမတော် သားမစပ်တဲ့ ကလေးတစ်ယောက်အပေါ် စေတနာထားပြီး ကယ်တင်ခဲ့တဲ့ မေတ္တာတရားကြောင့်ပဲ၊ သူ့ကို ပိုပြီး ချစ်မိခဲ့တာထင်တယ် မာမီ"

လင်းခက်ပြောတဲ့စကားကြောင့် မယ်ဝဏ္ဏရင်ထဲ နင့်သွားသလို မျက်ရည်အဝဲသားနဲ့ပြုံးပြီး လင်းခက်ကို ငေးကြည့်နေမိပါသည်။

♛ ♛ ♛

"မာမီ.. ဒါ လင်းခက်ပြောတဲ့ ခက်ဆစ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်မယ်ဝဏ္ဏ"

ခက်ဆစ် တလေးတစားနှုတ်ဆက်တော့ မယ်ဝဏ္ဏတစ်ယောက် ရှောက်သီးကို ရှာလကာရည်နဲ့တို့စားမိသလို မျက်နှာပျက်သွားမိပါသည်။

"အို..ဘယ်လိုပြောလိုက်တာလဲ သားသားရယ်၊ ဘယ်က အန်ကယ်လဲ..မာမီလို့ပဲ ခေါ်ပါ၊ မယ်မယ်တို့ ကျား မဟုတ်ပါဘူး..ကြက်..အဲ..ကြောင်လေးပါ"

"ဟုတ်..ဟုတ်ကဲ့ ကန်တော့ မာမီ"

"အေးလေ မင်းကလဲ"

မိုးဇော်က အားတုံ့အားနာဟန်နဲ့ပြောမိပါသည်။

လင်းခက်တစ်ယောက် မာမီဆိုတဲ့အခြောက်တစ်ယောက်ကို အမေပေါ် လက်ဆွဲခေါ်လာတာ ဘာအကြောင်းမှန်း မသိ။ နောက်မှ မယ်ဝဏ္ဏ လို့မိတ်ဆက်ပေးမှ ခက်ဆစ် သူ့ကိုလက်ဆောင်ပေးတဲ့ အခြောက်ကြီးမှန်း သဘောပေါက်သွားပါသည်။

သီတာက လင်းမြင့်အောင်ကို ခပ်တိုးတိုးလှမ်းမေးသည်။

"အဲဒါက ဘာကြီးလဲဟင်"

"အဲဒါ ကပြားလို့ခေါ်တယ်"

သီတာက သဘောပေါက်နားလည်ဟန်နဲ့ 'သြော်..' လိုက်မိသည်။ အမှန်က လင်းမြင့်အောင် ဘာအဓိပ္ပာယ်နဲ့ပြောလဲ သူ မသိ။ ညီ စားချင်း သိက္ခာအကျတော့ မခံ၊ ခံစရာဆိုလို့ သည်းညည်းခံတာပဲ ကောင်းသည်လေ။

လင်းခက်က လူစုံတက်စုံမိတ်ဆက်ပေးပါသည်။

"သားတို့သမီးတို့နဲ့ တစ်စုတဝေးကြီးတွေ့ရတာ ဝမ်းသာရောပဲ မာမီက ခင်တတ်ပါတယ်၊ လိုတဲ့အကူအညီရှိရင်ပြော...မာမီကူညီမယ်"

"ဟုတ်ကဲ့ပါ မာမီ"

မယ်ဝဏ္ဏကြီးက ပြောသာ ပြောနေမိတာပါ။ မယ်ဝဏ္ဏမျက်လုံး က ရှောင်တခင် အလစ်မှာစောင့်ဖမ်းနေတဲ့ မော်တော်ပီကယ်တွေလိုပဲ အခန်းဖွဲ့စည်းပုံက ဘယ်လို၊ အရုပ်တွေကို ဘယ်မှာထားတတ်သလဲ၊ ကြွက် ရုပ်လေးများ တွေ့လိုတွေ့ငြားပေါ့။

"ဒါနဲ့ ကလေးဆိုတာရော သမီး"



မယ်ဝဏ္ဏကြီးက အခုမှသတိရဟန်နဲ့ ပြောတော့ လင်းခက်က ခက်ဆစ်ကို ဦးတည်ပြီး ပြောမိပါသည်။

"ခက်ဆစ်ရေ...လင်းခက် ပြောထားလို့ မာမီ သားကို အရမ်းတွေ့ချင်နေတာ"

"သြော်...ရာဇဝင်လား။ သီတာရေ..သားရော နိုးပြီလား"

"နိုးနေပြီ ခက်ဆစ်၊ အခန်းထဲမှာ ဆော့နေတယ်၊ သွားခေါ်လိုက်ရမလား"

"အေး"

သီတာက ခက်ဆစ်တို့အခန်းထဲမှာ မွေ့နှောက် ဆော့နေရှာတဲ့ သားကို သွားချီခေါ်လာပါသည်။ လင်းခက်က မာမို့လက်ထဲက အိတ်ကို လှမ်းယူပြီး -

"ဒီမှာလေ မာမီ၊ လင်းခက် ပြောထားလို့ သားကို အရမ်းတွေ့ချင်နေတာ ခက်ဆစ်ရဲ့...အရုပ်တွေလည်း လမ်းမှာ ဝယ်လာလိုက်တာ အများကြီးပဲ"

"အားနာစရာ မာမီရယ်"

"အို..မလိုပါဘူး သားရယ်၊ မာမီက တော်ရုံသံယောဇဉ်နဲ့ဝယ်ပေးတာ မဟုတ်ဘူး။ ခာတ်ကျလို့ ဝယ်ပေးတာ"

သီတာ ကလေးကိုချီလာတော့ ရာဇဝင့်လက်ထဲမှာ ကြွက်ရုပ်ပါလာပါသည်။ မယ်ဝဏ္ဏမျက်နှာကြီး ဝင်းကနဲဖြစ်သွားပါသည်။

"ပေးပေး...မယ်မယ့်ကိုပေး၊ ဟယ်..ကလေးလေးက ချစ်စရာလေးဟယ်၊ ပေး..ပေး..မယ်မယ် ချီမယ်"

ရာဇဝင်က မယ်ဝဏ္ဏလက်ထဲရောက်တော့ တခစ်ခစ်နဲ့ ဘာကို သဘောကျမှန်းမသိ။ ရယ်ပါတော့သည်။

မိုးဇော်စိတ်ထဲကတော့ အဲဒီ ပုံမကျပန်းမကျမျက်နှာကြီးကြောင့် ကလေး ရယ်မောတယ်ထင်ရဲ့လို့ တွေးမိပါသည်။

"ခက်ဆစ်ရေ၊ မာမီက ဒီမှာ အားလုံးနဲ့ ထမင်းလက်ဆုံစားမှာ နော်၊ ဘာချက်လဲ"

လင်းခက်စကားကြောင့် ခက်ဆစ်အားနာသွားပါသည်။

ခက်ဆစ်မျက်နှာကိုကြည့်ပြီး လင်းခက် သိလိုက်ပါသည်

www.burmeseclassic.com



"ကဲ..သဘောပေါက်ပြီ၊ လင်းခက်နဲ့သီတာ ထမင်းချက်မယ်_ ခက်ဆစ်တို့က ဆိုင်တစ်ဆိုင်သွားပြီး စားစရာသွားဝယ်၊ တစ်ယောက် မာမီကိုညှော်ခဲ့"

လင်းခက်က အစီအစဉ်ရေးဆွဲတော့ မယ်ဝဏ္ဏ သိပ်ပျော်သွားတာပေါ့။

"မယ်မယ့်ကို အားမနာနဲ့နော်၊ အားနာရမယ့်ညှော်သည် မဟုတ်ဘူး ကလေးအတွက် စိတ်ချ၊ မယ်မယ် ထိန်းထားမယ်"

မယ်ဝဏ္ဏ၏စကားကြောင့် ခက်ဆစ်က ပြုံးမိပြီး ခွဲတမ်း စ,ချသည်။

"ကဲ-လင်းမြင့်အောင် မင်း မိုးဇော်ကို ခေါ်သွား၊ လမ်းထိပ်ဆိုင်က အဆင်ပြေတာ ဝယ်ခဲ့ကွာ၊ ငါ မာမီ့ကို ထိန်းထားမယ်"

"ဟယ်...ဘာစကားကြီးလဲဟယ်"

မယ်ဝဏ္ဏ စကားကြောင့် ခက်ဆစ် အိုးတိုးအမ်းတမ်းနဲ့

"ဟို...ညှော်ခံထားမယ်ပြောတာ"

"ဟွန်း..လူဆိုး...လင်းခက် ရှိရက်နဲ့ မယ်မယ် စိတ်လှုပ်ရှားအောင် မလုပ်နဲ့နော်"

လင်းခက်နဲ့သီတာက သဘောကျစွာရယ်ပြီး

"ရတယ် မာမီ၊ လင်းခက်ကို အားမနာနဲ့၊ ကဲ..တစ်ယောက်တစ်ယောက် ထိန်းထားကြ၊ သီတာရေ..ထမင်းချက်ရအောင်၊ ပြီးရင် တာလေးတွေ ကြော်ရင်ကြော်၊ ချက်သင့်တာ ချက်ရမယ်လေ"

"ဟုတ်ကဲ့ မလင်းခက်"

အသီးသီးထွက်သွားကြတော့ မယ်ဝဏ္ဏနဲ့ ခက်ဆစ် ရောက်တတ်ရာရာစကားတွေ ဆိုမိကြပါသည်။

အဲဒီအချိန်မှာ ခက်ဆစ်ရဲ့ဖုန်းက မြည်လာတာကြောင့် ဖုန်းနံပါတ်ကိုကြည့်တော့ သူနဲ့စိမ်းနေတဲ့ ဖုန်းနံပါတ်ကြောင့်

"မယ်မယ် ခဏနော်"

ခက်ဆစ် ထပြီး ခပ်လှမ်းလှမ်းမှာ သွားရပ်ကာ ဖုန်းကို ဖွင့်ထောင်တော့ -

"ဖုန်းကိုင်တာ ကြာလိုက်တာ" ခက်ဆစ်ရယ်"



"ဟယ်လို ဘယ်သူလဲ"

"ဟဲ့ - ငါ မလတ်ဟဲ့"

မလတ်ရဲ့အသံကြောင့် ခက်ဆစ် အတော်ကိုအားနာသွားသည်။

"ဟာ..ဆောရီး မလတ်၊ ကျွန်တော် မလတ်အသံမမှတ်မိလို့"

"အေးပေါ့လေ၊ နင်က လင်းခက်ရဲ့အသံကလွဲပြီး ဘာမှ မှတ်မိတာ မဟုတ်ဘူး၊ ငါပြောတာ ဟုတ်လား"

မလတ်က ခပ်ငေါ့ငေါ့ပြောတော့ ခက်ဆစ် တဟားဟားရယ်မိကာ

"မဟုတ်ပါဘူးဗျာ...တကယ် မမှတ်မိလို့ပါ၊ ပြီးတော့ မလတ်ဖုန်းနံပါတ်မှ ကျွန်တော်မသိတဲ့ဟာကို"

"အေးပေါ့လေ၊ ငါ့အပြစ်ပဲ ထားလိုက်ဟဲ့၊ နင့်လင်းခက်က နင့်အိမ်မှာလား၊ သူ့ဖုန်း ငါဆက်မရလို့"

"ဟုတ်တယ် မလတ်..ရှိတယ်၊ ခဏကိုင်ထားနော်"

"အေး...အေး"

ခက်ဆစ် မယ်ဝဏ္ဏကြီးကို လက်ပြကာ နောက်ဖေးဆောင်ဘက်ထွက်သွားပါသည်။ ခက်ဆစ် ထွက်သွားတော့ မယ်ဝဏ္ဏ အခြေအနေကိုကြည့်ပါတယ်။

ကြွက်ရုပ်က ရာဇဝင်လက်ထဲမှာ၊ ကြွက်ရုပ်ကို လက်တစ်ဖက်က ကိုင်ပြီး ကျန်လက်တစ်ဖက်က မယ်ဝဏ္ဏဝယ်လာတဲ့ အရုပ်တစ်ရုပ်ကိုကိုင်ထားပါသည်။

မယ်ဝဏ္ဏ ရာဇဝင့်လက်ထဲက ကြွက်ရုပ်ကို အသာလှမ်းယူတော့ ရာဇဝင်က မယ်ဝဏ္ဏကို ကြည့်သည်။ မယ်ဝဏ္ဏ တွန့်သွားပြီး ရယ်ပြတော့ ကလေးက ပြန်ရယ်မပြ။ ကြွက်ရုပ်ကို မယ်ဝဏ္ဏလက်ထဲ ထည့်ပေးလိုက်ပြီး ကျန်တဲ့အရုပ်တွေကို လှမ်းယူပြီး ဆော့နေသည်။

မယ်ဝဏ္ဏကြီး ကြွက်ရုပ်ကို သူမ ဘေးလွယ်အိတ်ထဲ ထည့်ဖို့ပြင်ပြီးမှမထည့်ဖြစ်သေးဘဲ စဉ်းစားမိသည်။ ကြွက်ရုပ် ရုတ်တရက်ပျောက်သွားရင် ဟိုကောင်တွေ ချက်ချင်းရိပ်မိနိုင်သည်။

ပြီးတော့-ကလေး၊ ဒီချာတိတ်က ဒီကြွက်ရုပ်ကို မျက်စိအောက်က အပျောက်မခံနိုင်ဘူးလို့ ခါတ်ခါတ်က သတိပေးစကား ပြောထားသည်။ အဲလိုဆိုတော့ ကြွက်ရုပ်ကို ခွာပြီး အထဲက ပစ္စည်းများကိုယူ ကြွက်

www.burmeseclassic.com



ရုပ်ကို ခြေရာ လက်ရာမပျက် ပြန်ထားရမည်။ မယ်ဝဏ္ဏ အရိပ်အခြေကို ကြည့်ပြီး ကြွက်ရုပ်ကိုယ်ထည်ကို ခွာဖို့ ကြိုးစားပါသည်။ တွေ့ရာနဲ့ ကျ လန့်ခွာသည်။ လက်သည်းနဲ့ကလော် ခွာသည်။

"ဟော"

ရပြီ။ ကိုယ်ထည်နှစ်ခုက အပေါ်တစ်ခြမ်း အောက်တစ်ခြမ်း သွားတော့ ဆွဲပြီး ခွာလိုက်ပါသည်။

"ဟင်"

မယ်ဝဏ္ဏကြီး ပါးစပ်အဟောင်းသား ဖြစ်မိပါသည်။

အထဲမှာ ပတ္တမြားမပြောနဲ့ သကြားလုံးတောင် မတွေ့။ နီနီ ဆိုလို့ ဆေးနီအစက်လေးတစ်စက်တောင် မတွေ့ရပါ။

ဒါဆို ဓာတ်ပြား သူ့ကိုအလုပ်လုပ်သွားတာလား။ဒါလည်း မ နိုင်လောက်ပါဘူး။ အလုပ်လုပ်သွားရင် ကလေးကိုခေါ်ပြီး အစပျောက် လောက်ပြီပေါ့။ ဒါဆိုရင်. . .

"မယ်မယ်"

ခေါ်သံကြောင့် မယ်ဝဏ္ဏမော့ကြည့်တော့ သူ့ကို မျက်မှောင် ပြီးကြည့်နေတဲ့ ခက်ဆစ် မယ်ဝဏ္ဏ ဟန်မပျက်အောင်နေရင်း

"မင်းသားကတော့ အတော်ဆိုးတဲ့ကောင်ပဲ ခက်ဆစ်ရေ အ ကို ဆွဲခွာလို့ခွာနဲ့ မယ်မယ်ပြန်တပ်ထားရတာ"

"ဩော် ဟုတ်လား"

ခက်ဆစ် မယုံပါ။ သူ့အစောကြီးကတည်းက မြင်နေတာ

မယ်ဝဏ္ဏကြီးက သူ့ အခန်းထဲက ထွက်လာတာကိုမသိ ရုပ်ကို ဖွဲနှပ်နဲ့ ခွာနေတာ ခက်ဆစ် မြင်နေတာပဲ။ ဒါဆို ဘာလို့ သူ ပြောင်လိမ်နေတာလဲ။ ပြီးတော့ ကြွက်ရုပ်။

ခက်ဆစ် မယ်ဝဏ္ဏကြီးနဲ့ စကားသာပြောနေပေမယ့် ကြွက် ကို ပထမဦးဆုံးအနေနဲ့ စိတ်ဝင်တစားဖြစ်မိပါသည်။ ကြွက်ရုပ်နဲ့ ဟာ စတွေ့ကတည်းကအတူတူ။ ပြီးတော့ လူစိမ်းတွေ။ ကလေး သွားပြီး လင်းခက်တို့ဆိုင်ထဲမှာ တွေ့တဲ့ကိစ္စ။

"ဟော. . .မင်းတို့ ဘာကျွေးထားလဲမသိဘူး ကလေး တဟွတ်ဟွတ်ဆိုးနေတယ်နော်"



မယ်ဝဏ္ဏကြီးက အာရုံလွှဲမှန်း ခက်ဆစ် သိတာပေါ့။ တကယ်လည်း ရာဇဝင်ဆိုတဲ့ ငတေက ချောင်းတဟွတ်ဟွတ်ဆိုးနေပါသည်။

ဟိုကောင် လင်းမြင့်အောင် သကြားလုံးတွေ ခိုးကျွေးတာလား မသိပါဘူး။

* * *

"ဟင် ဒါဆို မယ်ဝဏ္ဏဆိုတဲ့ အစ်မဟုတ်တဲ့ဟာကြီးက အခြောက်ပေါ့"

လင်းမြင့်အောင်စကားကြောင့် ခက်ဆစ်က

"ဘာလဲဟ မင်းစကားက"

လင်းမြင့်အောင် သူ့စကားမှားသွားမှန်းသိတော့ ရယ်ကျဲကျဲနဲ့

"ဟိုလေ မရိုးသားဘူးလို့ပြောတာ"

လင်းမြင့်အောင်စကားကြောင့် ရာဇဝင်လေး အိပ်နေပြီမို့ ကြွက်ရုပ်ကို ကိုင်ကြည့်ကာ ဟိုဒီစူးစမ်းရင်း မိုးဇော်က

"ဟုတ်တယ် ခက်ဆစ် မင်း ပြောတာဖြစ်နိုင်တယ်။ ဒီကြွက်ရုပ်ဟာ တစ်ခုခုထူးခြားနေတာတော့ အမှန်ပဲ။ သားနဲ့ကြွက်ရုပ်က ခွဲလို့မရလို့ ကြွက်ရုပ်နဲ့သားက ငါတို့ဆီ အတူတူရောက်လာတာ ကြွက်ရုပ်ထဲမှာ တစ်ခုခုလုပ်ထားတာ ဖြစ်နိုင်တယ်"

ရာဇဝင်လေးက အိပ်နေရာမှ ချောင်းဆိုးတော့ ခက်ဆစ် သတိရတန်နဲ့ "မင်းတို့ သားကို ဘာတွေကျွေးထားလဲ"

'ဟာ - ထူးထူးခြားခြား ဘာမှ မကျွေးပါဘူးကွ"

လင်းမြင့်အောင် အခုလိုပြောပေမယ် မိုးဇော်က ဘာမှ မပြော။ ဒီကာယ်ကိုသာ တဝါးဝါး။ ပြီးတော့ စဉ်းစားမိဟန်နဲ့

"ဟိုတစ်ခါ ကလေးပျောက်သွားဖူးတာ သတိရမိလား။ လင်းခက်တို့ဆိုင်မှာ ပြန်တွေ့တာ။ နောက်ပြီး ငါတို့အိမ်ကိုရောက်လာတဲ့ ဟိုမိန်းမ ဆယောင်ဆောင်ထားတဲ့ လူသုံးဦး။ အင်း ဒီကြွက်ရုပ်ဟာ တော်ရုံတန်ရုံ ကြွက်ရုပ်တော့ မဟုတ်ဘူး"

မိုးဇော်စကားကြောင့် လင်းမြင့်အောင်က ဇဝေဇဝါနဲ့

"ဟင် ဒီကြွက်ရုပ်က မှော်ဝင်နေလို့လား"

"ဟာ ဒီကောင် ငါပြောတာ အဲလိုမဟုတ်ဘူး ငတုံးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သိပြီ ဒီအရင့်က ကြွက်ရုပ်မဟုတ်ဘူး ကြောင်ရုပ်ပေါ့"

လင်းမြင့်အောင် သူထင်ရာ ရမ်းသမ်းပြောနေတော့ ခက်ဆစ်က တဟားဟား။ ဟိုကောင် မိုးဇော်စိတ်ပျက်လက်ပျက်နဲ့

"မင်းနဲ့ မင်းရည်းစား မိသီတာတို့က လိုက်လဲလိုက်ပါ့ကွာ"

"အို..မင်းပဲ တော်ရုံတန်ရုံကြွက်ရုပ်မဟုတ်ဘူးဆို"

"အေးလေ ငါပြောတာက ဒီကြွက်ရုပ်နဲ့ လူတစ်စုနဲ့ ပတ်ကိုင်သက်လိမ့်မယ် ဒါဟာ တော်ရုံတန်ရုံ ကိစ္စမဟုတ်ဘူးလို့ပြောတာ"

ခက်ဆစ် မိုးဇော်စကားကြောင့် လေးလေးနက်နက်စဉ်းစားမိသည်။

"ငါ့အထင်...အဲဒီ လူတစ်စုဟာ ရာဇဝင်ရဲ့မိဘတွေကို သေချာပေါက်သိရလိမ့်မယ် မိုးဇော်"

"အေး အဲဒါတော့ အသေအချာပဲ ခက်ဆစ်"

ခက်ဆစ် သက်ပြင်းချမိပါသည်။ သားကို သူတို့ရော လင်းအောင်ပါ အတော်ကို သံယောဇဉ်ဖြစ်နေပြီလေ။

♛ ♛ ♛

"ဟား မဖြစ်နိုင်တာ မယ်မယ်ရာ ဒီကြွက်ရုပ်ထဲမှာ ကျွန်တော် ပတ္တမြားကို သေသေချာချာထည့်ထားတာ"

ဝုန်းကနဲ ထရပ်ပြီး ပြောတော့ မယ်ဝဏ္ဏကြီးက ခတ်ပြားလက် ကိုဆွဲကာ ပြန်ထိုင်ခိုင်းရင်း

"ငါကိုယ်တိုင် မရမက ဖြုတ်ပြီး သေချာကြည့်ပြီးပါပြီဟယ်... တကယ် မရှိတာပါ"

ကတုံးတို့သုံးယောက်လဲ ပတ္တမြားကြီး မရှိဘူးဆိုတော့ မျက်နှာ လေးတွေ ငယ်သွားရှာပါသည်။ ဒါကြီးပြန်တွေ့ရင် မယ်မယ်က ရသည့် ထိုက်တာ ခွဲဝေပေးမယ်လို့ပြောထားတာကို။

ခတ်ပြား လုံးဝကို မကျေမနပ် ဖြစ်မိသည်။ ဒီပစ္စည်းက တော်ရုံ တန်ရုံနဲ့တွေ့ဖို့ မလွယ်အောင် သူစီစဉ်ထားရဲ့သားနဲ့။

"ကျွန်တော်မလိမ်ပါဘူး မယ်မယ်ရာ..တကယ်"

မယ်ဝဏ္ဏ အဲဒါတော့ ယုံသည်။ ခတ်ပြား မလိမ်ဘူးဆိုတာ သိတာ ပေါ့။

အဲဒါကြောင့် -



"ဟဲ နင့်အကြောင်း ငါသိတာပေါ့ဟယ်။ နင်ဟာ ဘယ်နှခုရှိလဲ ဒါက အတွင်းသိ အစင်းသိ ဟို အူဘယ်နှခွေပြောတာနော်"

အရေးထဲ စကားက အနှောင့်အသွားမလွတ်။

"နင်လိမ်ချင်ရင် ကလေးကိုခေါ်ပြီး လစ်ပြီပေါ့ ခတ်ပြားရယ်.. ငါ ဆရာကြီးပါ နင်တို့လို မတုံးပါဘူး ဦးနှောက်"

ခတ်ပြား မကျေမနပ်ဖြစ်ရင်း စဉ်းစားနေမိသည်။

ဟိုလူတွေလည်း တွေ့တော့ မတွေ့သေး၊ တွေ့ရင် တစ်ခုခုတော့ ထူးခြားမှာ သေချာသည်လေ။ အနုဟာက ပုံမှန်အတိုင်းအခြေအနေ။

"သူတို့လဲ မတွေ့လောက်သေးဘူး မယ်မယ်"

မယ်ဝဏ္ဏလည်း ဒါကိုတွေးမိပြီးသားမို့

"အေး..အဲဒါကြောင့် ငါစဉ်းစားနေတာပေါ့။ ဒီပစ္စည်းက ဘယ် ရောက်နေတာလဲ"

ခတ်ပြား သွေးအေးအေးနဲ့ ပြုံးမိပါသည်။ သေချာပါပြီ။

"ကျွန်တော့်သားအကြောင်း ကျွန်တော်သိတယ်...ဒီကောင်က သိပ်ဆော့တဲ့ ကောင် ဒီပစ္စည်းက ဟိုလူတွေ မသိဘဲ သားဆော့ရင်း အိမ် ထဲ တစ်နေရာရာမှာ ရှိနေလိမ့်မယ်"

"ဟဲ့-နင့်သားက သကြားလုံးဆိုပြီး ကောက်စားလိုက်ရင်ရော"

ခတ်ပြား ခေါင်းခါသည်။

"အဲဒါက ရာခိုင်နှုန်းနည်းပါတယ်။ ပတ္တမြားက ကလေးမျိုလို့ရတဲ့ အရွယ် မဟုတ်ဘူး။ ပြီးတော့ အရသာမရှိရင် ကလေးက စားမှာ မဟုတ် ဘူး၊ တစ်ခုတော့ရှိတာပေါ့လေ ပတ္တမြား ဆိုတဲ့အရာက အရောင်တလက် လက်ဆိုတော့ ကလေးက စိတ်ဝင်စားမှာ အဲဒီတော့ ကျွန်တော့်မှာ အကြံ အစည်တစ်ခု ရှိတယ်"

ခတ်ပြားရဲ့အကြံအစည်ဆိုတာကြောင့် ကတုံး မဲ့ရွဲ့မိပါသည်။ ဟိုတစ်ခါလို သူတို့ ခံရမှာဆိုရင်တော့ မလွယ်ကြောပါပဲ။

♛ ♛ ♛

ခက်ဆစ် ဆွဲပြီးသား ဒီဇိုင်းတွေကို မဂ္ဂဇင်းတစ်ခုမှာ ထည့်အပ်ပြီး ပြန်အလာ ပလက်ဖောင်းအတိုင်းလျှောက်လာရင်း ကားတစ်စီးက သူ့ဘေး ဆိုက်ရပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ခက်ဆစ်"

ခက်ဆစ် သူ့ကိုခေါ်သံကြောင့် လှည့်ကြည့်တော့ သူ မမြင်ဖူး ဘူးတဲ့လူ။

သူ မျက်မှောင်ကြုပ်ကာ ထူးထူးဆန်းဆန်းကြည့်မိတော့ ကား စတီယာရင်ကို လွှတ်ကာ ထိုလူက ရေဘင်မျက်မှန်အနက်ကို ဆွဲချွတ်ပြီး တဟားဟား ရယ်ပြီး

"ဟော့ကောင် အေပေ။ ငါ တင်မောင်ဦးလေကွာ"

"ဟာ–တင်မောင်ဦး၊ မင်းက ဘယ်လိုဘယ်လို ရန်ကုန်ရောက်နေ တာလဲ"

တင်မောင်ဦးက သူ့အမေးကို ပြန်မဖြေဘဲ

"ကဲ လာ..တက်။ တစ်ခုခုစားရင်း ပြောပြတာပေါ့ကွာ မင်းအား တယ်မှတ်လား"

"အေး"

သူ တင်မောင်ဦးဘေးမှာ ဝင်ထိုင်တော့ တင်မောင်ဦးက ကား မောင်းထွက်သွားပါသည်။ သူတို့ ဆိုင်တစ်ဆိုင်ရှေ့မှာရပ်ပြီး တင်မောင်ဦး နဲ့အတူ ဆင်းကာ –

"မင်း ထမင်းမစားလောက်သေးဘူး ထင်တယ်"

တင်မောင်ဦးစကားကြောင့် ခက်ဆစ် ရယ်မိရင်း

"မင်းကတော့ ရဲလို့ မပြောရဘူး နီနေတာပဲလို့ ပြောရမယ့်ကောင် ပဲ၊ အေး..မစားရသေးဘူးဟ"

သူတို့ဆိုင်ထဲဝင်ရင်း တင်မောင်ဦးက

"ဒီဆိုင်လေးက မဆိုးဘူး ဟော့ကောင်ရ ငါရန်ကုန်ရောက်ရင် စားနေကျ။ ဆိုင်ကလူတွေနဲ့တောင် တော်တော်ရင်းနှီးနေပြီ"

တင်မောင်ဦး ပြောတဲ့အတိုင်း အဟုတ်ပါ။ ဆိုင်ကောင်တာမှာ ထိုင်နေတဲ့ အစ်မကြီးက ကောင်တာမှဆင်းလာပြီး သူတို့ဝိုင်းဆီ လျှောက် လာကာ

"ဘယ်သူများလဲလို့ ဘယ်နေ့ကရောက်လဲ မောင်ဦး"

"ဒီမနက်ပဲ မမ၊ ဌာနသွားပြီး သတင်းပို့နေလို့"

မမဆိုတဲ့ မမက မကျေမနပ်ဟန်နဲ့



"တို့ကိုတော့ အရင်သတင်းမပို့ဘူးပေါ့"

တင်မောင်ဦးက မမ ဆိုတဲ့ မမရဲ့စကားကြောင့် သဘောကျစွာ ရယ်ရင်း

"ဌာနပြီးတော့ မမဆီ အရင်လာတာပဲလေ မမ ချာတိတ်တွေကို ကျွန်တော်ကားနောက်ခန်းမှာ မမအတွက် ဝယ်လာတဲ့ မန္တလေးလက်ဆောင် ဖျဉ်းတွေ သွားသယ်ခိုင်းလိုက် သော့မခတ်ထားဘူး"

"မင်းက ဒါမျိုးတော့ သိတတ်သား၊ ကဲပါ နောက်မှ၊ ညီ့သည် ဒါ ပါလာတာကို"

အခြေအနေတွေက တော်ရုံတန်ရုံ မဟုတ်။ ဆက်ရက်တောင်ပံ ကျိုးနဲ့ကြောင်ခံတွင်းပျက်ဆိုတဲ့ ဇာတ်လမ်း။ မမ ဆိုတဲ့ အစ်မကြီး ခက်ဆစ် ကို နှုတ်ဆက်စကားဆိုပြီး ထွက်သွားတော့ –

"ဟော့ကောင်၊ ဘာလဲ"

တင်မောင်ဦးက သူ့စကားကို သဘောပေါက်ကာ –

"ဟဲဟဲ..ဖူးစာဆိုတာ မင်းတို့လိုပဲလေ..ရန်ကုန်နဲ့မန္တလေး ဒီလို ပေါ့ကွ..အလာများတော့ တစ်ခါ မှားတယ်၊ ဒါပေမယ့်..တစ်သက်လုံး အတွက်"

သူ့သတင်းတောင် မန္တလေးမှာ ပျံ့နေပြီကိုး။

"မင်းနဲ့လင်းခက်သတင်းလည်း မန္တလေးက ဟိုကောင်တွေပြော လို့ သိပြီးပါပြီကွ"

"ဟ..မြန်လှချည်လားကွ၊ မင်းက ရဲအတော်ပီသတဲ့ကောင်၊ ဒါ နဲ့ ဟိုတစ်ခါ မန္တလေးလာတော့ မင်းက နယ်မှာဆို၊ အောင်မိုးပြောတာပဲ"

တင်မောင်ဦးက ခေါင်းညိတ်ရင်း

"ဟုတ်တယ်၊ အဲဒီတုန်းက ငါက မူဆယ်မှာ တာဝန်ကျနေတာ၊ ကေ့စ်တစ်ခုနဲ့ မန္တလေးကို ခဏ ပြန်ပြောင်း၊ ပြီးတော့ ရန်ကုန်နဲ့မန္တလေး ကို တောက်လျှောက်သွားနေရတာ"

ကျွန်တော် တင်မောင်ဦးနဲ့တွေ့တုန်း ကြွက်ရုပ်ပြဿနာကို သတိ ရမိတာကြောင့် မန္တလေးက အပြန် ကလေးနဲ့စတွေ့ပုံကစပြီး အခုအချိန် ပြဿနာအ သိ ဂယနတာရှင်းပြတော့ တင်မောင်ဦး အံ့သြသွားဟန်နဲ့

"ဩော်..ကလေးကိုခေါ်သွားတာ မင်းကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်..ဘယ်လို၊ မင်း သိတယ်"

ထမင်းဟင်းတွေ လာချပေးတာကြောင့် စကားဝိုင်းက ခေတ္တခဏ ရပ်တန့်သွားပါသည်။

စားပွဲထိုးလေးတွေက လိုလေသေး မရှိ။ တင်မောင်ဦး မျက်နှာကြောင့်လည်း ပါ ပါတယ်။ တင်မောင်ဦးက အနားမှာရပ်နေတဲ့ ချာတိတ်ကို -

"အေး ညီလေး လိုမှ လှမ်းခေါ်လိုက်မယ်လေ"

"ဩော်..ဟုတ် အစ်ကို"

"သိဆို အဲဒီအမှုက ငါလိုက်နေတဲ့ အမှုကွ။ ဒါဆို ကြွက်ရုပ်ထဲမှာ သူတို့က ပတ္တမြားကို ထည့်သွားတာပေါ့"

"ဘာ ပတ္တမြား။ ဟုတ်လား တင်မောင်ဦး"

"အေး ဟုတ်တယ်..ခက်ဆစ်။ အဲဒီ ပတ္တမြားရဲ့တန်ဖိုးက သိန်းပေါင်း အဆများစွာရှိတယ်။ တန်ဖိုးကို သေချာတွက်ကြည့်ရင် မင်း မျက်လုံးပြူးသွားမယ်"

ခက်ဆစ် ပါးစပ်အဟောင်းသား။

"ဒီပတ္တမြားက တော်တော်ရှုပ်တယ်ကွ သမိုင်းကြောင်းရာဇဝင် ရှိတယ်ဆိုပါတော့။ ဒါဆို ဒီပတ္တမြားက ကြွက်ရုပ်ထဲမှာ မရှိဘူးပေါ့"

"အေး ဟုတ်တယ်ကွ မရှိတာတော့သေချာတယ်။ ဟိုအခြောက်ကြီး ငါတို့မတွေ့ဘူးထင်ပြီး ဖွင့်ကြည့်ပြီးပြီ"

"မန္တလေးမှာ ဆွာမိဆိုတဲ့ တရုပ်ရဲ့တပည့် ကျင်ဝမ်ဆိုတဲ့ ကုလားကို ငါတို့ဖမ်းမိတယ်။ ဒါပေမယ့် ရန်ကုန်အခြေစိုက် မယ်ဝဏ္ဏဆိုတဲ့ ထက်ကက ပတ္တမြားနဲ့အတူ လွတ်သွားတယ်။ ကြည့်ရတာ ငါတို့ ကျင်ဝမ်ကို ဖမ်းမိတာ ဒီကောင်ရိပ်မိပြီး ကလေးနဲ့ကြွက်ရုပ်ကို ကားပေါ်တင်ပေးလိုက်တာ နေမှာ ရန်ကုန်ရောက်ရင် ပြန်ခေါ်မယ်ဆိုတဲ့အကြံနဲ့ပေါ့။ ဒါပေမယ့် အခု အစဉ်က လွဲပြီး ကလေးက မင်းဆီရောက်တာနေမှာကွ"

တင်မောင်ဦးပြောတဲ့ စကားတွေက ဖြစ်နိုင်ချေများသည်။

"ငါတို့ ဘာဆက်လုပ်ရမလဲ တင်မောင်ဦး"

တင်မောင်ဦးက လိပ်စာကဒ်တစ်ခုကိုထုတ်ပေးပြီး

"အရေးအကြောင်းဆိုရင် ငါ့ဖုန်းကို ဆက်လိုက် ငါ့ဖုန်းဆက်မရရင် ရုံးဖုန်းဆက်လိုက်၊ ရုံးဖုန်းလည်း အဲဒီမှာပါတယ်။ ပြီးတော့ ညီလည်း ဒါပြောထားလိုက်မယ်"



"ကျေးဇူးပဲကွာ သူငယ်ချင်း"

"ငါက မင်းကို ကျေးဇူးပြန်တင်ရမှာကွ ငါလိုက်နေတဲ့ အမှုလေးမင်းကြောင့် သဲလွန်စ ပြန်ရတာကွ"

"အဲဒါဆိုရင် ငါ...ပတ္တမြားကို အိမ်ထဲမှာ ပိုက်စိပ်တိုက်ရှာရမှာပေါ့"

"အေးပေါ့ဟ ငါပြောမယ် မင်းလိပ်စာပေးထား"

ခက်ဆစ် သူ့အိမ်နံပါတ်၊ လိပ်စာ၊ လမ်းအမည် အကုန်ပြောပြထားတော့ တင်မောင်ဦးက

"ကောင်းပြီ။ မင်းအိမ်ရှေ့မှာ အမြဲ ငါ့တပည့် တစ်ယောက်နှစ်ယောက် တစ်လှည့်စီလှူပြောင်းပြီး ပုံစံမျိုးစုံနဲ့ရှိနေလိမ့်မယ်။ မင်းက ပတ္တမြားကို ရအောင်ရှာ၊ ဟိုလူတွေ သေချာပေါက် မင်းတို့ကို စောင့်ကြည့်နေမှာပဲ။ ပြီးတော့ သူတို့လဲ အဲဒီပတ္တမြားကို ရဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေမှာပဲ ခက်ဆစ်"

ခက်ဆစ်လည်း အဲဒီအတွေးကို တွေးမိပါသည်။ သူတို့ ပတ္တမြားအကြောင်းကိုဆွေးနွေးပြီးတော့ ထမင်းစားကြပါသည်။

တင်မောင်ဦး ပြော တဲ့အတိုင်း ဟင်းချက်အလွန်ကောင်းတဲ့ဆိုင်ပါ။

တင်မောင်ဦးအတွက်တော့ ဟိုသီချင်းလေးလို ..ဒီတို့ဟူးက နွေးလို့လား..ဆိုင်ရှင်သူလေးပဲ...

♛ ♛ ♛

"ဟုတ်လို့လား ခက်ဆစ်ရယ်၊ မယ်မယ့်ပုံစံက အဲဒီပုံစံမျိုးမပေါက်ပါဘူး"

ခက်ဆစ် ဆရာကြီးမယ်ဝဏ္ဏနဲ့ပတ်သက်တဲ့သတင်းကို ပြောပြတော့ လင်းခက် ယုံရခက်ဖြစ်နေသည်။

"ဟုတ်ပါတယ် လင်းခက်ရယ်..ကိုယ် လိမ်ပါ့မလား။ ထင်ခက်ကို ဟိုကမှာပေးတဲ့ ပစ္စည်းတွေဆိုတာက သူ့ပိုက်ဆံနဲ့သူ အရင်းနဲ့တူခိုင်းဝယ်ပြီး လင်းခက်ကို ပေးတာ"

"ဘုရားရေ...အဲဒီလို"

www.burmeseclassic.com

www.burmeseclassic.com



လင်းခက် ဘုရားတ,မိပါသည်။ သူမ စိတ်ထဲမှာ မယ်ဝဏ္ဏပုံစံကြီး ပျော်ပျော်နေတတ်တဲ့ စီးပွားရေးသမားအခြောက်ကြီးပေါ့။ တော်သေးတာပေါ့၊ နောက်ကျောကို ဟိုဟာနဲ့မထိုးလို့ (ခားနဲ့)။

''ဒါ. .ဒါဆို တင်မောင်ဦးတို့ အလိုရှိနေတဲ့ ဂိုဏ်းခေါင်းဆောင်ကြီးက မယ်ဝဏ္ဏပေါ့''

''ဒါပေါ့ လင်းခက်ရ. . .တင်မောင်ဦးတို့က လက်ဆုပ်လက်ကိုင်မပြနိုင်လို့''

''ဘာကိုလဲဟင်''

လင်းခက် အသံတုန်တုန်နဲ့မေးတော့ ခက်ဆစ်က ကမန်းကတန်းဖြေရပါသည်။

''ဟို လက်ပူးလက်ကြပ်ပြောတာ သက်သေခံပစ္စည်းနဲ့ ဟဲဟဲ''

အဲဒီအခါမှ လင်းခက် ခက်ဆစ်ကိုမျက်စောင်းထိုးမိပါသည်။

အဲဒီ ခက်ဆစ်ဟာလေ လူကို အလန့်တကြား ဖြစ်အောင် သိပ်လုပ်တာ။

''လင်းခက် မယ်ဝဏ္ဏကြီးကို အချိုသပ်ပြီး ဆက်ဆံနေ''

လင်းခက် ခက်ဆစ်စကားကြောင့် ကြောက်လန့်ဟန်နဲ့

''ဟာ. . .ဖြစ်မယ်မထင်ဘူး သူက လူဆိုးကြီးဆို''

ခက်ဆစ် လင်းခက်လန့်နေပုံကြောင့်

''ဘာမှမဖြစ်ပါဘူး လင်းခက်ရယ်၊ မယ်ဝဏ္ဏကြီးလဲ မရိပ်မိသေးဘူးဆိုတော့ အချိုသပ်နေလိုက်''

''အချိုသပ်နေဆိုတော့ အဲဒီအခြောက်ကြီးကို သကြားလုံးကျွေးရမှာပေါ့''

လင်းခက်က မထိတထိစတော့ သူ မချင့်မရဲဖြစ်ကာ

''ကောင်မလေး အိမ်မှာ ဘယ်သူမှရှိတာမဟုတ်ဘူးနော် ဆွဲဖက်ပြီး နမ်းပစ်လိုက်ရ''

ခက်ဆစ် အံကြိတ်ပြီးပြောတော့ လင်းခက်မျက်နှာအရဲသားနဲ့

''ခက်ဆစ်နော်. .လင်းခက် စိတ်ဆိုးမှာနော်''

လင်းခက် နှုတ်ခမ်းလေးက ထော်ထော်။

''စိတ်ဆိုးနေတဲ့ အဲဒီနှုတ်ခမ်းကို''



ခက်ဆစ် လင်းခက်ကိုမချင့်မရဲဖက်လိုက်တော့ လင်းခက်က သူ့ရင်အုံကိုထုပြီး

''ခက်ဆစ်နော် လင်းခက် ပြန်တော့မယ်''

''မပြန်ပါနဲ့ လင်းခက်ရယ်၊ အခုလို အေးအေးဆေးဆေး တွေ့ဖို့ဆိုတာ မလွယ်မှ မလွယ်တာနော် လင်းခက်''

''အဲဒါဆို ငြိမ်ငြိမ်နေ သတိ''

''ဟုတ်''

ခက်ဆစ်ပုံစံကြောင့် လင်းခက်ရယ်ချင်မိပါသည်။

ခက်ဆစ် လင်းခက်ကို သူ့ရင်ခွင်ထဲဆွဲသွင်းတော့ ကလေးမက အလိုက်သင့်လေးမှီသည်။

''လင်းခက်''

''ရှင်''

''ကိုယ်တို့ လက်ထပ်ရအောင်ကွာ''

''အင်း''

''ပြီးရင် သားသားမီးမီးတွေမွေးမယ်''

''အင်း-ဟာ. .ခက်ဆစ် တော်တော်ယုတ်မာတာပဲကွာ''

လင်းခက် ရှက်ရှက်နဲ့ ခက်ဆစ်ကို သူမလက်သီးနုနုလေးတွေနဲ့ ထုတော့ ခက်ဆစ် တဟားဟား။

''အဟမ်း ဟမ်း''

ချောင်းသံပေးပြီး ဝင်လာသူတွေက လင်းမြင့်အောင်။ လင်းမြင့်အောင်လက်ထဲမှာ မုန့်တစ်ထုပ်နဲ့ရာဇဝင်။

ရာဇဝင်ကို လင်းခက်က လက်ပြောင်းလွှဲ ချီပါသည်။ လင်းမြင့်အောင်၊ သီတာနဲ့ မိုးဇော် မျက်နှာက ပြုံးစေ့စေ့။

ခက်ဆစ် မသက်သာဟန်နဲ့

''ဟေ့ကောင်တွေ မင်းတို့ရောက်နေတာ ကြာပြီလား''

မိုးဇော်က တဟီဟီနဲ့

''ဟီဟီ. .ဟို. .ကောင်မလေး အိမ်မှာ ဘယ်သူမှမရှိဘူး ဆိုကတည်းက ရောက်နေတာ''

''ဟာ''

www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်နဲ့ လင်းခက် သားပါးကိုနမ်းပြီး မျက်နှာကို ဝှက်ထား တဟားဟားနဲ့ရယ်သံတွေ ဆူညံသွားပါသည်။

♛ ♛ ♛

"ကတုံး ပေါ် ထိပ်ကွက်"

ဆရာကြီးမယ်ဝဏ္ဏ တိုက်ထဲက ထွက်လာပြီး ခြံထဲမှာ ရပ်စကား ပြောနေတဲ့ ကတုံးပေါ်ထိပ်ကွက်တို့သုံးယောက်ကို ဆရာကြီးအိုက်တင်နဲ့ ခပ်မာမာလှမ်းခေါ်တော့ ကတုံးက လှည့်မကြည့်ဘဲ -

"ဘာလဲကွ..ပြောစရာရှိရင် ဒီကိုလာခဲ့"

"ဘာ"

မယ်ဝဏ္ဏကြီး ကတုံးစကားကြောင့် ဒေါပွကာ လှမ်းအော်တော့ ကတုံး ကမန်းကတန်းလှည့်ကြည့်ပြီး ပျာပျာသလဲနဲ့ လက်အုပ်လေးချီကာ

"ဟို...ဆရာကြီးမှန်း မသိလို့ ဆရာကြီး"

"မင်းက ဘယ်သူထင်လို့လဲ ကတုံးရဲ့"

ပေါ်ကြီးစကားကြောင့် ကတုံးယောင်ပြီး

"အခြောက်ကြီးထင်တာ"

"ဘာ...ကဲဟာ"

ဆရာကြီးလက်ထဲက လက်ကိုင်တုတ်က ကတုံးတို့ သုံးယောက် ခေါင်းပေါ် တစ်လှည့်စီကျလာတော့ ထိပ်ကွက်က -

"အနော်လဲ မပြောဘဲနဲ့ အရိုက်ခံရတယ်...ဆရာကြီး [illegible] မတရားဘူး"

ထိပ်ကွက်စကားကြောင့် သမာဓိကျလှတဲ့ ဆရာကြီးက မျက်နှာ ငယ်လေးနဲ့ -

"တိတ်...တိတ်...မကျေနပ်ရင် ပြန်ရိုက်"

ထိပ်ကွက်က ဘာမပြောညာမပြောနဲ့ ဆရာကြီးတုတ်ကို ယူ ဆရာကြီးခေါင်းကို ပြန်ရိုက်တော့ ဆရာကြီးက သူ့ခေါင်းကို သူပွတ်ရင်း

"ကျေပြီ၊ ကဲ..ငါ့စကားကို သေချာနားထောင်"

"ဟုတ်"

သုံးယောက် တစ်ပြိုင်နက်တည်း 'ဟုတ်'လိုက်တော့ ဆရာကြီး ကျေနပ်သွားပါသည်။



"မင်းတို့ကို ငါ ခိုင်းစရာရှိတယ်"

"ခိုင်းပါ ဆရာကြီး"

ကတုံးစကားကြောင့် မယ်ဝဏ္ဏကြီး ကျေနပ်သွားပါသည်။

"အခုတစ်ခါကိစ္စမှာ ခတ်ပြားနဲ့ မတိုင်ပင်တော့ဘူး...မင်းတို့ သုံးယောက် သေသေချာချာလုပ်"

"ဘယ်သူ့ကိုလဲဟင်"

ပေါ်ကြီးက တံတွေးမျိုပြီး ပြောတော့ မယ်ဝဏ္ဏကြီး တွန့်သွားပါသည်။

"ဟော့ကောင်တွေ...ဘာစကားပြောတာလဲ။ ငါပြောတာ ရာဇဝင်ဆိုတဲ့ကလေးကို ရအောင်ခေါ်ခဲ့၊ ပြီးရင် ဒီစာကို ထားခဲ့"

စာကို ထိပ်ကွက်က လှမ်းယူပြီး စာအိတ်ကိုကြည့်ကာ -

"စာများ ဆရာကြီးရယ်၊ စာတိုက်က ပေးလိုက် ရတာပဲဟာ"

"အေးကွ၊ ဒါလေးတောင် မသိဘူး"

"ဟုတ်ပါ့ကွာ"

ဆရာကြီးရဲ့ကြိမ်လုံးက ဒီတစ်ခါလည်း သုံးယောက်စလုံး ခေါင်းပေါ်။ ထိပ်ကွက်က ဘာမှပြောမရ။ ဒီတစ်ခါ သူလည်း အာချောင်မိတာကိုး။

"ငါ့စကား ဆုံးအောင် နားထောင်။ ကလေးကို ရအောင်ခေါ်ခဲ့၊ စာကိုထားခဲ့"

ကတုံးက နားမရှင်းတာကြောင့် -

"ကျွန်တော်တို့လိုချင်တာ ပတ္တမြားကြီးလေ ဆရာကြီး၊ ကလေးက ခတ်ပြားရဲ့ကလေးပဲဟာ"

ဆရာကြီးက ကတုံးစကားကြောင့် တဟင်းဟင်းနဲ့ အခြောက်ဆန်ဆန်ရယ်ပြီး -

"အဲဒါပဲ...ဆရာကြီးလုပ်ချင်ရင် ဆရာကြီးလိုခြောက်ပေ့ါ၊ အဲလေ...တွေးပေ့ါ"

မယ်ဝဏ္ဏကြီးစကားကြောင့် ဟိုသုံးကောင်က မဲ့သည်။

"ဒီလို ဒီလိုရှိတယ် တပည့်တို့၊ ရာဇဝင်ဆိုတဲ့ ဒီကလေးကို သူတို့အားလုံး သည်းသည်းလှုပ်ချစ်နေကြတာ ငါ့မျက်မြင်ပဲလေ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်တုန်း"

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ကွက်စကားကြောင့် ဆရာကြီးက ကျေကျေနပ်နပ်ပြုံးရင်း

"ငါတို့ လူဆိုးလောကမှာ စကားပုံရှိတယ်"

မယ်ဝဏ္ဏကြီးစကားကြောင့် ကတုံးက လော်ကွတ်ချော်ပြီး -

"သေရဲရင် ခံရဲရမယ်စကားလား"

"ဟင့်အင်း၊ ဖင်မနိုင်ဘဲ ပဲကြီးဟင်း မစားနဲ့တဲ့"

ဘာမှလည်း မဆိုင်ပါ။ ကြားလည်း မကြားဖူးပါ။ ထပ်ပြော သူတို့ခေါင်းတွေ အရိုက်ခံရမှာစိုးတာကြောင့် ငြိမ်နေလိုက်ပါသည်။

"အမေရိကန်လူဆိုးလောကမှာ စကားပုံရှိတယ်"

"ပြောစမ်းပါဦး"

ထိပ်ကွက်က ခပ်ငေါ့ငေါ့ပြောတော့ ဆရာကြီးဖြစ်တဲ့ အခြော ကြီးက ဒီလိုပြောပါသည်။

"ငါ့မြင်း ငါစိုင်း၊ စစ်ကိုင်းရောက်ရောက် တဲ့"

မယ်ဝဏ္ဏစကားကြောင့် ပေါ်ကြီးက အပြင်းအထန် ကန့်ကွ သည်။

"ဟာ...မဖြစ်နိုင်ပါဘူး၊ ဒီစကားက မြန်မာစကားပုံပဲဟာ"

ပေါ်ကြီးစကားကို မယ်ဝဏ္ဏကြီးက ဤလိုတုံ့ပြန်ပါသည်။

"ဟဲ့ - ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ငါ 5 Movie တို့၊ စကိုင်း တို့မှာ အမေရိကန်ကားတွေ ကြည့်တော့ အဲဒီလို ဘာသာပြန်ထား တရုတ်အက်ရှင်ကားမှာဆိုရင် ဘာတဲ့-'မုန့်ဆီကြော်က ဘယ်နေမှ နှုတ်ခမ်းနာနဲ့တည့်ပါလား'တဲ့ ကဲ..."

ကတုံးပေါ် ထိပ်ကွက်တို့ သူတို့ဆရာကြီးပြောတော့လည်း နေသောကြောင့် ဟုတ်တယ်ပဲ ထားလိုက်ပါတော့သည်။

"အဲဒီတော့ ကလေးကို သူတို့မသိအောင် ခေါ်လာခဲ့၊ ပြီး စာကို ထားခဲ့၊ စာထဲမှာ ပတ္တမြားကြီးနဲ့ကလေးကိုလဲဖို့ ရေးထားတယ်"

"ဘယ်မှာ လဲမှာလဲ၊ ရွှေနေခေါ်ပေးရဦးမှာလား"

ပေါ်ကြီးစကားကြောင့် မယ်ဝဏ္ဏ မျက်နှာရှုံ့မဲ့ကာ -

"ဒုစရိုက်လုပ်နေတာဟဲ့၊ နင့်အမေ့လင်ရှေ့နေ ခေါ်ရမလား"

"ဟို...ကျွန်တော့်အမေ့လင်က ရှေ့နေ မဟုတ်ဘူး၊ ရောင်းတာ"



ပေါ်ကြီးက အတွန့်တက်နေတော့ မယ်ဝဏ္ဏကြီး မခံနိုင်တော့။ (နားငြီးတာကို ပြောပါသည်။)

"ကဲ..သွားကြပါတော့၊ ကိစ္စကို ဖြစ်မြောက်အောင် လုပ်ခဲ့"

မယ်ဝဏ္ဏကြီးစကားကြောင့် ကတုံးက လူမိုက်ဆန်ဆန် မျက်လုံး ခပ်မှေးမှေးနဲ့ ပြုံးလိုက်ပြီး -

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့ ဖင်မနိုင်ဘဲ ပဲကြီးဟင်းမစား ပါဘူး၊ လာ..သွားကြမယ်"

"အိုကေ"

ဒီသုံးကောင် ထွက်သွားတော့ မယ်ဝဏ္ဏကြီး အကျေနပ်ကြီး ကျေ နပ်သွားပါသည်။ ပြီးတော့ သူ စဉ်းစားပါသည်။ ပွဲက စကြမ်းတော့မယ့်ပွဲ၊ လူဆိုးဂိုဏ်းစတားဆန်ဆန် နေရတော့မယ့် အချိန်။ မယ်ဝဏ္ဏ ဆိုတာက လူဆိုးလောကမှာ နာမည်သုံးလုံးနဲ့နေတာ။ အဲဒီတော့ ဂိုဏ်းစတားပီပီ နေ ဖြို့ ရေမိုးချိုး သန့်စင်ပြီး သနပ်ခါးပါးကွက်ကျားနဲ့ လောင်းကုတ်ကြီး ဝတ် ပြထားမှ တော်ရုံကျမည်။

အဲဒီတော့ သူ့အလုပ်က ပထမဦးဆုံး ရေမိုးချိုးဖို့ပေါ့။

* * *

မယ်ဝဏ္ဏကြီး ပါးကွက်ကျားကို မှန်ထဲမှာ စိမ်ပြေနပြေ ညီ မညီ ကြည့်ရင်း လုံချည်ရင်လျားကြီးနဲ့ အဝတ်လဲဖို့အထမှာ -

"ဒေါက်...ဒေါက်"

တံခါးခေါက်သံကြောင့် သူမ မဟုတ်တဲ့ သူထီးကြီးက လန့်ဖျပ် သွားပါသည်။ လူဆိုးဖြစ်ပေမယ့် လန့်တာက လန့်တာပဲလေ။

"ဟဲ့ - ဘယ်သူလဲ"

"ဓာတ်ပြားပါ၊ မယ်မယ်"

ဓာတ်ပြားဆိုတော့ ရင်လေးတာတွေက ရင်အေးဘက်ကို ပြောင်း သွားပါတယ်။ မယ်ဝဏ္ဏကြီး တံခါးဖွင့်ပေးရင်း

"ဟဲ့ - ဘာတွေအရေးကြီးလို့လဲ၊ မင်းနော် လူဆိုး"

ဓာတ်ပြား မယ်ဝဏ္ဏကြီးကိုကြည့်ပြီး ရယ်ချင်သွားပါတယ်။ လူဆိုး ဖြစ်ပြီး ပါးကွက်ကျားကြီးနှစ်ဖက်နဲ့ဆိုတော့ ...

"မယ်မယ်၊ ဟိုကောင်တွေရော"

www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့ ကိစ္စတွေ အပြတ်ရှင်းဖို့ ကလေးကို သွားခိုးခိုင်းလိုက်တယ်လေ''

''ဘာ''

''ဟဲ့-လန့်လိုက်တာဟယ်၊ နင်လည်း နင့်ကလေးနဲ့ပြန်နေရတော့မှာပဲဟာ၊ ဘာတွေဖြစ်နေတာတုန်း''

''ဟာ..မဟုတ်သေးပါဘူး၊ ဒီကိစ္စက ဒီလိုလုပ်လို့မရဘူးလေ''

ခတ်ပြား အကြောက်အကန် ငြင်းဆန်မိပါသည်။ သားကို ဒု [illegible] ခေါ်ထားလို့မဖြစ်။ သားက ခက်ဆစ်တို့နဲ့နေမှ လူကောင်းသူကောင်းတစ်ယောက် ဖြစ်လာမှာ။

မယ်ဝဏ္ဏကြီး ခတ်ပြားရဲ့အမူအရာပျက်နေပုံကြောင့် မသ [illegible] တော့။

''ခတ်ပြား၊ နင့်ပုံစံ မှုမမှန်ဘူးနော်၊ နင်..ဘာလဲ၊ ငါ့ကို သစ္စာဖောက်ဖို့ ကြံစားနေပြီလား''

ခတ်ပြား သားအတွက် စိုးရိမ်ပူပန်သွားကာ –

''ထင်ချင်သလိုသာ ထင်တော့ဗျာ''

ပြောပြီး...လှည့်ထွက်မယ်လုပ်တော့ ခတ်ပြားရဲ့လက်ကို မယ်ဝဏ္ဏကြီးက လှမ်းဆွဲကာ –

''ဟဲ့ – နင် ဘယ်သွားမလို့တုန်း''

''ဘယ်သွားသွား၊ ခင်ဗျားကိစ္စလား''

''အို..နင်သွားလို့မဖြစ်ဘူးနော်၊ ငါ့အစီအစဉ်တွေ ပျက်ကုန်မယ်''

''ခင်ဗျား...လွှတ်''

''မလွှတ်ဘူး၊ ခတ်ပြား..နင် ငါ့ကို ခင်ဗျားတွေဘာတွေနဲ့ [illegible] ...နင်...''

ခတ်ပြား စိတ်တိုတိုနဲ့ မယ်ဝဏ္ဏကြီးကို ဆောင့်တွန်းလိုက်သော [illegible]

''အမယ်လေး...တော်...သေပါပြီတော့''

မယ်ဝဏ္ဏကြီးတစ်ယောက် ဖင်ထိုင်လျက်လဲကျသွားပါသည်။

ခတ်ပြား ကမန်းကတန်း အပြင်ကိုထွက်ကာ သူမောင်း [illegible] တက္ကစီကားနဲ့ အမြန်ဆုံး ခက်ဆစ်တို့အိမ်ရှိရာဆီ လာခဲ့ပါသည်။

အဲဒီအချိန်မှာ ထိပ်ကွက်နဲ့ပေါ်ကြီးက ခက်ဆစ်တို့အိမ်ရဲ့ [illegible] မကာမ်းမှာပေါ့။ ကတုံးက စာအိတ်ကို ကိုင်ကာ ခက်ဆစ်တို့ အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အကြံထုတ်နေပါသည်။

ကလေးကို သူတို့ နည်းအမျိုးမျိုးနဲ့ကြိုးစားပြီး ခိုးပေမယ့် ဘယ်လိုမှ အဆင်မပြေခဲ့၊ ကလေးဘုန်းကံပဲ ကြီးလို့လား၊ သူတို့ပဲ အသုံးမကျလို့လားတော့ မသိ။ ဒီတစ်ခေါက် ဘယ်လိုဗျူဟာတွေသုံးပြီး ဒီကလေးကိုခေါ်ရမလဲ စဉ်းစားနေမိသည်။

တွေ့တာနဲ့ ဘယ်သူမြင်မြင် မမြင်မြင် ကလေးကိုလုပြီး ကားပေါ်ခွတ်တင်ပြေးတာ ကောင်းမည်။ အထုအထောင်းတော့ နည်းနည်း ခံရမှာပေါ့။

''ဒီမှာ...ဒီမှာ''

ခေါ်သံကြောင့် တွေးမိတွေးရာ တွေးနေရာမှ..လှည့်ကြည့်တော့ ကလေးကိုချီထားတဲ့ ဟို..လင်းမြင့်အောင်ဆိုတဲ့ပုဂ္ဂိုလ်။ လက်ထဲမှာ အမှိုက်အိတ်ကြီးနဲ့၊ လက်တစ်ဖက်က ကလေး။

လင်းမြင့်အောင်က ကတုံးကို မျက်နှာချိုသွေးပြီး

''ဟိုလေ..ကလေး ခဏချီထားပေးပါလား၊ ဟိုနား အမှိုက်ကန်မှာ အမှိုက်သွားပစ်မလို့''

''ဗျာ''

သူ ယောင်ယမ်းလန့်ဖျပ်ပြီး ပြောမိတော့ လင်းမြင့်အောင်က

''ဟို...မကူညီချင်လို့လား''

''ဟာ..မဟုတ်ဘူး၊ ကျွန်တော်က သိပ်ကူညီတတ်တာ...ဒါနဲ့မလေးဘူးဆိုရင် ဒီစာအိတ်လေး ခင်ဗျားအိတ်ထဲ ထည့်ထားပါလား''

ကတုံးက ကလေးကိုလှမ်းချီပြီး စာအိတ်ကို လင်းမြင့်အောင်ကိုပေးသည်။ လင်းမြင့်အောင်က စာအိတ်ကိုကြည့်ကာ –

''ဘာစာမို့လို့လဲဗျ''

''စာဘုန်းကြီး..အဲဗျာ...ဟို...ဘုန်းကြီးစာ''

လင်းမြင့်အောင်က ကတုံးရဲ့စကားကို ဘယ်လို အဓိပ္ပာယ်ပေါက်သွားသည်မသိ။

''ဪ..နယ်က ကျွန်တော်တို့ကိုးကွယ်တဲ့ ဘုန်းကြီးဆီက စာလား၊ ပေးခဲ့ ပေးခဲ့၊ ကျေးဇူးပဲဗျာ..ခဏနော်''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ကြာလည်း ကိစ္စမရှိဘူး"

ကတုံးစကားကြောင့် လင်းမြင့်အောင်က ရယ်ပြီး

"ခင်ဗျားက အတော်နောက်တတ်သလို အတော်သဘောကောင်းတဲ့သူပဲ"

အဲဒီလိုပြောပြီး လင်းမြင့်အောင် ထွက်သွားတော့ ကတုံးက လင်းမြင့်အောင် ခပ်လှမ်းလှမ်းရောက်တဲ့အထိ ကြည့်နေပါသည်။ လွှယ်လောက်တဲ့အနေအထားရောက်ပြီဆိုတာနဲ့ အသင့်စက်နှိုးထားတဲ့ကားကို အချက်ပြတော့ ကားက ကတုံးအနားကိုရောက်လာပြီး တံခါးဖွင့်ပြီးသားအနေအထား

ကတုံး ကားပေါ်တက်ပြီး နောက်ခန်းက ပေါ်ကြီးဆီ ကလေးကို လွှဲပေးလိုက်ပါသည်။

"ဖမ်း"

ထိပ်ကွက် ကားကို အရှိန်နှင့်မောင်းထွက်တော့ ကတုံးက

"ဟော့ကောင် ခုနလူဘေးနားမှာ ခဏလေးရပ်"

"ရက်စ်"

ကားက အမှိုက်ပစ်ဖို့ပြင်နေတဲ့ လင်းမြင့်အောင်ဘေး ဘရိတ်အုပ်ရပ်တော့ –

"ကျွို"

"အမလေးဗျာ..ဟာ..လန့်လိုက်တာဗျာ၊ ဘယ်လဲ"

လင်းမြင့်အောင်က ကတုံးကိုတွေ့တော့ ကလေးကိုချီနိုင်းထားကို မေ့ပြီး နှုတ်ဆက်မိသည်။ ကတုံးကလည်း ရယ်ကျဲကျဲနဲ့

"ဒီနားဟိုနား၊ စာအိတ်ကို ဖောက်ဖတ်ကြည့်နော်"

"စိတ်ချ"

"သွားပြီ"

"သွား..သွား..ဟာ...ကလေး ကလေး"

ကားထွက်သွားတော့မှသတိရကာ ခြေကားယားလက်ကားယားလှမ်းအော်ပေမယ့် ကားက ဟိုးအဝေးကြီးကိုရောက်သွားပါပြီ။

♛ ♛ ♛

"မင်း...တော်တော်အသုံးမကျတဲ့ကောင်ပဲ လင်းမြင့်အောင်တောက်...မင်းကွာ"



ခက်ဆစ် ကလေးပျောက်လို့ လို့ လှမ်းအကြောင်းကြားကတည်းက ဒီကောင်ကို အတော်ဒေါသထွက်နေပါသည်။ မိုးဇော်ကလည်း သူ့လိုပါပဲ။

"ကလေးများ..ကလေးခိုးမယ့်သူလက်ထဲ သွားထည့်ရတယ်လို့ကွာ၊ မင်းလောက်နုံတဲ့ကောင် မတွေ့ဖူးသေးဘူး"

လင်းမြင့်အောင်က မျက်နှာငယ်လေးနဲ့

"ငါလည်း လူဆိုးမှန်း ဘယ်သိပါ့မလဲကွာ...သူက သူ့ကိုယ်သူ လူဆိုးလို့မှပြောမထားတာ"

"ဟာ..ဒီကောင်ကွာ"

ခက်ဆစ် စိတ်ကို ထိန်းလိုက်ရပါသည်။ လင်းခက်နဲ့သီတာတို့ကို ကြည့်တော့လည်း မျက်ရည်နဲ့မျက်ခွက်။

"မငိုပါနဲ့ လင်းခက်ရယ်၊ သားကိုပြန်ရှာတွေ့မှာပါ။ ဒါနဲ့ မင်းကို ပေးထားတဲ့စာအိတ်ရော"

လင်းမြင့်အောင် ပြောပြထားလို့ စာအိတ်ကို သတိရကာ ပြောမိတော့ လင်းမြင့်အောင် ကပျာကယာနဲ့သူ့အိတ်ကပ်ထဲက စာအိတ်ကိုထုတ်ပေးသည်။ မိုးဇော် အလောတကြီးနဲ့

"ခက်ဆစ် အသံထွက်ဖတ်ကွာ"

ခက်ဆစ် ခေါင်းညိတ်ပြပြီး စာအိတ်ကိုဖောက်ကာ စာကိုဖြန့်ပြီး အသံထွက်ဖတ်ပြပါသည်။

သို့ – သက်ဆိုင်ရာများ။

လင်းမြင့်အောင်က ကမန်းကတန်းနဲ့ –

"ဟာ..ဒါ..ရဲကိုပြောတာဖြစ်မယ်၊ ငါတို့ဖတ်လို့မရဘူး"

"ဟာ..ဒီကောင် ခုထိ တုံးနေတုန်း"

မိုးဇော် အမြင်ကပ်ကပ်နဲ့ လင်းမြင့်အောင် ခေါင်းကို ခေါက်တော့ လင်းမြင့်အောင် ရှုံ့မဲ့မဲ့နဲ့ ခေါင်းကိုပွတ်သည်။

"ဆက်ဖတ်ကွာ"

ခက်ဆစ် စာကို ပြန်ဆက်ဖတ်ပြပါသည်။

"သို့ – သက်ဆိုင်ရာများ သိစေရန်၊ မင်းတို့ရဲ့ကလေးနဲ့ပတ္တမြားကြီးကို လဲမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..ပတ္တမြားနဲ့လဲရင် ကလေးပြန်ရမယ်တဲ့၊ တော်သေးတာပေါ့"

လင်းမြင့်အောင်က ခပ်ပေါ့ပေါ့ပြောတော့ မိုးဇော် နောက်တစ်ချက် ခေါင်းခေါက်ကာ

"နေမပေး၊ ပတ္တမြားမပြောနဲ့ သကြားလုံးတောင် ငါတို့ဆီမှာရှိတာ မဟုတ်ဘူး"

"အေးလေ၊ ဘယ်လိုကောင်ကို ရည်းစားတော်မိမှန်း မသိဘူး..တကယ်ပဲ"

သီတာက မျက်ရည်လည်ရွှဲနှင့် ပြောရင်း လင်းမြင့်အောင်ကို ချောင်းထိုးမိပါသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

မိုးဇော် စိုးရိမ်တကြီးနဲ့မေးတော့ ခက်ဆစ် တင်မောင်ဦးပေးထားတဲ့ ဖုန်းနံပါတ်ကို သတိရကာ

"တင်မောင်ဦးကို အကြောင်းကြားရမယ်"

သူတို့ဆွေးနွေးနေစဉ်မှာပဲ သူတို့အိမ်ရှေ့ကို ကားတစ်စီး အရှိန်ဘရိတ်အုပ်လိုက်တဲ့အသံကြောင့် လှမ်းကြည့်တော့ ကားပေါ်က ကမန်းကတန်း ဆင်းလာတဲ့ ကိုခေတ်။

"အတော်ပဲဗျာ လာ..ကိုခေတ်"

ခေတ်ပြား ထိုင်ထိုင်ချင်း အမောတကောမေးမိသည်။

"သား..သားရော၊ ဟိုကောင်တွေ ဖမ်းသွားပြီလား"

"ဗျာ..ခင်ဗျား သိနေတယ်၊ ဟုတ်လား..ခင်ဗျား ဘယ်လို"

ခက်ဆစ်တို့အားလုံး အံ့အားသင့်မိကြသည်။ ခေတ်ပြားက အမှန် အတိုင်းပဲ ဝန်ခံလိုက်ပါတယ်။

"အမှန်အတိုင်းပြောရရင် ကျွန်တော်က လူဆိုးတစ်ယောက်ပါ"

"ဗျာ"

"ဘာ"

ထပ်ပြီး အံ့အားသင့်စရာတွေဖြစ်ကုန်တာပေါ့။

"ထပ်ပြီးပြောရရင် ရာဇဝင်ဟာ ကျွန်တော့်သားအရင်းပါ။ သားရဲ့ နာမည်အရင်းက မိုးသည်းတဲ့"



အားလုံး ပါးစပ်တွေအဟောင်းသား။ ခေတ်ပြားတစ်ယောက် သူ့အတ္ထုပ္ပတ္တိအစအဆုံးနဲ့ ပတ္တမြားကြီးသယ်လာပုံ၊ အဖမ်းအဆီးကြောင့် ရှောင်တိမ်းပုံ၊ သား ခက်ဆစ်ထံရောက်လာပုံတွေ၊ မယ်ဝဏ္ဏကြီးနဲ့သူတို့ ပတ္တမြားကြီးနောက် အသည်းအသန်လိုက်ခဲ့ပုံတွေကို ပြောပြပါသည်။

"ဟာ..မယုံနိုင်စရာပဲဗျာ"

ခေတ်ပြား မျက်နှာငယ်ငယ်နဲ့ အားလုံးကိုကြည့်ပြီး

"ကျွန်တော် တစ်ခုတောင်းပန်ချင်ပါတယ်"

"ဘာများလဲ ကိုခေတ်"

ခက်ဆစ် စကားထောက်ပေးတော့ ကိုခေတ်က သက်ပြင်းချပြီး

"ကျွန်တော် တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို ကြည်ကြည်ဖြူဖြူ လက်ခံမှာပါ။ သားကိုတော့ ခင်ဗျားတို့လက်ထဲ စိတ်ချလက်ချ ထားခဲ့ချင်တယ်"

ကိုခေတ်စကားကြောင့် သူတို့အားလုံး ကိုခေတ်အတွက် စိတ်မကောင်းဖြစ်မိပါသည်။

"စိတ်ချပါ ကိုခေတ်၊ သားက ကျွန်တော့်သားအရင်းမဟုတ်ပေမယ့် ခင်ဗျားထက်မလျော့တဲ့အချစ်နဲ့ ကျွန်တော်တို့ကလည်း ချစ်နေပါတယ်ဗျ"

ခေတ်ပြား စိတ်ကျေနပ်စွာနဲ့ပြုံးရင်း

"ကျွန်တော် ယုံပါတယ်ဗျာ၊ ဒါနဲ့ သူတို့က ဘယ်မှာချိန်းထားတာလဲ"

ကိုခေတ်စကားကြောင့် ခက်ဆစ် မဆုံးသေးတဲ့စာကို ဆက်ဖတ်ပြပါသည်။

"မြို့ပြင်က တိုက်ပျက်ကြီးဆီ လာခဲ့"

"ဟမ်..ဘာလဲဟ"

ခက်ဆစ်လည်း နားမလည်။ လင်းခက်က တွေးတွေးဆဆနဲ့

"မြို့ပြင်ဆိုတာ ဘယ်မြို့ပြင်လဲ။ ကွမ်းခြံကုန်းဘက်အတွက် မြို့ပြင်လား၊ ပဲခူးဘက်အတွက် မြို့ပြင်လား၊ ဒါမှမဟုတ် ပုသိမ်ဘက်အတွက် မြို့ပြင်လား၊ မြို့ပြင်တွေက အများကြီး၊ ပြီးတော့ တိုက်ပျက်တွေကလည်း အများကြီး"

ခေတ်ပြား သိလိုက်ပါသည်။ ဒါ..ကတုံးတို့သုံးယောက်ရဲ့ မဟာ

www.burmeseclassic.com

www.burmeseclassic.com



အကြံအစည် အတွေးအခေါ်ဆိုတာ။ ဗီဒီယိုကားတွေကြည့်ပြီး ပေါက်တတ်ကရလျှောက်လုပ်တတ်တဲ့ ကောင်တွေလေ။

"ကျွန်တော် သူတို့ဘယ်မှာချိန်းလဲ သိတယ်၊ ကိစ္စမရှိဘူး"

"ဒါဆို ပတ္တမြားကိစ္စကရော၊ သားက ကြွက်ရုပ်ကို တစ်စစီ ဆွဲဖြုတ်ရင် အိမ်ရဲ့တစ်နေရာရာမှာ ကျန်နေလိမ့်မယ်။ ဘယ်လိုရှာမလဲ"

ခတ်ပြား သေသေချာချာ စဉ်းစားရင်း..အိမ်ရဲ့အနေအထားကို ကြည့်ကာ -

"ခင်ဗျားတို့ သားကို အောက်ထပ်မှာပဲ ထားတာနော်"

ခက်ဆစ်က ခေါင်းညိတ်ပြပြီး

"ဟုတ်တယ်၊ အောက်ထပ် ကျွန်တော့်အခန်းမှာပဲ အတူနေ အတူအိပ်တာ ကိုခတ်၊ ဘာဖြစ်လို့လဲ"

"ကိစ္စမရှိဘူး။ ခင်ဗျားအိမ်က မှောင်တယ်၊ လက်နှိပ်ဓာတ်မီးရှိရင် ယူခဲ့ဗျာ"

"မိုးဇော်ရေ"

"အေး"

မိုးဇော် အိမ်မှာရှိတဲ့ လက်နှိပ်ဓာတ်မီးနှစ်လက်ကိုသွားယူပါသည်။ ကိုခတ်က တစ်လက်ယူပြီး တစ်လက်ကို မိုးဇော်ကိုပေးကာ

"မိုးဇော် ခင်ဗျား မီးသွားချလိုက်"

ခက်ဆစ်တို့အိမ်က နေ့ခင်းနေ့လယ်လည်း မီးထွန်းထားရတဲ့အိမ်မို့ မိုးဇော်က မီးသွားချပါသည်။ ချက်ချင်းမှောင်ကျသွားတာမို့ မျက်လုံးကျင့်သားမရဘဲ မှောင်အတိ။ ခဏနေမှ အမှောင်ထဲမှာ ဝေဝေဝါးဝါး မြင်နေရပါသည်။ လက်နှိပ်ဓာတ်မီးတောင် မလိုပါ။

"ပတ်ဝန်းကျင်မှာ ပတ္တမြားရှိ မရှိ ရှာကြဗျာ"

ကိုခတ်ပြောတဲ့ အဓိပ္ပာယ်ကို သူတို့ သဘောပေါက်ပါပြီ။ နောက်ဆုံး အိမ်ရှေ့ခန်းရှာပြီး ခက်ဆစ်အခန်းထဲကို ပိုက်စိပ်တိုက်ရှာတော့ -

"ဟာ...ဟိုမှာ"

သီတာက ပတ္တမြားကို အရင်ဆုံးတွေ့တာပါ။ ပတ္တမြားက ခက်ဆစ်ခုတင်ခြေရင်းတိုင်ရဲ့ထောင့်မှာ ပီကေတွေနဲ့ကပ်နေပါသည်။

ပတ္တမြားရဲ့အရည်အသွေးက ကြောက်ခမန်းလိလိ။ အမှောင်ထဲမှာ



တောက်ပနေတဲ့ အရည်အသွေးက မီးတောက်မီးစတစ်ခုလိုပါပဲ။ ခက်ဆစ် သိလိုက်ပါသည်။

"ဟိုတစ်ခါ သားချောင်းဆိုးတာ၊ မိုးဇော် မင်း..သားကို ပီကေတွေ ခိုးကျွေးတာ မဟုတ်လား"

မိုးဇော် ရယ်ကျဲကျဲနဲ့ သူ့အပြစ်ကို သူသိပုံရသည်။

"ဟီး..ဟို..အရမ်းငိုနေတော့ အငိုတိတ်အောင် ကျွေးလိုက်တာ"

သားက ပတ္တမြားနဲ့ဆော့ရင်း ပီကေတွေနဲ့လုံးထွေးကာ ကပ်ထားလိုက်ပုံပေးသည်။ ကိုခတ်က ပတ္တမြားကိုယူပြီး -

"ခက်ဆစ်၊ ခင်ဗျား သက်ဆိုင်ရာကို အကြောင်းကြား (....) အဲဒီကို လိုက်ခဲ့ပါလို့"

"အိုကေ၊ ကိုခတ်"

ခက်ဆစ် တင်မောင်ဦးထံ အကျိုးအကြောင်း ဖုန်းဆက်လိုက်ပါသည်။ ဖုန်းဆက်ပြီးတော့

"ကဲ..ကိုခတ်ရယ် ကျွန်တော်၊ လင်းမြင့်အောင်နဲ့မိုးဇော် သွားမယ်"

"ဟင့်အင်း...လင်းခက်လည်း လိုက်မယ်"

"သီတာလည်း လိုက်မယ်"

ပြောနေတာ ကြာနေမှာစိုးတာကြောင့် ကိုခတ်က

"ခေါ်ခဲ့ဗျာ၊ ဟိုကောင်တွေက ဒီလောက်လည်း မဟုတ်ပါဘူး.. ကျွန်တော်လည်း ပါတာပဲ"

"ကဲ..ကဲ..မြန်မြန်"

သူတို့တစ်အုပ်ကြီး ကားပေါ်အလုအယက်တက်ကြပြီး ခတ်ပြားက ကားကိုမောင်းထွက်လိုက်သည်။

♛ ♛ ♛

အမှန်က တိုက်ပျက်တော့ တိုက်ပျက်။ ဒါပေမယ့် ဆောက်လက်စ ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခု အကြောင်းကြောင်းကြောင့် ရပ်ထားတဲ့နေရာမှာပါ။ မြို့ပြင်မှာလည်း မဟုတ်။ မြို့တွင်းထဲမှာပေါ့။ အဲဒီလောက် အ,လိုက်တဲ့ လူဆိုးတွေလည်း မသိပါ။ ဒီနေရာနဲ့ တစ်မှတ်တိုင်အကျော်လောက်မှာ ရဲစခန်းရှိနေတာလည်း မသိ။

www.burmeseclassic.com



သူတို့ တစ်ထပ်ပြီး တစ်ထပ် တက်လာရင်း . . . ငါးထပ်မြောက် အရောက်မှာ တွေ့ပါပြီ။

လူဆိုးကြီးမယ်ဝဏ္ဏက ပါးကွက်ကျားကြီးနဲ့လောင်းကုတ်ကြီးဝတ်ပြီး သေနတ်တစ်လက်ကို ဟန်ပါပါကိုင်ထားကာ ဟို ကတုံးပေါ်ထိပ်ကွက်တို့က သားကိုကြမ်းပြင်မှာချထားပြီး ဟန်ပါပါနဲ့ခြေခွဲပြီး ဓားကိုယ်စီကိုင်ထားကြပါသည်။

''သြော် . . ငမိုက်သား ခတ်ပြား နင် ငါ့ကိုသစ္စာဖောက်တယ်ပေါ့''

''ဖောက်တယ်ဗျာ၊ ဘာဖြစ်လဲ၊ အရင်ကတည်းက ဖောက်ချင်နေတာ . . ဟင်း . . ဟင်း''

ခတ်ပြားစကားကြောင့် မယ်ဝဏ္ဏကြီး တွန့်သွားပါသည်။

''ခင်ဗျားက ကျုပ်သားကို စာရင်းရှင်းပစ်မယ် ဆိုတော့ ကျုပ်က လုပ်သင့်တာလုပ်ရမှာပေါ့''

ခတ်ပြားစကားကြောင့် မယ်ဝဏ္ဏကြီး ချုံးပွဲချငိုတော့ အားလုံး ကြောင်သွားပါသည်။

ကတုံးက –

''ဆရာကြီး ဘာလို့ငိုတာလဲ''

''ဟဲ့–ငိုမှာပေါ့၊ ငါစာရင်းရှင်းမယ်ဆိုတာ ပတ္တမြားကြီးကို ခွေပြီး ကလေးအတွက် တစ်စု၊ ခတ်ပြားအတွက် တစ်စု၊ နင်တို့သုံးယောက် အတွက် တစ်စုစီ၊ ပြီးရင် ကျန်တဲ့အပိုင်းက ငါယူပြီး အေးရာအေးကြောင်း လုပ်စားတော့မယ်လို့စဉ်းစားထားတာ၊ စာရင်းရှင်းမယ်ဆိုတာ အဲဒါဟဲ့''

''ဗျာ''

သူတို့ဆရာကြီးရဲ့စာရင်းရှင်းမယ်ဆိုတဲ့စကားက ဒါကိုး။

''အခုတော့ နင်က ငါ့ကိုအာခံပြီပေါ့၊ ပေးစမ်း ပတ္တမြား ပတ္တမြားပေးမှ နင့်ကလေးရမယ်''

ခတ်ပြား အိတ်ကပ်ထဲက ပတ္တမြားကိုထုတ်ပြီး

''ရော့''

လှမ်းပစ်ပေးတော့ မယ်ဝဏ္ဏကြီးက လှမ်းဖမ်းကာ တဟဲဟဲ . . . ရယ်ပြီး

''အဲလိုလိမ္မာမှပေါ့ ဟင် . .''



မယ်ဝဏ္ဏကြီး ပတ္တမြားကိုကြည့်လိုက်တော့ ကလေးတွေ စားတဲ့ သကြားလုံးဖြစ်နေတာကြောင့် ရှက်ကိုးရှက်ကန်းနဲ့

''နင် ဘာလုပ်တာလဲ၊ မပေး ပေး . . ပေး၊ ငါ့ပတ္တမြားပေး . . မပေးလို့ကတော့ နင့်သားကို ငါ့လက်ထဲက သေနတ်နဲ့ပစ်သတ်လိုက်မှာနော်''

မယ်ဝဏ္ဏကြီးစကားကြောင့် ခက်ဆစ်တို့ လန့်ဖျပ်ကာ ကိုခတ်ကို လှမ်းပြောရပါသည်။

''ကိုခတ် ပေးလိုက်ဗျာ၊ တော်ကြာ . . သားကို ဒီအခြောက်ကြီး သေနတ်နဲ့ပစ်ရင် ဘယ်လိုလုပ်မလဲ''

ခက်ဆစ်စကားကြောင့် ခတ်ပြား တဟားဟားနဲ့ရယ်ကာ မယ်ဝဏ္ဏကြီးကို အခုလိုလှမ်းပြောပါသည်။

''ပစ်ချင်ပစ်လိုက်ပေါ့၊ ဒီမှာ ဆရာအခြောက်ကြီး''

''ဘာလဲကွ''

''ခင်ဗျား သေနတ်အတုနဲ့ လုပ်စားလာတာ ဘယ်လောက်ကြာပြီလဲ၊ ဟို . . ရွှေဗိုလ်တို့ဂိုဏ်းနဲ့ ပစ္စည်းချင်းလဲတုန်းကလည်း ခင်ဗျားက ဟန်ပြ သေနတ်နဲ့ပစ်ပြ၊ ကျုပ်က အကွယ်ကနေ ပျောက်အိုးဖောက်ပေးရတာလေ ဟား ဟား ဟား ဟား''

ခတ်ပြားစကားကြောင့် မယ်ဝဏ္ဏကြီး မျက်နှာပျက်သွားကာ ပါးစပ်က တတွတ်တွတ်နဲ့

''ခွေးကောင်၊ ငါ့အထုပ်တွေ ဖြည်တဲ့ကောင်။ ကာလနာကောင်။ အုတ်ကြားမြက်ပေါက်ကောင်၊ လောက်အသေပုတ်ကောင်''

အဲဒီလို တတွတ်တွတ် မေတ္တာပို့ပြီးတော့ ခတ်ပြားကို ထပ်ပြောပြန်သည်။

''အေး–သေနတ်ကတော့ ထားလိုက်၊ ကတုံးတို့လက်ထဲမှာ ဓားတွေ ရှိသေးတယ်၊ ပတ္တမြားပေးနော်၊ မပေးလို့ကတော့ ဟွန်း . . ခုတ်လိုက်မှာ''

သူတို့ဆရာကြီးစကားကြောင့် ကတုံးတို့က ဓားတဆဆနဲ့ပေါ့၊ ခတ်ပြားက ထပ်ရယ်ပြန်သည်။

''လုပ်မနေနဲ့ အခြောက်ကြီး၊ ဒီဓားတွေက ရုပ်ရှင်ရိုက်တဲ့ ရွှေတောင် မန်နေဂျာ ကိုကျော်ဆန်းဆီက ငှားလာတဲ့ ဓားအတုတွေပါဗျ''

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မယ်ဝတ္တုကြီး သည်းမခံနိုင်တော့။ လူရှေ့သူရှေ့မှာ သူ့ကို အရှက်ခွဲတဲ့ကောင်၊ တွေ့မယ်။

“ဟာ..ဒီကောင်၊ ငါလာပြီ..ငါ့ကို အရှက်ခွဲတဲ့ကောင်၊ ဟဲ့... သောက်ပလုပ်တုတ်”

“ခွပ်”

“အ”

ဒေါ်ကြီးမောကြီးနဲ့ ရှေ့မကြည့် နောက်မကြည့်ဘဲ ဒေါနဲ့မောနဲ့ အလာ၊ ဆင်ထားတဲ့ သံငြမ်းတစ်ခုပေါင်ကို ပခုံးနဲ့ဝင်အတိုက်၊ အပေါ်ဖျာ ပြားပေါ်မှာတင်ထားတဲ့ အုတ်နီခဲက ပြုတ်အကျ၊ ဆရာကြီး အဲဒီနေရာမှာ တင် ခွေခွေလေး လဲကျသွားပါသည်။

“ဟိတ်ကောင်တွေ..ဟိတ်ကောင်တွေ..မပြေးနဲ့”

အော်ပြီး ဝင်လာသူက တင်မောင်ဦးနဲ့အဖွဲ့။ ထိပ်ကွက်က ဒိုင်း ပါကြီးနဲ့ –

“ပြေးလို့လည်း မရပါဘူးဗျာ၊ ပြေးလည်း အောက်ကို ပြုတ်ကျပြီး သေရုံပဲ ရှိတော့တယ်၊ အမလေး..လူဆိုးလေး တစ်ခါလုပ်မိပါတယ် အဆင်မပြေလိုက်တဲ့ဖြစ်ချင်း”

ခက်ဆစ် သားကိုသွားပွေ့ချီပြီး ခေါ်လာတော့ လင်းခက်က သားကို တရှုံ့ရှုံ့နမ်းပြီး လှမ်းချီထားပါသည်။

“ငါတို့ အချိန်မီပါတယ်နော်”

တင်မောင်ဦးစကားကြောင့် မိုးဇော်က

“ရုပ်ရှင်ထဲက အတိုင်းပဲနော်”

မိုးဇော်စကားကြောင့် ရယ်မိကြပါသည်။

♛ ♛ ♛

အခုတော့ ခက်ရာခက်ဆစ်ရာဇဝင်တစ်ပုဒ်က ပြီးဆုံးခဲ့ပါပြီ။ ကျေနပ်စရာကောင်းတဲ့ အပြုံးတွေနဲ့ လင်းခက်က သားကိုချီထားရင်း သူ့ကို မော့ကြည့်သည်။

“ခက်ဆစ်”

“ဟင်”

လင်းခက်က အပြုံးနဲ့လက်ပြပြီး ရဲကားပေါ်တက်သွားတဲ့ ကိုဓာတ်



ကို ကြည့်ကာ...

“လူဆိုးပဲဖြစ်ဖြစ် လူမိုက်ပဲဖြစ်ဖြစ် အဖေဟာ အဖေစိတ်ဓာတ်ပဲ ထားတတ်ကြတယ်နော်”

ခက်ဆစ် သက်ပြင်းချမိပါသည်။ လူရည်မလည်သေးတဲ့ ကလေးငယ်က တခစ်ခစ်ရယ်နေပါသည်။

ကိုဓာတ်အတွက်တော့ စိတ်မကောင်း။ ပြန်ထွက်လာမယ့်အချိန်ကို သူတို့စောင့်မျှော်ရတော့မှာပေါ့။

“အကြောင်းကြောင်းကြောင့် သူတို့တွေ လူဆိုးဖြစ်နေကြပေမယ့် သူတို့တွေက စိတ်ဓာတ်ကောင်းတဲ့ လူဆိုးတွေပါ”

အိပ်မက်တွေကတော့ လူတိုင်းကိုယ်စီရှိကြမှာပါ။ ကိုယ့်အိပ်မက်က အဖြူရောင်၊ သူ့အိပ်မက်က အညိုရောင်။ အရောင်တစ်မျိုးစီတော့ ရှိနေကြမှာ ကေန်မလွဲပါ။

✿✍✿✍✿

နေကိုလတ်

BURMESE CLASSIC

www.burmeseclassic.com